
www.burmeseclassic.com

တက္ကသိုလ်

# သိဟအောင်

## မရလာလမ်းမှညီနောင်များ




BURMESE CLASSIC

ကုလုံ၏ချင်းဒေ

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်သိဘာအောင်

# မရဏလမ်းမှ ညီနောင်များ

( ပထမပိုင်း )

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် — ၈၀၁၄ / ၂၀၀၂ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၇၅၀ / ၂၀၀၃ (၇)
ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ — ၅၀၀
တန်ဖိုး — ၁၀၀

**ထုတ်ဝေသူ**

ဒေါ်မိုးမိုးဆွေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

**ပုံနှိပ်သူ**

ဦးသန်းဝင်း(တောင်ပုံနှိပ်တိုက်)
၂၃၉၊ ဓမ္မာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့

**မျက်နှာဖုံးရိုက်**

ဦးထွန်းလင်း (မြ-၀၆၃၆၂)၊ ဖိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

BURMESE CLASSIC

လူသတ်သမား

နှင်းများ တဖွဲဖွဲကျနေသော ချန်အန်မြို့တော်သည် ငွေရောင်တို့ လွှမ်းမိုးနေ၏။

ကျူမောင်းလမ်း၊ သျှိုင်း ထောင်ထီလမ်း ဘစ်လျှောက်ရှိ အောက်ခြေ လူတန်းစားများ နေထိုင်သော နေရာတို့သည် မူလက ဆူဆူညံညံ စည်စည်ကားကား ရှိရာက ယခု အသံဗလံ လုံးဝ မကြားရတော့ဘဲ တိတ်ဆိတ်၍ နေ၏။

နှင်းပွင့်များသည် လေထဲမှ ဝှမ်းဖက်ဆင်းလာကြသည်မှာ ဖြည်းဖြည်း နေးစွာ လွင့်မျောနေ၏။

အေးစိမ့်သော ရာသီဥတုသည် လူ့လောက၏ နွေးထွေးမှုတို့ သည်အဆင့်အထိ ကျဆင်း သွားစေလေသည်။

* * *

www.burmeseclassic.com

ဤမျှ အေးစိမ့်သော ညတွင် မွန်ဂိုမြင်းဆောင်ကောင် စီးနင်းလာသော လူတစ်ယောက်သည် ကျုံမြောင်းလမ်းမှ ရုတ်တရက် ပေါ်ထွက်လာပြီး အခြားလမ်းကြားကလေး တစ်ခုသို့ မောင်းနှင်ဝင်ရောက်သွားလေ၏။

ထိုလူသည် ခြံဝင်းတစ်ခု ရှေ့သို့ ရောက်သောအခါ ခါးဆန့်လိုက်ပြီး လက်နှစ်ဖက် အပေါ်သို့ မြှောက်၍ ခြံဝင်းထဲမှအပြင်သို့ ထိုးထွက်နေသည့် သစ်ကိုင်း တစ်ကိုင်းအား ဖမ်းဆွဲလိုက်သည်။

၎င်း၏ ခန္ဓာကိုယ်သည် လေထဲသို့ တွဲလောင်း ခိုလိုက်လေသည်။

သူသည် ခြံဝင်း၏ အတွင်းဘက်သို့ လှမ်းကြည့်လိုက်မိလေသည်။

မြေပေါ်မှ နှင်းများသည် လေးငါးလက်မ ထူထပ်နေသည်ကို တွေ့ရ၏။

အဆောက်အအုံ၏ အစွန်ဆုံး အခန်းမှာ ပြတင်းပေါက်ဖွင့်နေသည်။

ဝါကျင့်ကျင့် မီးရောင်သည် ဖြာထွက်နေ၏။

ထိုလူ၏ ကိုယ်ပေါ့ ပညာမှာ မညံ့ပါ။

သစ်ကိုင်းပေါ်၌ ကျွမ်းတစ်ပတ် ထိုးလိုက်သည်နှင့် ခြံဝင်းထဲသို့ ရောက်ရှိသွား၏။

အိမ်ခန်းထဲမှ မီးရောင်သည် တစ်ချက် ယိမ်းသွားလေသည်။

'ရုတ်'



မင်းတုတ် ဖြုတ်သီး ထွက်ပေါ်လာ၏။

တံခါးသည် ပွင့်သွားသည်။

အသက် ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ် အရွယ် မိန်းကလေး တစ်ယောက် ပြေးထွက်လာ၏။

'အစ်ကို ရောက်လာပြီလား'

ထိုလူက ခေါင်းညိတ်ပြ၏။

'ဟုတ်တယ် ညီမ'

သူက ပြောပြီး အိမ်ခန်းထဲသို့ လှမ်းဝင်လိုက်၏။

မိန်းကလေးက တံခါးကို ပြန်ပိတ်ထားလိုက်သည်။

'အေးလိုက်တာ၊ အရက်သောက်ပါဦး အစ်ကို'

'အင်း'

ထိုလူက မီးဖိုအနီးသို့ လျှောက်သွားပြီး လက်နှစ်ဖက် ဆန့်၍ ကင်လိုက်၏။

သူသည် မိန်းကလေး လှမ်းပေးသော အရက်ခွက်ကို ယူ၍ သောက်လိုက်ပြီးမှ ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

သူ၏ ပုံဟန်မှာ အလွန်ပင်ပန်းနွမ်းနယ်လာသည့် ပုံသဏ္ဌာန် ဖြစ်သည်။

မိန်းကလေးသည် မီးအိမ်အား မြှင့်လိုက်တော့မှ ထိုလူ၏ မျက်နှာကို ပီပီပြင်ပြင် တွေ့နိုင်ခဲ့လေသည်။

၀ ၀ ၀

www.burmeseclassic.com



ထိုလူသည် အသက်သုံးဆယ်ကျော်ခန့်ရှိသည့် ရုပ်ရည်ချောမောပြီး ယောကျ်ားပီသ၏။

ကိုယ်လက်ကြံ့ခိုင်ပြီး တောင့်တင်း၏။

မိန်းကလေးက သူ့အား အရက်ထပ်ငှဲ့ပေးရင်း ရှုံးလဲ့သော မျက်လုံးအစုံဖြင့် အကဲခတ် ကြည့်နေ၏။

အရက်သုံးလေးခွက် သောက်လိုက်ပြီးနောက် အနည်းငယ် မူးထွေးလာ၏။

သူက သက်ပြင်းချလိုက်၏။

'သူတို့ မကြာမီ လာတော့မယ်၊ သိမ်းဆည်းစရာ ရှိတာတွေကို အမြန်ဆုံး သိမ်းဆည်းပေတော့'

မိန်းကလေး ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

ထိုလူသည် နံရံပေါ်မှ ဓားကို ဖြုတ်လိုက်၏။

ပြီးမှ မိန်းကလေးအား လှည့်၍ မှာကြားလိုက်လေသည်။

'ရှမ်းရှမ်း ငါ့မြင်းကို တစ်ဖက်ခြံမှာ သွားပို့ထားပေးစမ်းပါ'

ရှမ်းရှမ်း ခေါင်းညိတ်လိုက်၏။

သူမ ခါးစည်းကို ပို၍ ကြပ်အောင် ပြင်စည်း လိုက်မိလေသည်။

ခုတင်အောက်၌ ဝှက်ထားသော ဓားနှစ်လက်ကို ဆွဲထုတ်လိုက်၏။



စားပွဲပေါ်မှ မီးအိမ်ကို မှုတ်ငြှိမ်းလိုက်၏။

ထိုနောက်...

အခန်းထဲမှ လျှပ်တစ်ပြက် ထွက်သွားလေတော့သည်။

၀ ၀ ၀

မိန်းကလေးသည် ခြံဝင်းအနီးသို့ ရောက်လာသည်နှင့် နံရံပေါ်သို့ လွှားခနဲ ခုန်တက်ပြီး အပြင်သို့ ခုန်ချ လိုက်လေတော့သည်။

ထိုလူ၏ မြင်းသည် နှင်းပွင့်များ ကြားမှာ ရပ်လျက်ရှိနေလေသည်။

သူမသည် မြင်းကို ဆွဲ၍ တစ်ဖက်ခြံသို့ လျှောက်သွားလေသည်။

ထိုခြံဝင်းသည် လူသူနေထိုင်ခြင်း မရှိတော့သဖြင့် ပြိုလဲကျ၍ ပျက်စီးနေ၏။

သူမသည် မြင်းကို နေရာတကျ ထားပြီးနောက် ပြန်ထွက်လာခဲ့၏။

ရုတ်တရက်...

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်နှစ်ခုသည် လျှင်မြန်စွာ ပြေးလာနေသည်ကို တွေ့မြင်လိုက်ရ၏။

လူတစ်ယောက်၏ ခါး၌ ဓားကောက်တစ်လက် ထိုးထားသည်။

မိန်းကလေးသည် ဓားငယ် တစ်လက်ကို ထုတ်ယူလိုက်ပြီး ပစ်ပေါက်လိုက်၏။

'ချွမ်း…ချွမ်း'

သူမ၏ ဓားငယ်သည် ထိုလူ၏ ဓားကောက်ပေါ်သို့ ထိမှန်သွားသည်။

ထိုလူ လှည့်ကြည့်လိုက်၏။

သူမကို မြင်တွေ့သွားသည်။

သူသည် ဓားကောက်အား ဆွဲထုတ်လိုက်ပြီး မိန်းကလေးထံသို့ ပြေးလာ၏။

မိန်းကလေးက ဓားနှစ်လက်ဖြင့် ဆီး၍ တိုက်ခိုက်လိုက်လေသည်။

'ချွမ်း…ချွမ်း'

ထိုလူက ဓားကောက်ဖြင့် ခုတ်ပေးလိုက်ရာ မိန်းကလေး၏ ဓားနှစ်လက်သည် အဝေးသို့ လွင့်ထွက်သွားလေ၏။

ထိုလူက မိန်းကလေးကို ဓားကောက်ဖြင့် ခုတ်ချလိုက်လေသည်။

'အမယ်လေး'

မိန်းကလေး ထိတ်လန့် တုန်လှုပ်သွား၍ နှင်းမြေပေါ်သို့ လဲကျသွား၏။



ထိုအခိုက်…

သတိလစ် မေ့မျော သွားလေတော့သည်။

o o o

မည်မျှ အချိန်ကြာသွားမှန်းမသိ။

ရှမ်းရှမ်း ပြန်လည် သတိရလာ၏။

သူမသည် မိမိမှာ မသေသေးဘဲ နှင်းထဲ၌ လဲလျောင်းနေသည်ကို တွေ့ရ၏။

သူမသည် ကိုယ်ပေါ်မှ ဖုံးလွှမ်းထားသည့် နှင်းပွင့်များကို ဖယ်ရှားလိုက်၏။

မိမိ၏ ခြံဝင်းဘက်သို့ ပြေးသွားသည်။

ခြံဝင်း တစ်ခုလုံး ပျက်စီးသွားသည်ကို တွေ့လိုက်ရလေသည်။

သူမ ရင်ထိတ်သွား၏။

'ကိုကြီး…ကိုကြီး'

အော်ခေါ်ရင်း လိုက်ရှာမိသည်။

ခြံဝင်းနောက်ဘက်တွင် သူမ၏ အစ်ကိုအား နှင်းမြေပေါ် လဲလျောင်းနေသည်ကို မြင်တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကြီး'

သူမ ပြေးသွား၍ ဒူးထောက်ထား သူမ၏ အစ်ကိုကြီးကို ဆဲဖြင့် တွန်းလှုပ်လိုက်၏။

သူမ၏ အစ်ကိုကြီးမှာ ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့မြင်ရသည်။

'ကိုကြီး'

သူမသည် ချုံးပွဲချ၍ ငိုကြွေးလိုက်လေသည်။

ဝ ဝ ဝ

သေသူ၏အမည်မှာ ရှမ်းချင်းဖြစ်သည်။

သူသည် ညီမဖြစ်သူ ရှမ်းရှမ်းဖြစ်သူနှင့်အတူ လျှို့ဝှက်တာဝန်တစ်ခုဖြင့် ချန်အန်းမြို့တော်သို့ ရောက်ရှိလာခြင်းပင်ဖြစ်သည်။

ယခုမူ အမည်မသိသော လူသတ်သမား၏လက်ချက်ဖြင့် အသက်ဆုံးရှုံးသွားရလေ၏။

* * *



အရှက်ဦး၏ရောင်ခြည် စတင်ပေါ်ထွက်လာပြီဖြစ်သည်။

နှင်းဖွဲများသည် ရပ်တန့်သွားပြီဖြစ်သည်။

လမ်းတစ်ခုလုံးမှာ ဖြူဖွေးပြီး မှိုင်းဝေနေ၏။

ရှမ်းရှမ်းသည် တော့စတီးလမ်းကလေးမှ လှည့်ထွက်လာသောအခါ လမ်းပေါ်၌ လူသွားလူလာမရှိသေးပါ။

သူမသည် မြင်းကိုစီး၍ ဆက်လှတ်မောင်းနှင်သွားရာ အိမ်ကြီးတစ်အိမ်ရှေ့သို့ ရောက်ရှိလာသောအခါ ဝဝဖြိုးဖြိုးရှိသော အမျိုးသမီးတစ်ယောက် ပြေးထွက်လာလေ၏။

သူမသည် ရှမ်းရှမ်းကို လက်ယပ်ခေါ်လိုက်သည်။

'ညည်းရောက်လာတာနဲ့အတော်ပဲ'

သူမက မြင်းပေါ်မှဆင်းလိုက်သည်။

အမျိုးသမီးက မြင်းကို ဆွဲထားလိုက်လေ၏။

'အထဲဝင်၊ မြင်းကို အစာရေစာကျွေးထားမယ်'

ရှမ်းရှမ်း ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့'

သူမသည် အိမ်ထဲသို့ လှမ်းဝင်လိုက်လေ၏။

အိမ်ခန်းထဲ၌ လူသုံးယောက်ထိုင်နေ၏။

သူတို့သည် မီးဖိုအနီး၌ ဝိုင်းဖွဲ့၍ထိုင်နေကြသည်။

သူမက အခန်းထဲသို့ ဝင်လျှင်ဝင်ချင်းပြောလိုက်၏။

'ကျွန်မအစ်ကိုတော့ ရန်သူလက်ချက်နဲ့ သေဆုံးသွားပါပြီ'

ထိုလူသုံးယောက်အနက် အသက် ငါးဆယ်ခန့်ရှိသောလူက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့သတင်းကြားပြီးပါပြီ'

ရှမ်းရှမ်း ငိုကြွေးရာမှ ရပ်တန့်သွားသည်။

'လူသတ်ကောင်က ဘယ်သူလဲ'

'ဓားဝိဇ္ဇာဖြစ်ရမယ်'

ရှမ်းရှမ်း မျက်မှောင်ကုတ်သွားသည်။

'ဓားဝိဇ္ဇာ...ဟုတ်လား'

'ဟုတ်တယ်၊ သူနဲ့အတူပါလာတဲ့လူက ကျိုလွှေလို့ ခေါ်တယ်'

ထိုအချိန်တွင် ဝဝဖြိုးဖြိုးအမျိုးသမီးက အိမ်ထဲသို့ ဝင်လာ၏။

သူမသည် ရှမ်းရှမ်းအား အရက်တစ်ခွက်ငှဲ့ပေးလိုက်လေသည်။

'နွေးသွားအောင် သောက်လိုက်ပါ'

ရှမ်းရှမ်းသည် အမျိုးသမီး၏ လက်ကိုဆွဲ၍ ငိုကြွေးပြန်သည်။

အမျိုးသမီးက သူမ၏ဆံပင်များကို ပွတ်သပ်ရင်း နှစ်သိမ့်လိုက်၏။

'သူက ငါတို့မကို သတ်မသွားတာပဲ ကံကောင်းတယ်လို့ ဆိုရမှာပေါ့'

ထိုလူသုံးယောက်အနက် ငယ်ရွယ်သူတစ်ယောက်က ကြားဖြတ်ပြောလိုက်၏။



'သူက မသတ်လို့မဖြစ်ဘူး၊ သူ့က 'မိန်းကလေး'တွေကို ဘယ်တော့မှ မသတ်တဲ့အကျင့်ရှိလို့'

* * *

ထိုလူသုံးယောက်သည် တောင်ပိုင်းနယ်စပ်ကြီးအား ဆန့်ကျင်သူများဖြစ်ကြသည်။

အဘွားအိုး၏အမည်မှာ လုချွေ့ဖက်ဖြစ်သည်။

နောက်တစ်ဦးမှာ အသက် လေးဆယ်ကျော်ခန့်ရှိသော လက်နက်ပုန်း ဝိဇ္ဇာဖြစ်သည့် ကျိုမင်ဖြစ်၏။

ဝဖြိုးသော အမျိုးသမီးမှာ သူ၏ဇနီးဖြစ်သည်။

သိုင်းလောကသားများက သူမကို ခွေးအင်းဟုခေါ်ကြလေသည်။

လူငယ်၏အမည်မှာ ဓားသမား လိရှောင်ဖြစ်၏။

သူတို့၏ခမ္မးဖွားသည့်နေ့ရာမတူပါ။

တတ်မြောက်ထားသောသိုင်းပညာသည်း မတူကြပါ။

သို့သော်...

သူတို့သည် တူညီသော ရည်ရွယ်ချက်တစ်ခုရှိကြလေ၏။

www.burmeseclassic.com

ထိုရည်ရွယ်ချက်မှာ တောင်ပိုင်းနယ်စားကြီးအား လုပ်ကြံရန်ဖြစ်သည်။

* * *

သူတို့သည် အရက်တစ်ခရား ကုန်သွားသောအခါ လူကျော်က ထရပ်လိုက်လေ၏။

ကျော်မြင်က မေးလိုက်၏။

'ခင်ဗျားဘယ်သွားမလို့လဲ'

လူကျော်က ပြောလိုက်သည်။

'ငါ ရွှေမုတ်ဆိတ်ဆီသွားမလို့ပါ'

'ဘာကိစ္စရှိလို့လဲ'

'ဓားဝိဇ္ဇာကို သုတ်သင်ရှင်းလင်းဖို့ပါ'

လီရှောင်က ထရပ်လိုက်၏။

'ကျုပ်လိုက်ခဲ့မယ်'

လူကျော်က ခေါင်းညိတ်လိုက်၏။

'ကောင်းပါတယ်၊ ငါလဲ အဖော်ရတာပေါ့'



လူကျော်နှင့် လီရှောင်တို့သည် လမ်းမပေါ်သို့ ရောက်ရှိသွားသောအခါ အေးစိမ့်ထက်မြက်သောလေသည် အသည်းတွဲမှတတ် တိုက်ခတ်နေသည်။

လမ်းမပေါ်၌ လူသွားလူလာအလွန်နည်းပါးသည်။

သူတို့နှစ်ယောက်သည် လမ်းမကြီးအတိုင်း လျှောက်သွားရာ ခပ်လှမ်းလှမ်းတွင် နယ်စားကြီး၏လူ လေးငါးယောက်သည် လူတစ်ယောက်အား ကြိုးဖြင့် တုတ်နှောင်၍လာနေသည်ကို တွေ့မြင်လိုက်ရလေ၏။

သူတို့သည် လမ်းကြားလေးထဲသို့ တမန်းအဆီတနီး ဝင်ပုန်းလိုက်၏။

လီရှောင်က ပြောလိုက်သည်။

'ကြည့်စမ်း၊ အဖမ်းခံရတဲ့လူဟာ ရွှေမုတ်ဆိတ်မဟုတ်လား'

လီရှောင်က အင်္ကျီလက်ထဲမှ ဝှက်ထားသောဓားကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်သည်။

'မလုပ်နဲ့'

လူကျော်က ဟန့်တားလိုက်သည်။

ထိုအချိန်တွင် အရှေ့ဘက်မှလူတစ်ယောက်သည် အမည်းရောင်မြင်းတစ်ကောင်ကိုစီး၍ လမ်းကြားထဲမှ ထွက်လာလေသည်။

ထိုလူ၏ခါးတွင် ကြီးမားသော ဓားအောင်တစ်လက် ချိတ်ထားသည်ကို မြင်တွေ့လိုက်သည်နှင့် လီရှောင် ထိတ်လန့်သွား၏။

'ဟာ... ဓားဝိဇ္ဇာ'

www.burmeseclassic.com



ထွား လွှတ်ခနဲအော်ရင်း မြေပေါ်သို့ဝပ်ချလိုက်လေသည်။

လုံကျော်သည် လမ်းကြားထဲ၌ ဝင်ပုန်းအောင်းလိုက်သည်။

သို့သော်

သူတို့သည် ခေါ်ဝိဇ္ဇာ၏လှုပ်ရှားမှုကို ချောင်းကြည့်နေကြသည်။

ခေါ်ဝိဇ္ဇာသည် နယ်စားကြီး၏လူများထံသို့ ရောက်ရှိသွားသည်။

'ဖယ်....သူ့ကိုလွှတ်လိုက်'

အသံကျယ်လောင်စွာဖြင့် အော်လိုက်လေသည်။

မြို့စားကြီး၏လူများက ခုခံတိုက်ခိုက်ရန် တစ်ဟုန်ထိုး ပြေးဆင်လိုက်ရာ ခေါ်ဝိဇ္ဇာက လက်တစ်ချက်ဝေ့ယမ်းလိုက်သည်။

'အား'

နယ်စားကြီး၏လူများ မြေပေါ်သို့ လဲကျသွားလေသည်။

သူတို့၏ကိုယ်ပေါ်၌ ဓားယေကာလေးများ စိုက်ဝင်သွားခြင်းဖြစ်သည်။

ခေါ်ဝိဇ္ဇာသည် မျှမှတ်ဆိတ်ကို မြင်းပေါ်သို့ ဆွဲတင်လိုက်ပြီး လမ်းအတိုင်း မောင်းနှင်ထွက်ခွာသွားလေတော့သည်။



အတန်ကြာမှ....

လီရှောင်ဆာ ထရပ်လိုက်၏။

'သူက တောင်ပိုင်းနယ်စားကြီးရဲ့လူမဲ့ ဘာကြောင့် နယ်စားကြီးရဲ့လူတွေကို သတ်ရတာလဲ'

လုံကျော်က သက်ပြင်းတစ်ချက်ချလိုက်၏။

'ကျုပ်လဲ မပြောတတ်တော့ပါဘူးဗျာ'

လုံကျော်သည် ပြောရင်း လမ်းကြားထဲမှ ထွက်လာသည်။

လီရှောင်ဆာ မြေပေါ်၌ဝပ်နေရာမှ ထရပ်လိုက်၏။

ကိုယ်ပေါ်၌ကပ်နေသော နှင်းပွင့်များကို ခါထုတ်လိုက်သည်။

'ကျွန်တော်တို့ ဘယ်ကိုသွားမလဲ'

'အခုတော့ စာပေသမားဆီကိုသွားပြီး သတင်းစုံစမ်းရင် ကောင်းမယ်'

သူတို့သည် လမ်းမပေါ်သို့ ထွက်လာကြ၏။

လုံကျော်တို့နှစ်ယောက် လမ်းမကြီးအတိုင်း အနောက်ဘက်သို့ လျှောက်သွား၏။

ထိုနောက်

လမ်းအသေးတစ်ခုထဲသို့ ချိုးဝင်လိုက်လေသည်။

လမ်းလေး၏ တစ်ဖက်တစ်ချက်၌ အဝါရောင်နံရံများ အရှည် ကာသား၏။

နံရံက မမြင့်လှသဖြင့် အတွင်း၌စိုက်ထားသော ပန်းပင်များသည် အပြင်သို့ ကိုင်းညွတ်နေသည်ကို တွေ့မြင်ရသည်။

www.burmeseclassic.com



လူတို့နှစ်ယောက်သည် လမ်းလေးအတိုင်းဝင်သွားရာ မြေ လွတ်၊ ဆယ်လှမ်းခန့်စီ လှမ်းလိုက်သောအခါ အတွင်းဘက်မှ အသံများကိုကြားလိုက်ရ၏။

'မပြေးနဲ့၊ ငါ့ရှေ့လာခဲ့ပါ၊ မြည်းသွားစမ်းပါဦး'

သူတို့နှစ်ယောက် အသံလာရာ လှမ်းကြည့်လိုက်ကြသည်။

နံရံ၏အတွင်းဖြူ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးလူတစ်ဦးနှင့် ဝဝပုပုလူတစ်ဦး၊ အပြန်အလှန်ထိုးကြိတ်နေသည်ကို တွေ့မြင် လိုက်ရလေ၏။

လူတို့နှစ်ယောက်၏ သိုင်းကွက်များမှာ တစ်မျိုးစီဖြစ်သေ သည်။

သူတို့၏ထိုးကြိတ်နှမ်မှာ တစ်ယောက်နှင့်တစ်ယောက် သိုင်း မညာချင်း ဖလှယ်သည့်ပုံစံမဟုတ်ဘဲ လူသေကိုယ်သေ တိုက် ခိုက်နေသည့်ပုံစံမျိုး ဖြစ်နေ၏။

လူကျော်တို့သည် ငေးမောရှုကြည့်နေ၏။

ပုပုဝဝလူသည် အရပ်ရှည်သောလူ၏ ထိုးသွင်းလာသော လက်သီးကိုဖမ်းဆုပ်မိသွား၏။

လူသည် အရှိန်ဖြင့် ဘယ်ဘက်သို့ တအားဆွဲလိုက်လေ အရပ်ရှည်သောလူက အရှိန်နှင့်ဝင်လာ၏။

ဝဝပုပုရှိသောလူသည် လူ၏ဦးခေါင်းဖြင့် ဝုံ့ရှိုက်လိုက် သည်။

အရပ်ရှည်သော ခန္ဓာကိုယ်သည် ကြိုးပြတ်သောစက္ကူ ပမာ နံရံကို စင်ဆောင့်ပြီးလဲကျသွား၏။



ပုပုဝဝလူသည် အပေါ်အင်္ကျီကိုဆောင့်ဝတ်ပြီး အုတ်နံရံ ပေါ်မှ ခုန်ပျံကျော်လွှားပြီး ပြေးလွှားထွက်ခွာသွားလေတော့ သည်။

ဝ ဝ ဝ

လူကျော်နှင့်ထီရှောင်တို့သည် အတန်ကြာ ငေးငိုင်၍ ရပ် နေ၏။

ထို့နောက်

ထိုနေရာမှ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်၏။

ရုတ်တရက်....

လူတစ်ယောက်၏အသံ ထွက်ပေါ်လာ၏။

'ဘာတွေ ချောင်းကြည့်နေတာလဲ၊ တော်ကြာ ပြဿနာ တွေ ခေါင်းပေါ် ရောက်လာလိမ့်မယ်ဗျ'

လူတို့နှစ်ယောက် ထိတ်ခနဲဖြစ်သွားပြီး ကမန်းကတန်း လှည့်ကြည့်လိုက်ရာ အဖြူရောင်ဝတ်ဆင်ထားသော လူတစ် ယောက်သည် သူတို့နောက်၌ရပ်နေသည်ကို တွေ့လိုက်ရလေ သည်။

လူကျော် ဝမ်းသာသွား၏။

www.burmeseclassic.com



'မိတ်ဆွေကြီး ရှောင်စုကိုး၊ ကျုပ်တို့က ခင်ဗျားဆီ လာမလို့ပါပဲ'

ရှောင်စုက သူတို့နှစ်ယောက်၏လက်ကိုဆွဲ၍ လမ်းလေးထဲမှ ထွက်လာသည်၊

လိုကျောက်က မေးလေ၏၊

'ကျုပ်တို့တွေ့တဲ့ ဝဝပုပုနဲ့လူက ဘယ်သူလဲဗျ'

'ကျုပ်လဲ သိပ်မရှင်းဘူး၊ သူ့ရဲ့သိုင်းကွက်ကြည့်ရတာ မိုးကြိုးစိုက်ဆိုသူနဲ့ တူတယ်'

သူက သက်ပြင်းတစ်ချက်ချလေ၏၊

'အခုရက်ထဲမှာ ချန့်အန်းမြို့ကိုရောက်လာတဲ့ လူတွေဟာ နည်းတော့ဘူး'

'သူတို့က ဘယ်သူတွေလဲ'

'စုံလို့ပါပဲဗျာ၊ ကျုပ်လဲ မသိတော့ပါဘူး'

ဝ ဝ ဝ

ရှောင်စုတို့သုံးယောက်သည် လမ်းကလေးအတိုင်း ကွေ့၍ဝင်လိုက်သောအခါ သီးသန့်အိမ်ကလေးတစ်လုံး တွေ့မြင်ရလေသည်၊



ရှောင်စုက အခန်းတံခါးကို တွန်းဖွင့်လိုက်သည်၊

သူတို့သုံးယောက်သည် အိမ်ခန်းထဲသို့ဝင်ကာ ထိုင်ချလိုက်သည်၊

ရှောင်စုက မေးလိုက်သည်၊

'ခင်ဗျားတို့ ကျုပ်ကို တွေ့ချင်တာ ရှမ်းချင်း အသတ်ခံရတဲ့ကိစ္စမဟုတ်လား'

'ဟုတ်တယ်'

'ညတုန်းက ရှမ်းချင်းဟာ နယ်စားကြီးရဲ့ ဂေဟာကိုသွားတယ်၊ အခြေအနေမဟန်လို့ လှည့်ပြန်လာတယ်၊ အဲဒါကို ရန်သူဘက်က မြင်းခြေရာအတိုင်း လိုက်လာတော့ ရှမ်းချင်းကိုတွေ့သွားတာပေါ့'

လုကျောက်က ပြောလေ၏၊

'ရှမ်းချင်းကို ခေးဝီဇ္ဇာက သတ်သွားတယ်လို့ပြောတယ်'

'သေချာရဲ့လား'

'သူညီမ ရှမ်းရှမ်းက မျက်မြင်ကိုယ်တွေ့လို့ပြောပါတယ်'

ရှောင်စု သက်ပြင်းချ၏၊

'ဒီလိုဆိုရင် ခေးဝီဇ္ဇာက နယ်စားကြီးရဲ့လူ ဖြစ်နေပြီပေါ့'

လုကျောက်က ပြော၏၊

'ကျုပ်လဲ ဒီလိုပဲထင်တယ်၊ ဒါပေမယ့် ဒီအစ်နေ့ ကျုပ်တို့ရန်သူ တစ်မျိုးဖြစ်ပြီဗျ'

'ဘာတစ်မျိုးဖြစ်ကုန်တာလဲ'

www.burmeseclassic.com



'ကျုပ်တို့က ရွှေမုတ်ဆိတ်ဆီကို သွားဖို့ထွက်လာတာ နယ်စားကြီးရဲ့လူတွေက ရွှေမုတ်ဆိတ်ကိုကြိုးနဲ့ တုတ်လာတာတွေ့ရတယ်.....'

သူက ခေတ္တနားပြီး စကားဆက်၏။

'စေးဝိဇ္ဇာက နယ်စားကြီးရဲ့ သူတွေကို သတ်ပြီး ရွှေမုတ်ဆိတ်ကို ကယ်တင်တာတွေ့ရတယ်'

ရှောင်စု မျက်မှောင်ကုပ်မိ၏။

'အင်း....အတွေးရတောခက်နေပြီ'

သူသည် လူကျော်ကို မေးကြား၏။

'အခုတော့ ခင်ဗျားတို့ပြန်သွား ညတုံးမကောင်းသုံးချက်တီးတဲ့အခါ နယ်စားကြီး ရေတာအုပ်ဖက်တောအုပ်မှာ ပြန်စုံကြမယ်'

လူကျော်က ခေါင်းညိတ်၏။

'ကောင်းပြီ ကျုပ်တို့ ပြန်မယ်'

၀ ၀ ၀

လူကျော်တို့ ထွက်သွားပြီး.....

မကြာမီ.....



ရှောင်စု ခါးငယ်တစ်လက် အင်္ကျီထဲသို့ ထိုးထည့်ပြီး အိပ်ခန်းထဲမှထွက်လာသည်။

သူသည် လမ်းမအတိုင်း ခြေလှမ်းသွက်သွက်ဖြင့် ထွက်လာပြီး တောင်ပိုင်းနယ်စားကြီး၏ ဂေဟာသို့ မရောက်မီ

ထိုနေရာ၌ လူများစိုင်းအုံ၍ တစ်စုံတစ်ခုကို ကြည့်ရှုနေသည်ကို တွေ့လိုက်ရ၏။

ရှောင်စု လူအုပ်ကြားထဲသို့တိုးဝင်၍ကြည့်လိုက်၏။

လူနှစ်ယောက် ဆွဲသဲမဲမဲတိုက်ခိုက် နေကြသည်ကိုတွေ့လိုက်ရသည်။

လူများဝိုင်းအုံ ကြည့်နေသော အလယ်၌ တစ်ယောက်ဆီခေးကောက်ဖြင့် တိုက်ခိုက်နေ၏။

လူနှင့်ယှဉ်ပြိုင်တိုက်ခိုက်နေသူမှာ ခါးကုန်းကြီး တစ်ဦးဖြစ်ပြီး လူတို့နှစ်ယောက်သည် စေးဝိဇ္ဇာနှင့်ရွှေမုတ်ဆိတ်တို့ ဖြစ်ကြသည်။

လူတို့နှစ်ယောက်သည် အပြန်အလှန်တိုက်ခိုက်နေသည် ဖြစ်သော်လည်း ရွှေမုတ်ဆိတ်မှာ မည်သို့မျှ မယှဉ်နိုင်ဘဲ လူးလိမ့်ခံနေရသည်။

သူ၏ တကိုယ်လုံး၌လည်း ဒဏ်ရာဒဏ်ချက်များပြည့်နှက်နေသည်။

ရွှေမုတ်ဆိတ်မှာ မည်သို့မျှ မယှဉ်နိုင်မှန်း သိလိုက်ရသဖြင့် လက်ထဲမှဓားဖြင့် စေးဝိဇ္ဇာထံပစ်ပေါက်လိုက်၏။

စေးဝိဇ္ဇာ၏ ပစ်လာသောဓားကို ဖမ်းလိုက်ပြီး တဆက်တည်းပြန်ပစ်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ရွှေမှတ်ဆိတ် ဝမ်းဗိုက်သို့စိုက်ဝင်သွား၏။
ရွှေခင်စုသည် အလန့်ခံပြင်းလာသဖြင့်—

ဝှဖ်ထားသော ခါးငယ်ကိုဆွဲထုတ်လိုက်ရာ—

ရုတ်တရက်—

သွားနေ့တွင်မှ လူတစ်ယောက်က တံတောင်ဆစ်ကို ဖမ်းဆုပ်ထား၏။

သူ လှည့်ကြည့်လိုက်ရာ—

အစိမ်းရောင် ခေတ်ဆင်ထားသော လူတစ်ယောက် ဖြစ်နေသည်။

'ဟင် အစ်ကိုကြီးလီဟောက်ပါလား'

လီဟောက်က မပြောမဆိုပဲ သူ၏ လက်မောင်းကိုဆွဲ၍ ထိုနေရာမှ ထွက်လာလေသည်။

နယ်စားကြီး၏ ဂေဟာနှင့် အနည်းငယ်ဝေးသော နေရာရောက်တော့မှခြေလှမ်းရပ်တန့်သွား၏။

'ခုနတုန်းက ဘာလုပ်မလို့လဲ'

'ကျုပ်ရဲ့ ညီလက်ကိုဆယ်မလို့'

လီဟောက်ခေါင်းခါလိုက်၏။

'ဆယ်လို့မရဘူး၊ မင်းမှာ ဆယ်ဖို့ အခွင့်အရေးမရှိသလို ငါလဲ မရှိဘူး'

ရွှေခင်စု ဝါးစပ်ပိတ်သွား၏။

လီဟောက် ရှေ့သို့တိုး၍ညွှန်ပြလိုက်သည်။



'ကျုပ်အိမ်က ဟိုမှာ အိမ်ကိုခဏလိုက်ခဲ့ပါလား'

ရွှေခင်စုက သူ့နေရာဆီသို့လိုက်သွားလေတော့သည်။

၀ ၀ ၀

အိမ်ထဲသို့လှမ်းဝင်လိုက်သည်နှင့် လီဟောက်က တံခါးကိုပိတ်လေ၏။

'ခင်ဗျားက အတင့်ရဲလှချည်လား၊ နယ်စားကြီး ဂေဟာရောက်လာတာ ဘာလုပ်မလို့လဲ'

ရွှေခင်စုက ရှမ်းချင်းနှင့် ရွှေမှတ်ဆိတ် အသတ် ခံခဲ့သည့်အကြောင်း ပြောပြ၏။

လီဟောက် မျက်မှောင်ကုပ်မိ၏။

ရွှေခင်စု မေး၏။

'မီးဝိဇ္ဇာက ဘယ်လိုလူစားမျိုးလဲ'

'သူက တော့င်ပိုင်းနယ်စားကြီးကို ဆန့်ကျင်တဲ့ လူပဲပေါ့၊ ဒါကြောင့် နယ်စားကြီး လူတွေကသတ်သွားတာပေါ့'

'ဒါဖြင့် သူက ဘာကြောင့် ရှမ်းချင်းတို့ကို သတ်ပိုက်ရတာလဲ'

'ဒါတော့ ကျုပ်လဲ ဘယ်လိုမှ နားမလည်နိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်စကားနားထောင် ခင်ဗျားနဲ့ ခင်ဗျားတို့လူတွေ ချန်အန်းမြို့မှာနေ အမြန်ဆုံးထွက်သွားရင် အသက်အန္တရာယ် ကင်းမယ်'

ရှောင်စု စကားမပြောသေးဘဲ....

သူသည် လီဖောခွက်ကိုနှုတ်ဆက်၍ပြန်လာခဲ့သည်။

ဝ ဝ ဝ

ည....

ရှောင်စုသည် လုကျောက်တို့နှင့် ချိန်းဆိုထားသည့် အတိုင်း နယ်စားကြီးဂေဟာဘာယ်ဘက်တောအုပ်သို့ ရောက်ရှိသွားခဲ့သည်။

တုန်းမောင်းခေါက်သံ သုံးချက်တီတီအထိ စောင့်နေသည့်တိုင် လုကျောက်တို့လူစု ရောက်မလာချေ။

သူ၏ စိတ်ထဲ၌သံသယဖြစ်လာ၏။

ထို့ကြောင့်

ထိုနေရာမှထွက်လာပြီး သူတို့နေထိုင်သော အိမ်ဈေးရှိရာ ရောက်ရှိလာ၏။



အိမ်ခန်းထဲ လှမ်းဝင်သည်နှင့် သူ၏ ခြေလှမ်း တုန့်ခနဲ ရပ်သွားသည်။

ဖယောင်းတိုင် မီးရောင်အောက်ရှိ စားပွဲအနီး၌ လူသေ အလောင်း သုံးလောင်းကို တွေ့မြင်ရလေ၏။

သူ့မှာ ထိတ်လန့် တုန်လှုပ်သွား၏။

လုကျောက်တို့ လူစု အသက်ခံလိုက်ရပြီတု နားလည်လိုက် လေ၏။

သူသည် ဖယောင်းတိုင်ကို ယူ၍ သေချာစွာ ကြည့်လိုက်ရာ ထိုအလောင်းများသည် လုကျောက်၊ လီရှောင်နှင့် ကျီမင်တို့ ဖြစ်နေသည်ကို တွေ့ရ၏။

လုကျောက်တို့ ရရှိထားသော ဇာတ်ရာများကို တွေ့ရှိရသည် နှင့် ဓားဝိဇ္ဇာ၏ လက်ချက်ဟု သိရှိလိုက်သည်။

ထိုမှာ ငိုကြွေးနေစဉ် ရုတ်တရက် မိန်းမသေးတစ်ယောက်၏ ငိုသံအား ကြားမိ၏။

သူက လှည့်ကြည့်လိုက်ရာ ရှမ်းရှမ်းသည် စောင်ရိုးပုံထဲမှ ထိုးထွက်လာသည်ကို တွေ့မြင်ရ၏။

သူမ နောက်တွင် ကျီမင်၏ ဇနီး စွေအင်း ဖြစ်သည်။

ရှောင်စုက သူမတို့အား တွဲထူလိုက်၏။

'ဘယ်လို ဘာယ်ကုန်ကြတာလဲဗျာ'

ရှမ်းရှမ်းသည် ငိုကြွေးနေသည်မှအပ လုံးဝ ပြောပြနိုင်စွမ်း မရှိပေ။

စွေအင်းက မျက်ရည်များကို သုတ်ရင်း ပြောပြလိုက်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့သုံးယောက်ဟာ နယ်စားဝေဟာသွားဖို့ ပြင်ဆင်နေတုန်းမှာ ဓားပိုင်ဆရာက ရုတ်တရက် ဝင်လာပြီး သူတို့ကို သတ်သွားပါတယ်၊ သူတို့ဆီ ခုခံဖို့တောင် အချိန်မရဘဲ သေသွားကြပါတယ်၊ ကျွန်မတို့လို ကြောက်လွန်းလို့ ကောက်ရိုးပုံထဲဝင်ပုန်းနေရပါတယ်'

ရှောင်စုသည် ချွန်အန်းမြို့တွင်ဆက်လက်နေ၍ မရမှန်း နားလည်လိုက်၏၊

သူသည် မြေပေါ်၌ ကျနေသော ဓားတစ်လက်ကို ကောက်ယူလိုက်ပြီး တွင်းတူးလိုက်၏၊

'ဒီသွေးကြွေးကို တစ်နေ့ အရင်းနဲ့ရော အတိုးပါ ပြန်တောင်းရမှာပဲ'

သူတို့သည် တွင်းကြီးသုံးတွင်း တူး၍ လုံကျော့ဖတ်တို့ သုံးဦး၏ အလောင်းများကို မြှုပ်နှံလိုက်လေ၏၊

'ကျုပ်တို့ ဒီမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ အမြန်ဆုံး သွားမှ ဖြစ်တော့မယ်'

စွေအင်းအာ ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ကဲ့'

ရှောင်စုက ပြောလိုက်သည်၊

'အစ်မကြီးမှာ မြင်းဘယ်နှစ်ကောင် ရှိသလဲ'

'ငါးကောင်ရှိပါတယ်'

'ကောင်းပြီ၊ မိုးလင်းတာနဲ့ သွားကြမယ်၊ ယူစရာရှိတာတွေ ယူထားကြ'



စွေအင်းနှင့် ရှမ်းရှမ်းတို့သည် အဝတ်အစားများနှင့် ငွေစတို့ကို သိမ်းဆည်းလိုက်ကြ၏၊

ရှမ်းရှမ်းသည် သူမ ပါလာသော မြင်းပေါ်သို့ တက်လိုက်လေသည်၊

စွေအင်းအာ မေးလိုက်၏၊

'အခု ကျွန်မတို့ ဘယ်ကို သွားမှာလဲ'

'တောင်ပိုင်းကို အရင်သွားကြမယ်'

သူတို့သည် လမ်းကြားကလေးမှ ထွက်လာကြလေ၏၊

—၀—

www.burmeseclassic.com

www.burmeseclassic.com

ဇေဒါ

---

ရာသီဥတု အနည်းငယ်နွေးထွေးလာသည်။

မြို့ပြင်သို့ ထွက်ကြသောလူများသည် အလွန်ပြားများနေသည်။

ရှောင်စုတို့သည် မြို့ပြင်ထွက်မည်အပြု၌ အရပ်ပုပုလူတစ်ဦးသည် အမည်းရောင်မြင်းတစ်ကောင်ဖြင့် မြို့ထဲသို့ မောင်းနှင်ဝင်လာသည်ကို တွေ့မြင်လိုက်၏။

ထိုလူသည် တစ်နေ့တုန်းက ခြံဝင်းတစ်ခု၌ လူတစ်ယောက်နှင့် တိုက်ခိုက်ခဲ့သော လူတစ်ယောက်ဖြစ်ကြောင်း မှတ်မိလိုက်သည်။

သူ ရင်ထိတ်သွား၏။



ထိုလူအား သူကို လှည့်ပင်မကြည့်ဘဲ သူ့အနီးမှ ဖြတ်ကျော်သွား၏။

ရှောင်စုနှင့်ရှမ်းရှမ်းတို့သည် တောင်ပိုင်းဘက် ဦးတည်၍ မောင်းနှင်သွား၏။

သူတို့သည် တည်းခိုခန်းတစ်ခုရှေ့သို့ ရောက်ရှိလာသောအခါ တည်းခိုခန်းရှေ့တွင် အမည်းရောင်မြင်းတစ်ကောင် တိုင်၌ ချည်ထားသည်ကို တွေ့လိုက်ရလေသည်။

ရှမ်းရှမ်းလည်းတွေ့ရှိသွားသည်။

'ဒီမြင်းက တိုပုပုလူကြီးရဲ့မြင်းမဟုတ်လား'

ရှောင်စု ခေါင်းညိတ်လိုက်သည်။

စွေအင်းက ပြောလိုက်၏။

'ဘယ်သူပဲဖြစ်ဖြစ် ငါတို့သုံးယောက်ရှိတယ်၊ မှုစရာမလိုပါဘူး'

ရှောင်စုက စကားမပြောရန် လက်ရမ်းပြလိုက်လေ၏။

ဆိုင်လုလင်က သူတို့အား အထဲ ခေါ်ဆောင်သွားသောအခါ ထမင်းစားခန်း၌ ပုပုလူတစ်ယောက်တည်းထိုင်၍ စားသောက်နေသည်ကို တွေ့လိုက်ရလေ၏။

ရှောင်စု အံ့သြသွားသည်။

ထိုလူသည် မြို့ထဲဝင်သွားသည်ကို မြင်တွေ့လိုက်၏။

ယခုမူ မိမိတို့ထက်ဦးအောင် ဤနေရာကို ရောက်နေသည်။

ဆိုင်လုလင်က အခန်းများ လိုက်ပို့ပြီး ပြန်၍ ထွက်သွားသောအခါ ရှမ်းရှမ်းက မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဦးလေး…ကျွန်မတို့ ဘယ်ကိုသွားမှာလဲ'

ရွှေစင်စုက သက်ပြင်းတစ်ချက်ချလိုက်သည်။

'အခြေအနေက တော်တော်ဆိုးတယ်၊ မင်းက အသက်ငယ်ငယ် သိုင်းပညာအခြေခံလဲကောင်းတယ်၊ ဒါကြောင့် မင်းကို မိုးကြိုးဂိုဏ်းကို ကျင်းယုံဆီပို့ပေးမလို့'

'ကျင်းယုံက သိုင်းပညာ သိပ်တော်တယ် မဟုတ်လား'

ရွှေစင်စုက ခေါင်းညိတ်လိုက်၏။

'သူ့ရဲ့ဓားသိုင်းကို လက်ရှိသိုင်းလောကမှာ သူ့ကိုယှဉ်ပြိုင်နိုင်မယ့်လူမရှိသေးဘူး'

သူက စကားဆက်လိုက်၏။

'မင်းက ဒီပညာကို တတ်လိုက်ရင် ရှမ်းချင်းအတွက်နဲ့ ဗျ ဆုံးသွားတဲ့ သူ့ရဲ့ကောင်းမှုအတွက် လက်စားချေနိုင်တာ ပေါ့'

ရှမ်းရှမ်းက မေးလိုက်သည်။

'ဦးလေးရော'

'ငါလဲ ဘယ်မှ သွားစရာမရှိဘူး၊ မင်းနဲ့ အဖော်အဖြစ် အတူတူနေခဲ့ရမှာပေါ့'

ထိုအချိန် ဆိုင်လုလင်က ထမင်းဟင်းများ လာချပေးသည်။

အပြင်ဘက်မှ ဆူဆူညံညံအသံများကြားလိုက်ရသော်။



ရွှေစင်စုက ပြောလိုက်သည်။

'ကဲ…မင်းတို့အရင်စားနှင့်ပါ၊ သွားကြည့်လိုက်ဦးမယ်'

o o o

ရွှေစင်စုသည် ထမင်းစားခန်းကို ရောက်ရှိလာသောအခါ ရသေ့ တစ်ပါးနှင့် ထိုပုပုလူတို့ မျက်နှာချင်းဆိုင်ရပ်နေကြသည်ကို တွေ့လေ၏။

ပုပုလူက ပြုံးနေ၏။

'ခင်ဗျားနဲ့ကျုပ်နဲ့ရန်သူမဟုတ်ကြဘူး…ထင်တယ်'

ရသေ့ ထဲ မျက်နှာထား သုန်မှုန်နေ၏။

ခပ်ပုပုလူက ပြောလိုက်သည်။

'ခင်ဗျားက ကျုပ်ကို စိန်ခေါ်တဲ့သဘောလား'

'ဟုတ်တယ်'

ခပ်ပုပုလူက ပြုံးလိုက်သည်။

'ရပါတယ်၊ မနက်ဖြန်နေထွက်ရင် မြို့တောင်ဘက် မြက်ခင်းပြင်မှာ တွေ့ကြမယ်'

ရသေ့က ပြောပြီး ထွက်သွားလေသည်။

ရွှေစင်စု မိမိအခန်းသို့ ပြန်လည်ရောက်ရှိလာသည်။

www.burmeseclassic.com

သူသည် ထမင်းစားပြီးနောက် အရက်သောက်လိုက်လေသည်။

ထို့နောက်....

ရှမ်းရှမ်းတို့အခန်းဘက်သို့ ကူးလာလေ၏။

ရှောင်စုသာ ရှမ်းရှမ်းအား တည်ငြိမ်သောလေသံဖြင့် ပြောလိုက်သည်။

'ဆန္ဒသည် လာသောသည်ဖြစ်စေ၊ မသာသည်ဖြစ်စေ ခင်ဗျားတို့ သွားကြမယ်'

ရှမ်းရှမ်းက မေးလိုက်သည်။

'ဦးလေးဆော....'

ရှောင်စု အိတ်ထဲမှ စာတစ်စောင်ထုတ်ပေးလိုက်သည်။

'ဒီစာကို ကျောင်းထိုင်ကို ပေးပါ'

သူ၏မျက်နှာတစ်ခုလုံး ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေ၏။

'ကဲ— ညဉ့်နက်လာတာနဲ့ ထွက်သွားကြတော့၊ ဒါကိုလာမနှိုးနဲ့နော်'

ရှမ်းရှမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ပါ ဦးလေး'

၀ ၀ ၀



ရှမ်းရှမ်းနှင့်ဇွဲအင်းတို့ တိတ်တဆိတ်ထွက်သွားပြီဖြစ်သည်။

ရှောင်စု ပြန်အိပ်၍မရတော့ပါ။

သူသည် တစ်ယောက်တည်း ထိုင်၍ အရက်သောက်နေသည်။

ကြက်တွန်သံထွက်ပေါ်လာတော့မှ ဆိုင်လုလင်အားခေါ်၍ ငွေရှင်းပေးလိုက်ပြီး မြင်းစီး၍ ထွက်လာသည်။

သူသည် ပုပုနှင့်ရဲသေတို့မှာ မည်သည့်အဖွဲ့အ ဖြစ်သည်ကို သိလိုသဖြင့် သူတို့ ချိန်းဆိုထားသော နေရာသို့ လိုက်သွားခြင်းဖြစ်၏။

သူသည် တောအုပ် တစ်ခုနေရာသို့ ရောက်ရှိလာသော အခါ မြင်းဟီးသံတစ်ချက် ကြားလိုက်ရ၏။

သူသည် မြင်းဟီးသံ ထွက်ပေါ်ရာ တောအုပ်ထဲသို့ မောင်းနှင် ဝင်လျက် ရောက်သွား၏။

မြင်းဖြူတစ်ကောင်သည် ရပ်၍ ဟီးနေ၏။

မလှမ်းမကမ်း၌ လူတစ်ယောက် လဲလျောင်း နေသည်ကို တွေ့မြင်ရ၏။

ရှောင်စု ရင်ထိတ်သွား၏။

အမြန်အတန်း အနီးသို့ မောင်းသွားရာ လူ၏ မျက်နှာ တစ်ခုလုံးမှာ သွေးရောင် မရှိတော့ချေ။

မြေပေါ်၌ သေဆုံးနေသော လူမှာ ဇွဲအင်း ဖြစ်နေလေသည်။

ရှောင်စုက မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



*

ရွှေအင်း၏ ရင်ဘတ်၌ ဓားဒဏ်ရာ တစ်ချက် ရှိနေသည်ကိုတွေ့ရသည်။

သူသည် ရှမ်းရှမ်းကို သတိရလာ၏။

'ရှမ်းရှမ်း...ရှမ်းရှမ်း'

သူသည် ထရပ်လိုက်ပြီး အရပ်လေးမျက်နှာသို့ မှု၍ အော်ခေါ်လိုက်၏။

သူ၏ တုံ့ပြန်သော အသံကို လုံးဝ မကြားရပေ။

ရွှေခင်စုက မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး တောအုပ်ထဲမှ မောင်းထွက်လာ၏။

သူသည် တောအုပ်ထဲမှ ထွက်လာသောအခါ လူတစ်ဦး ပြေးလာနေသည်ကို တွေ့ရ၏။

ထိုလူသည် ပုပ္ပဝလူနှင့် စိန်ခေါ်ခဲ့သော ရသေ့ ဖြစ်လေသည်။

ရသေ့က သူ့ကို တွေ့မြင်သွား၏။

'မင်းရဲ့မြင်းကို ခဏငှားစမ်းပါ'

ရွှေခင်စုက မေး၏။

'ခင်ဗျားနဲ့ လူတစ်ယောက် မြင်းပြိုင်မှာ ချိန်းထားတယ် မဟုတ်လား'

ရသေ့က...

'ဟုတ်တယ်'

ရွှေခင်စုက ပြော၏။

'ခင်ဗျား ချိန်းတာ နေ့ထွက်ချိန် မဟုတ်လား'

'ဟုတ်ပါတယ် ဒါပေမယ့် သူလာတာ မတွေ့ဘူး'



သူ မျက်မှောင်ကုတ်သွား၏။

'ခင်ဗျား ကျုပ်ဆီက မြင်းတောင်းပြီးတော့ ဘယ်သွားမလို့လဲ...'

'သူ့ကို လိုက်ရှာမလို့'

သူက စကားဆက်သည်။

'မင်းဟာ ရွှေခင်စု မဟုတ်လား'

ရွှေခင်စု ခေါင်းညိတ်၏။

'ခင်ဗျားက ကျုပ်ကိုသိတယ် မဟုတ်လား'

'သိတာပေါ့၊ မင်းနဲ့အတူပါလာတဲ့ ရွှေအင်းနဲ့ ရှမ်းရှမ်းကိုလဲ သိပါတယ်'

သူ မျက်မှောင်ကုတ်သွား၏။

'ရွှေအင်းကို ဘယ်သူ သတ်လိုက်တာလဲ'

ရသေ့ သက်ပြင်းတစ်ချက် ချ၏။

'ရွှေအင်းကို သတ်တဲ့သူက နတ်ဆိုး ဇာန်လုပါ'

ရွှေခင်စု မျက်မှောင်ကုတ်သွား၏။

'ရှမ်းရှမ်းရော တွေ့မိလား'

ရသေ့ ခေါင်းခါယမ်း၏။

'သူထွက်ပြေးသွားတာ ဖြစ်မှာပေါ့'

'ဇာန်လုဆိုတာ ဘယ်သူလဲ'

'ကျုပ်နဲ့ စိန်ခေါ်တဲ့လူပေါ့'

ရွှေခင်စု အံကို တင်းတင်းကြိတ်လိုက်၏။

'သူ့ကို ကျုပ်က လိုက်ရှာပြီး လက်စားချေမယ်'

သူက ရသေ့အား မေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက ဘယ်သူလဲ'

'ကျုပ်က ရွှေမုတ်ဆိတ်ရဲ့ မိတ်ဆွေ ကုန်သွယ်လို့ ခေါ်ပါတယ်'

ရွှေခင်စုသည် ထိုရသေ့မှာ တောင်ပိုင်းနယ်စားကြီးကို ဆန့်ကျင်နေသူဟု သိရသဖြင့် ဝမ်းသာသွား၏။

သူသည် မြင်းပေါ်မှ ဆင်းလိုက်၏။

'နှစ်ယောက်ပေါင်းတာ ပိုပြီး အားရှိတာပေါ့'

သူတို့သည် မြင်းတစ်ကောင်ကို အတူစီး၍ ထွက်နေရာမှ ထွက်သွားလေသည်။

၀ ၀ ၀

ရှမ်းရှမ်းနှင့် စွေအင်းတို့သည် ရွှေခင်စုနှင့် ခွဲခွာပြီး တောင်ပိုင်းအရပ်သို့ မြင်းကို မောင်းနှင်၍ ထွက်ခွာ သွားလေတော့သည်။

သူမတို့သည် လမ်းဆုံလမ်းခွသို့ ရောက်ရှိလာသော အခါ အနောက်ဘက်မှ မြင်းခွာသံများ ထွက်ပေါ် လာသည်ကို ကြားရသည်။



ရှမ်းရှမ်းက နောက်သို့ လှည့်ကြည့်လိုက်ရာ ပုပုနှင့်လူတစ်ယောက်တို့ အနက်ရောင် မြင်းကို စီး၍ လိုက်လာနေသည်ကို တွေ့ရ၏။

'အစ်မကြီး ကျွန်မတို့နောက်မှာ လူတစ်ယောက် လိုက်လာနေတယ်'

စွေအင်းက လှည့်ကြည့်လိုက်၏။

'ဒီလူကြည့်ရတာ ငါ့စိတ်ထဲ သံသယဖြစ်နေတယ်'

သူမက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

'ညည်းက တောင်ဘက်လမ်းအတိုင်း သွား၊ ငါက အရှေ့ဘက်လမ်းက သွားမယ်'

သူမက ပြောပြီး မြင်းကို အရှေ့ဘက် လမ်းသို့ ဦးတည် မောင်းနှင်သွား၏။

ရှမ်းရှမ်းက တောင်ဘက်လမ်းသို့ ချိုးဝင် သွားလေတော့သည်။

သူမသည် မြင်းကို အမြန်ဆုံး မောင်း၍ တောင်ဘက်လမ်းအတိုင်း မောင်းနှင်သွားရာ ချောင်းတစ်ခုကို ဖြတ်ကျော်လိုက်သောအခါ ဝေလိန် မြို့ကလေးသို့ ရောက်ရှိ လာလေတော့သည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ သူမသည် ဈေးတိုင်မြို့သို့ ရောက်ရှိလာ၏။

မြို့ထဲ ဝင်ရန် ဟန်ပြင်လိုက်သောအခါ မြို့တံခါးဝ မြေကွက်လပ်ပေါ်၌ လူများ ဝိုင်းအုံပြီး ရယ်မောနေကြသည်ကို တွေ့လိုက်ရ၏။

ရှမ်းရှမ်းသည် လူငယ်ပီပီ စူးစမ်းလိုသော စိတ်များ ရုတ်တရက် ဖြစ်ပေါ်လာ၏။

လူများ ဝိုင်းအုံနေသည့် အလယ် မြေကွက်လပ် ပေါ်၌ အသက်လေးဆယ်ခန့်ရှိသော လူတစ်ယောက် မျက်လှည့်ပြနေသည်။

ထိုလူသည် မျက်လှည့်ကို တစ်မျိုးပြီး တစ်မျိုး ပြပြီးနောက် ပန်းကန်ပြား တစ်ချပ်ဖြင့် ဝိုင်းအုံကြည့်နေသော လူများထံမှ ပိုက်ဆံ တောင်းခံနေ၏။

ဝိုင်းအုံကြည့်နေကြသော လူများသည် မျက်လှည့်ပြီးဆုံးသွားသည်နှင့် ငွေများ မပေးဘဲ ထွက်သွားကြတော့သည်။

ရှမ်းရှမ်းက ငွေတုံးအလေး နှစ်တုံးကို ပစ်ပေး လိုက်လေသည်။

မျက်လှည့်ပြသော လူသည် သူမအား ကြည့်ပြီး ဦးညွှတ်လိုက်လေ၏။

'ကျေးဇူးတင်ပါတယ်ဗျာ'

ရှမ်းရှမ်း ထိုနေရာမှ ထွက်သွားလေ၏။

သူမက တည်းခိုခန်းသို့ ဝင်ရောက်တည်းခို၏။



သူမသည် ဆွေအင်းခွဲခွာခဲ့ရသဖြင့် ကံကြမ္မာကို မသိသဖြင့် စိုးရိမ်နေ၏။

ခုတင်ပေါ်၌ လဲလျောင်းရင်း ရှမ်းချင်းတို့လူစု အသက်ခံရသည့်ကိစ္စကို တွေးပြီး အိပ်မရဘဲဖြစ်နေ၏။

ထိုအချိန်

တစ်ဘက်ခန်းမှ ဆူဆူညံညံ စကားပြောသံကို ကြားရသေးသည်။

ပထမ၌ ရှမ်းရှမ်းက သတိမပြုမိပါ။

သို့သော်...

ထိုလူများသည် ပြောရင်း မိမိအကြောင်း ပါလာသည်ကို ကြားလိုက်ရသဖြင့် နားစွင့်လိုက်၏။

'ကောင်မလေးကို ကြည့်ရတာ ပိုက်ဆံတော်တော် ပါမယ် ထင်တယ်'

'ဟုတ်တယ် ဒါကြောင့် အခု ငွေနှစ်တုံးတောင် ပေးသွားတယ်'

'ငါတို့မှာ ငွေနည်းနေတယ်'

'မင်းသဘောက ဘာလဲကွ'

'ငါပြောရှင်းမပါတယ်၊ ငါတို့မှာ ငွေလိုနေတယ်' ကောင်မလေးမှာ ငွေများများပါတယ်'

'ဟုတ်တယ် သူ့ဆီက ယူရုံပဲ'

ရှမ်းရှမ်း ထိုစကားကြားရသောအခါ မျက်လှည့်ဆရာ ဖြစ်သည်ကို ကောင်းစွာသိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ ဆက်မနေဝံ့တော့ဘဲ အခန်းထဲမှ တိတ်တဆိတ်ထွက်လာသည်။

ဆိုင်လုလင်ကို ငွေရှင်းပြီး မြင်းပေါ်ခုန်တက်၍ တောင်ဘက်တံခါးမှ ထွက်သွားလေသည်။

၀ ၀ ၀

သူမ မြို့ပြင်ရောက်သည်နှင့် အနောက်မှ မြင်းခွာသံများ ဆူညံစွာ ပေါ်လာ၏။

သူမ နောက်လှည့်ကြည့်ရာ မျက်လှည့်ဆရာလူစုဖြစ်သည်ကို တွေ့ရသည်။

ထိုလူစုမှာ သုံးယောက်ဖြစ်၏။

ရှမ်းရှမ်း၏မြင်းကိုလျင်မြန်စွာမမောင်းနှင်၏။

သို့သော်....

သူမ၏ မြင်းမှာ သာမန်မြင်း ဖြစ်နေသဖြင့် ခဏအကြာ၌ မှီလာပြီး တစ်ယောက်က သူမ၏သွားလမ်း ပိတ်၍ ရပ်လိုက်သည်။

ရှမ်းရှမ်း ဆက်မပြေးနိုင်တော့ဘဲ မြင်းကို ရပ်တန့်လိုက်လေသည်။



သူမ ရရှိထားသော ဓားတစ်လက် ဆွဲထုတ်၏။

'ရှင်တို့ ဘာလုပ်မလို့လဲ'

မျက်လှည့်ဆရာ ပြုံး၍ပြော၏။

'ငါတို့မှာ ခရီးသွားဖို့စရိတ်ပြတ်နေလို့ပါ'

သူမ မဲ့ပြုံးပြုံး၏။

'ကျွန်မ သနားလို့ ငွေနှစ်တုံးပေးလိုက်တာနဲ့ အခုလိုအမြှောလိုက်လာတာတော့ ရှ ဖို့ကောင်းတယ်'

ထိုလူပြုံးပြ၏။

'ဒါလောက်နားထောင် မကောင်းအောင် မပြောပါနဲ့ဗျာ ကျုပ်တို့မှာ အရေးကြီးတဲ့ ကိစ္စရှိလို့ မလွဲမရှောင်သာတောင်းရတာပါ'

သူမက သူတို့ကိုကြည့်၏။

'ရှင်တို့က ဘာတွေအရေးကြီးနေလို့လဲ'

'ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ကျုပ်တို့ရဲ့ အရေးကြီးတဲ့ ကိစ္စနဲ့ ချန်အန်းမြို့ကို သွားဖို့လမ်းစရိတ်ပြတ်လို့ လမ်းဘေးမှာ မျက်လှည့်ပြပြီးလမ်းစရိတ်စုဆောင်းနေတာပါ'

'ရှင်တို့က ချန်အန်းမြို့ကို ဘာသွားလုပ်မှာလဲ'

ထိုလူ ပြော၏။

'ကျုပ်တို့အဖွဲ့က ရှမ်းချင်းဆိုတဲ့ခေါင်းဆောင်တစ်ယောက် ချန်အန်းမြို့ကို သွားတာ သူ့သတင်းမကြားရလို့ လိုက်ခဲ့တာပါ'

သူမ ထိုစကားကြားရသောအခါ မျက်ရည်များ ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှမ်းချင်းဆိုတာ ကျွန်မအစ်ကို ကျွန်မနာမည်ရှမ်းရှမ်းပါ'

သူမ စကားကြောင့် ထိုလူ သုံးယောက်သည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွား၏။

အတန်ကြာတော့မှ

ထိုလူက သက်ပြင်းတစ်ချက်ချလေတော့၏။

'ရှမ်းချင်းမှာ ညီမတစ်ယောက်ရှိတယ်ဆိုတာ ခင်ဗျားကိုး'

သူမ ခေါင်းညိတ်၏။

'ဟုတ်ပါတယ် ကျွန်မပါ'

ထိုလူ သုံးယောက်သည် တမန်းတနာ လက်နှစ်ဖက်ဆုပ် တောင်းပန်၏။

'ကျုပ်တို့ မသိလို့ အခုလို အခန့်သင့်အယုတ်ပြုမိတာ ခွင့်လွှတ်ပါခင်ဗျာ'

သူမ ခေါင်းညိတ်၏။

'ကိစ္စမရှိပါဘူးရှင်'

ထိုလူက မေး၏။

'ဒါနဲ့ ခင်ဗျားအစ်ကိုရှမ်းချင်းရော၊ ခင်ဗျားဘာဖြစ်လို့ တစ်ယောက်တည်းထွက်လာတာလဲ'

သူမ ဝမ်းနည်းစွာဖြင့် ရှမ်းချင်းအသတ်ခံရသည့်အကြောင်းတို့ကို ပြောပြ၏။

ထိုလူသုံးယောက်သည် ယင်းသတင်းကြားရသောအခါ ရုတ်တရက်...

စကားမပြောနိုင်တော့ဘဲ သူမကို ငေးမော ကြည့်နေကြသည်။



'ကျွန်တော့ နာမည်ဝူတန်းပါ'

သူက ကျန်ရှိသည့်လူနှစ်ယောက်ကိုမိတ်ဆက်ပေးလိုက်လေသည်။

သူသည် ပိန်ပိန်ပါးပါးလူနှစ်ယောက်ကို မိတ်ဆက်ပေးလေသည်။

'သူ့နာမည်စုတာ'

'သူ့နာမည်က စုအော့'

ဝူတန်က မေး၏။

'အခုညီမလေးက ဘယ်ကိုသွားမလဲ'

သူမက ရှောင်စု၏စီစဉ်ချက်အရ မြွေအင်းနှင့် အတူ ထွက်လာကြောင်း....

လမ်းခရီး၌ လူစုခွဲခဲ့ကြခြင်းနှင့် ကျောင်းယုံထံ သွားမည် ဖြစ်ကြောင်း ပြောပြ၏။

ဝူတန် အတန်ကြာစဉ်းစား၏။

ပြီးမှ....

'ညီမလေး တစ်ယောက်တည်း သွားရတာ အန္တရာယ်များတယ်၊ အစ်ကိုတို့ လိုက်ပို့ပေးမယ်'

သူမ ဝမ်းသာသွား၏။

'ကျေးဇူးတင်ပါတယ်ရှင်'

ဝူတန်သည် ကျန်ရှိသည့် လူနှစ်ယောက်နှင့်တိုင်ပင်လိုက်လေသည်။

စုတာနှင့်စုအော့တို့က ချိန်အန်းမြို့တော်သို့ သွားကြဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူတန်သည် ရှမ်းရှမ်းအား ကျွင်းရုံထံသို့ ရောက်သည်အထိ လိုက်ပို့ရန်ဖြစ်သည်။

သူတို့သည် တစ်ခဏအနားယူပြီးနောက် လှည်းဖြင့်ခရီး ထွက်ခွာသွားကြလေတော့သည်။

* * *

ရှမ်းရှမ်းသည် ဝူတန်ကို အဖော်ရလိုက်သဖြင့် စိတ်ခတ် တင်ကြလာ၏။

သူတို့သည် ဆက်လက်ထွက်ခွာသွားပြီး နှစ်ရက်အကြာ၌ ကျွင်းရန်မြို့သို့ ရောက်ရှိလာ၏။

ကျွင်းရန်မြို့သို့ ရောက်လာသောအခါ အနက်ရောင်ဝတ်စုံ ဝတ်ထားသော လူတစ်ယောက်က နောက်မှလိုက်လာနေသည် ကို ဝူတန် သတိပြုမိလိုက်၏။

ဝူတန်က မြင်းကို အရှိန်လျှော့လိုက်ပြီး အသံတိုးတိုးဖြင့် ပြောလေ၏။

'နောက်မှာ လူတစ်ယောက် ငါတို့နောက် တစ်လျှောက်လုံး လိုက်လာနေတယ်၊ မရိုးသားဘူးထင်တယ်'



ရှမ်းရှမ်းက လှည့်ကြည့်လိုက်ရာ အသက်သုံးဆယ်ကျော်ခန့် ရှိသော ယောကျာ်းတစ်ယောက်ဖြစ်သည်။

ရုပ်သွင်မှာ ခန့်ညားး၏။

ယဉ်ကျေးသိမ်မွေ့သော ပုံစံရှိ၏။

'တိုက်ဆိုင်လို့များ ဖြစ်နေမလားမသိဘူး'

'အခုလိုခေတ်ပျက်ကြီးမှာ ကောင်းတဲ့လူနည်းပြီးမကောင်း တဲ့လူများတယ်၊ သတိထားဖို့သင့်တယ်'

သူသည် ပြောပြောဆိုဆိုနှင့် တည်းခိုခန်းတစ်ခန်းရှေ့၌ မြင်းကိုရပ်တန့်လိုက်သည်။

ထို့နောက်

မြင်းများကို ဆိုင်လှလင်အားပေးအပ်ပြီး အခန်းတွင်းသို့ ဝင် သွားလေ၏။

ထိုအချိန်တွင်....

အနောက်ဘက်မှ မြင်းခွာသံများကို ကြားလိုက်ရသော သည်။

ဝူတန်က လှည့်ကြည့်လိုက်ရာ သူတို့နောက်၌ လမ်းတစ် လျှောက်လုံး လိုက်နေခဲ့သောသူသည် မြင်းပေါ်မှဆင်းလာ သည်ကို တွေ့လိုက်ရ၏။

သူ ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

'ရှမ်းရှမ်း၊ ငါတို့ ရန်သူနဲ့ရင်ဆိုင်ရတော့မယ်နဲ့ တူတယ်'

ရှမ်းရှမ်းက ထိုလူကို အကဲခတ်နေ၏။

ထိုလူသည် အထဲသို့ဝင်ရောက်လာသည်နှင့် စားပွဲတစ်လုံး၌ ထိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို အရက်တစ်အိုးနဲ့ အမဲသားတစ်ပန်းကန်ယူခဲ့ပါ'

ဆိုင်လုလင်က အရက်တစ်အိုးနဲ့ အမဲသားပန်းကန်ကိုယူ၍ ချပေးလိုက်၏။

'ကောင်းလို ဘယ်ကပြန်လာတာလဲဗျ၊ ခရီးပန်းလာသလား ပဲ'

ထိုလူက ရယ်မောလိုက်၏။

'ကျုပ်က ယင်းယန်ကပြန်လာခဲ့တာ၊ စားသောက်ပြီးရင် မြို့တော်ဝန်ကို သွားတွေ့ရဦးမယ်'

ဝူတာနီနှင့်ရှမ်းရှမ်းတို့သည် ထိုလူမှာ အမှုထမ်းတစ်ယောက် ဖြစ်သည် သိလိုက်ရလေ၏။

သူတို့သည် အခန်းကိုယ်စီသို့ ဝင်ရောက်၍ အနားယူကြ လေသည်။

တစ်ခဏအကြာ

ဝူတာနီက အခန်းထဲမှထွက်လာ၏။

ထိုလူကို မတွေ့ရတော့ချေ၊

သူက ဆိုင်လုလင်ကိုမေးလိုက်၏။

'ခုနဧည့်သည် ထွက်သွားပြီလား'

ဆိုင်လုလင်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့၊ ပြန်သွားပါပြီ'

'သူ့နာမည်က ဘယ်လိုခေါ်လဲ'

'ကောင်းလိုလို့ ခေါ်ပါတယ်'

သူသည် ဆိုင်လုလင်ကိုမေးပြီး ထွက်သွားခဲ့လေ၏။

ထိုနောက်—



ရှမ်းရှမ်း၏အခန်းသို့ သွားရောက်၍ မှာကြားလိုက်လေ သည်။

'ညီမလေး၊ တံခါးကို သေသေချာချာပိတ်ပြီး အိပ်ပါ၊ ကျုပ်—ဟိုလူနောက်လိုက်သွားပြီး စုံစမ်းဦးမယ်'

ရှမ်းရှမ်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ သတိထားသွားပါအစ်ကိုကြီး'

သူက ပြုံးပြပြီး ထွက်ခွာသွားလေသည်။

၀ ၀ ၀

သူမသည် အိပ်၍မရပါ၊

သူပြန်အလာကို စောင့်နေလေသည်။

တုန်းမောင်း သုံးချက်ခေါက်သံ ကြားလိုက်ရသောအခါ တံခါးခေါက်သံကိုပါ ကြားလိုက်ရလေ၏။

သူပြန်လာပြီဟု ရှမ်းရှမ်းထင်မှတ်လိုက်၏၊

ထို့ကြောင့်

တံခါးကို ဖွင့်ပေးလိုက်၏၊

လူတစ်ယောက်သည် အခန်းထဲသို့ လျှင်မြန်စွာ ဝင်ရောက် လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ သေသေချာချာကြည့်လိုက်ရာ ကော်ဇင်းလီဖြစ်နေ
သည်ကို တွေ့လိုက်ရလေ၏။

သူမ ထိတ်လန့်သွား၏။

မီးကိုဆွဲထုတ်ပြီး နေ့ဇက်ဆုတ်သွားလေ၏။

'ရှင်ဘာလုပ်တာလဲ၊ အချိန်မတော် တခါတည်း အခန်းထဲ
ဝင်လာတာလဲ'

ထိုလူက ပြုံး၍ ရှေ့သို့ ခြေလှမ်းလှမ်းပြီး ဓားကိုလုယူ
ကြိုးစားလိုက်၏။

သူမ ဒေါသထွက်သွား၏။

ဓားဖြင့် ခေါ ယမ်းတိုက်ခိုက်လိုက်၏။

ထိုလူက နောက်သို့ဆုတ်မသွားဘဲ လျှင်မြန်စွာ ရှေ့
တိုးပြီး ရှမ်းရှမ်း၏ ဘယ်ဘက်ပခုံးကို ဖမ်းဆုပ်လိုက်၏။

သူမသည် လက်တစ်ဖက်ထုံကျဉ်သွားပြီး ခွန်အားထုတ်
ဘဲ ပျော့ခွေသွား၏။

လက်ထဲမှဓားအညီး လွတ်ကျသွား၏။

ကော်ဇင်းလီက ကြိုးတစ်ချောင်းထုတ်ယူပြီး ဖြုံးဖြုံး
သည်။

'မကြောက်ပါနဲ့၊ မင်းကို ဒုက္ခပေးတာမဟုတ်ပါဘူး၊
အကျိုးရှိအောင် လုပ်ပေးတာ'

ကော်ဇင်းလီက ပြောပြီး သူမကိုတုပ်နှောင်လိုက်၏။

ကော်ဇင်းလီသည် သူမကိုပွေ့ချီပြီးနောက် ပြန်လည်
ခွာသွား၏။



တနေ့အကြာ၌ အလွန်ကြီးမားသော ခြံဝင်းတစ်ခုသို့
ရောက်ရှိလာလေ၏။

ကော်ဇင်းလီသည် ပေါ်ပေါ်စွာဖြင့် နံရံကို ကျော်လွှား၍ဝင်
ရောက်သွားလေသည်။

ခြံဝင်းထဲ၌ ကြီးမားသော အဆောက်အအုံတစ်ခုရှိသည်။

ဧည့်ခန်းမကြီးထဲ၌ မီးရောင်များကို မြင်တွေ့ရ၏။

ကော်ဇင်းလီက ဧည့်ခန်းထဲ ဝင်ရောက်လာသည်နှင့် လူတစ်
ယောက်က လှပသော ကုလားထိုင်တစ်ခုပေါ်၌ထိုင်နေ၏။

ထိုလူ၏ပုံပန်းမှာ အလွန်ထက်မြက်ပုံရ၏။

သူက သဘောကျစွာပြုံးလိုက်၏။

'ဘယ်လိုဟာမျိုးရလာသလဲ'

ကော်ဇင်းလီက ပြောလိုက်၏။

'တောင်ပိုင်းသူနဲ့တူတယ်'

ထိုလူကပြုံးလိုက်၏။

တောင်ပိုင်းသူဆို ပိုကောင်းပါတယ်၊ သတင်းမပေါက်
ကြားဖူးပေါ့'

'မြို့တော်ဝန်ကသဘောကျရင် ကျွန်တော်မျိုး ပင်ပန်းရကျိုး
နပ်ပြီ'

မြို့တော်ဝန်က သဘောကျစွာရယ်မောလိုက်သည်။

'ရော့...ငွေယူပြီးတော့သွား'

'ကျေးဇူးတင်ပါတယ်'

'မင်းသွားနိုင်ပါပြီ'

www.burmeseclassic.com



ထောင်းလိုက ခေါင်းညိတ်ပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။

ထိုနောက်....

အခန်းတံခါးဆွဲပိတ်လိုက်သည်။

ရှမ်းရှမ်းက မြို့တော်ဝန်အား စိုက်ကြည့်လိုက်သည်။

'ကျွန်မမှာ ဘာအပြစ်ရှိလို့ အခုလို ခေါ်လာရတာလဲ'

'အပြစ်မရှိပါဘူးကွယ်'

သူက ရှမ်းရှမ်းထံသို့ ချဉ်းကပ်လာ၏။

'မင်းကိုခေါ်လာတာ၊ ငါ့စကားနားထောင်ရင် ဒုက္ခမရတဲ့ အပြင် ငွေရေးကြေးမယ်ကွယ်'

ရှမ်းရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်က မြို့တော်ဝန်တစ်ယောက်ဖြစ်ပြီး ဒါလောက်အကျင့် သိက္ခာပျက်နေရင် ဘယ်လိုလုပ်တိုးတက်မလဲ၊ ရှင်ဟာ ခေါင်း ဆောင်မှု တန်ဖိုးမရှိတဲ့ လူတရစ္ဆာန်'

မြို့တော်ဝန်သည် ရယ်မောလိုက်၏။

'မင်းပြောချင်တာပြောစမ်း၊ ငါ့အကြောင်းသိရမယ်'

သူသည် ရှမ်းရှမ်းအား ဖမ်းဆီးရန် ထပ်၍ စွန်ပြင်လာ သည်။

ရုတ်တရက်—

ပြတင်းပေါက် ပွင့်သွား၏။

လေတချက် တိုးဝင်လာသည်။

စားပွဲပေါ်မှမီးအိမ်ငြိမ်းသွားသည်။

အခန်းတစ်ခုလုံး မှောင်အတိကျသွားသည်။



လူရိပ်တစ်ခုသည် ပြတင်းပေါက်မှ အခန်းထဲသို့ ရုတ်တရက် ဝင်လာပြီး ရှမ်းရှမ်းအား လွှပ်တစ်ပြက်ပွေ့ချီ၍ပြတင်းပေါက် မှဝင် ပြန်လည် ခုန်ထွက်သွား၏။

ဝ ဝ ဝ

ရှမ်းရှမ်းသည် မိမိအားပွေ့ချီလာသောလူမှာ သေးသွယ် သော လူတစ်ယောက်ဖြစ်သည်ကို တွေ့ရလေ၏။

ထိုလူက အသံတိုးတိုးဖြင့်ပြောလိုက်သည်။

'မကြောက်ပါနဲ့၊ မင်းကိုလာကယ်တာ'

ရှမ်းရှမ်းက ပါးစပ်ပိတ်ထားလိုက်သည်။

လမ်းခွဆုံသို့ရောက်သောအခါ ထိုလူက ရှမ်းရှမ်းကို ကြိုး ဖြေပေးလိုက်သည်။

ရှမ်းရှမ်းက မေးလိုက်သည်။

'ကျွန်မကို အခုလိုလာကယ်တာ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မနာမည် ရှမ်းရှမ်းလို့ခေါ်ပါတယ်'

ထိုလူက ပြောလိုက်သည်။

'ကဲ...အချိန်မရှိဘူး၊ ဒီကနေ မင်းအမြန်ဆုံးထွက်သွားမှ ဖြစ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကပြေးပြီး ငွေတုံးလေးထည့်ထားသော အိတ်ကလေးအစ်အိတ် လှမ်းပေးလိုက်သည်။

သူကျောဘ၌ လွယ်ထားသေးခေးကိုလည်း ဖြုတ်ပေးလိုက်သည်။

'ယမ်းမှာသုံးဖို့ ကျုပ်စုဆောင်းထားတဲ့ငွေကိုပဲ ယူသွားပါတော့'

ရှမ်းရှမ်းသည် ယမ်းစရိတ်နှင့် စားသောက်ဖွယ်ရာများအတွက် ငွေအမှန်တကယ်ပင် လိုအပ်နေသဖြင့် ကျေးဇူးတင်စွာ လက်ခံလိုက်ရလေသည်။

'ကျေးဇူးမကမ္ဘပါဘူး အစ်ကိုကြီး'

သူမကပြောပြီး တောင်ဘက် ပမ်းအတိုင်း ခြေလှမ်းကျဲကျဲ ထွက်ခွာသွားလေတော့၏။

—၀—

မယ်တင်ရှင်

---

ညနေ။

မိုးသည်းထန်စွာရွာသွန်းသဖြင့် ရှမ်းရှမ်း၏တစ်ကိုယ်လုံးစိုရွှဲသွားလေ၏။

သူမ သည် တည်းခိုခန်းတစ်ခန်းတွင် အခန်းငှားလိုက်ပြီး အဝတ်တစ်စုံဝယ်၍ လဲလှယ်လိုက်၏။

သို့သော်....

သူမသည် မိုးထဲ၌ကြာမြင့်စွာခံနေခဲ့ခြင်းကြောင့် အိပ်ရာထဲဝင်လိုက်သည်နှင့် တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူပြီး တ‌ီလစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေဝင်တစ်ခန့်နံ့နတ် ဆိုင်လုလင်၏ ရေနွေးအိုးလာရောက် ပို့ပေးသောအခါ ညှော်သည်မိန်းမလေး ဖျားနေသည်ကို သိလိုက်ရသည်။

ထိုကြောင့်....

ဆိုင်ရှင်အား သတင်းပို့လိုက်ပြီး ဆိုင်ရှင်က သမားတော် တစ်ယောက်ပင့်ဖိတ်၍ ကုသပေးလေ၏။

* * *

သုံးရက်မြောက်နေ့တွင် သူမသတိရလာလေ၏။

ထိုကြောင့်....

သူမသည် တစ်ဖက်ခန်းမှ ပြောဆိုနေသော စကားသံများ ကို ကြားလိုက်ရသည်။

'သမားတော်ကြီးက လက်လျှော့လိုက်ပြီလို့ပြောတယ်၊ ကြည့်ရတာ အနေနဲ့အမြန်သေတော့မယ်'

မိမိအကြောင်း ပြောနေသည်ကိုသိလိုက်ရသဖြင့်သတိထား၍ နားထောင်လိုက်သည်။

တစ်ဖက်ခန်းမှ စကားသံများ ထပ်၍ထွက်ပေါ်လာသေး သည်။



'ငါ သူမခန်းဆီ တစ်ခေါက်ရောက်ခဲ့တယ်၊ သူ့ခေါင်းအုံး နားမှာ ငွေတုံးထည့်ထားတဲ့အိတ်ကလေးတွေ့တယ်၊ ငွေများ များစွာစွာတော့ရှိဦးမယ်'

'ဟာ....ပွတာပဲ'

'ညကျမှ ငါတို့ တိတ်တိတ်ကလေး ဝင်ခိုးမယ်'

'အင်း....လုပ်သာလုပ်ရမယ်၊ စိတ်ထဲမှာ သိပ်တော့မကောင်း ဘူးကွ'

လူတို့၏ စကားသံသည် တိတ်ဆိတ် သွား၏။

ရှမ်းရှမ်း၏ ရင်ထဲ စိုးရိမ်မိသည်။

ဆိုင်လုလင်ရောက်လာလျှင် သူမက အကျိုးအကြောင်းပြော ပြီး အကူအညီ တောင်းနိုင်၏။

သို့သော်....

ညမှောင်လာသည် အထိ ဆိုင်လုလင်မှာ ရောက်မလာပေ ချေ။

ဤသို့ဖြင့်....

သန်းခေါင်ယံသို့ ရောက်လာသော အချိန်၌ ရှမ်းရှမ်းမှာ သတိမေ့သွားလေ၏။

o o o

www.burmeseclassic.com

www.burmeseclassic.com



အချိန် မည်မျှ ကြာသွားမှန်း မသိပါ။

တစ်စုံတစ်ခုသော အသံကြောင့် ရှမ်းရှမ်း သတိရလာလေသည်။

ထိုအခါ—

အခန်းထဲသို့ လူနှစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရသည်။

သူမသည် ထိတ်လန့်တုန်လှုပ်မိ၍ အသံကုန် အော်ဟစ်လိုက်သည်။

'လူမိုက်ကြီး...သူခိုးကြီး'

သူမ၏ အသံက ကျယ်လောင်စွာ ထွက်ပေါ် လာတော့သည်။

ထိုလူနှစ်ယောက် ကြောင်အမ်းအမ်း ဖြစ်သွား၏။

အတန်ကြာမှ—

တစ်ယောက်က ဓါးဆွဲထုတ်ရင်း ရှေ့တိုး လာ၏။

'မအော်နဲ့၊ အော်ရင် သတ်ပစ်မယ်'

သူမက ထပ်မံ အော်လိုက်၏။

'ကယ်ကြပါရှင်'

ထိုလူ ဒေါသထွက်သွား၏။

'ဒီမိန်းကလေးတော့ အော်ချင်တာ သေပေတော့'

စကားဆုံးလျှင် ထိုလူက ဓါးဖြင့် ခုတ်ချလိုက်၏။

သူမက ရှိသမျှ အင်အားကို ညှစ်ထုတ်၍ ခေါင်းရင်းမှဓါးကို ထုတ်ကာ ခံဝေ့လိုက်၏။

'ချွမ်း'



ဓါးချင်းထိသံ ကျယ်လောင်စွာ ထွက်ပေါ် လာလေတော့သည်။

ထိုလူ မဲ့ပြုံး ပြုံးမိ၏။

'သေခါနီးတောင် မအေးဆေး မသေချင်ဘူးပေါ့၊ ကျုပ်က ခုတ်ပိုင်း ပေးရမှာပေါ့'

ထိုလူက စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်—

စူးရှသော စကားသံ တစ်ချက် ထွက်ပေါ် လာလေတော့သည်။

'မင်းတို့ အရှက်မရှိဘူးလား'

စကားသံနှင့်အတူ အခန်းထဲသို့ အဘိုးအိုတစ်ယောက် ဝင်လာသည်။

'ဟင်'

'ဟာ'

အဘိုးအိုအား တွေ့မြင်လိုက်ရသောအခါ ထိုလူနှစ်ယောက်၏ မျက်နှာပျက်သွားကြ၏။

ထိုနောက်...

ချက်ချင်းပင် အခန်းထဲမှ ပြေးထွက်သွားကြလေ၏။

အဘိုးအိုက ရှမ်းရှမ်း၏ လက်ကောက်ဝတ်အား သုံးသပ်ကြည့်လိုက်၏။

သူသည် အတန်ကြာ စမ်းသပ်ပြီးနောက် ကြင်နာစွာ ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လှမ၏ ကိုယ်လုံး ပူနွေးလာသည်။

လှမ၏ တစ်ကိုယ်လုံးလည်း သက်တောင့် သက်သာ ခံစား လိုက်ရသည်။

ထိုနေ့စဉ်…

မျက်လွှာချ၍ အိပ်ပျော်သွားလေသည်။

—၀—

## ဆရာ

---

နေရောင်ခြည် ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

'ဒေါ်ဖီ…ဒေါ်ဖီ'

တံခါးခေါက်သံကြောင့် ရှမ်းရှမ်း အိပ်ယာမှ နိုးလာလေသည်။

လှမ၏ တစ်ကိုယ်လုံး ပေါ့ပါး လန်းဆန်းနေသည်။

နာကျင် ကိုက်ခဲသော ဝေဒနာကိုလည်း မခံစားရတော့ချေ။

ယခုမူ…

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မိမိအား ကူသပေးသော အဘိုးအိုကို သတိရမိသည်။

'ဒေါက်...ဒေါက်'

တံခါးခေါက်သံ ထပ်မံ၍ ထွက်ပေါ်လာ၏။

'ဝင်ခဲ့ပါရှင်'

ဆိုင်လုလင်က ဆန်ပြုတ် ပန်းကန်ကို ကိုင်၍ ဝင်ရောက်လာတော့၏။

သူက ရှမ်းရှမ်းအား ပြုံး၍ ကြည့်လိုက်၏။

'အစ်မလေး တော်တော် နေကောင်းနေပြီပဲ'

'ကောင်းပါတယ်ရှင်'

ဆိုင်လုလင် ခေါင်းတဆတ်ဆတ် ညိတ်၏။

'အစ်မလေး သိပ်ကံကောင်းတယ်၊ ကျွန်တော်တောင် လက်လွှတ် လိုက်ပြီ ထင်နေတာ'

သူမက ဆိုင်လုလင်ကို စိုက်ကြည့်လိုက်၏။

'ဒါနဲ့ ကျွန်မကို ကူသပေးတဲ့ အဘတောင် တွေ့မိသေး ဘယ်'

ဆိုင်လုလင် ပြုံးလိုက်၏။

'ဪ ကဲ့... သူ ဟိုဘက်အခန်းမှာ တည်းပါတယ်၊ ဒီဆန်ပြုတ်ကို ပို့ခိုင်းတာပါ'

သူမမှာ အလွန် ဆာလောင် မွတ်သိပ်နေသဖြင့် ဆန်ပြုတ်ကို အားပါးတရ စားသောက်လိုက်၏။

ထိုနေ့က...



သူမက ဆိုင်လုလင်အား အဘိုးအိုထံ ပို့ပေးရန် အကူအညီ တောင်းရလေ၏။

ဆိုင်လုလင်က တစ်ဖက်ခန်းသို့ လိုက်ပို့ပေး၏။

အဘိုးအိုမှာ အသက်ငါးဆယ်ခန့် ရှိရမည်ဟု ခန့်မှန်းရလေသည်။

သူမက နှုတ်ဆက်၍ ဂါရဝ ပြုလိုက်၏။

'ကျွန်မ အသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် အဘ'

အဘိုးအိုက သူမကို အကဲခတ်ကြည့်၏။

'မင်းနာမည် ဘယ်လိုခေါ်လဲ ဘာကြောင့် တစ်ယောက်တည်း ခရီးထွက်လာရတာလဲ'

သူမ ပြုံး၏။

'ကျွန်မနာမည်ရှမ်းရှမ်းပါ၊ အစ်ကိုရှမ်းချင်းနဲ့အတူချန်အန်းမြို့လာယင်း အစ်ကိုဟာ ရန်သူလက်ချက်နဲ့ သေဆုံးသွားလို့ ကျွန်မဒုက္ခနဲ့ ရင်ဆိုင်နေရတာပါ'

သူမက အဖြစ်အပျက်တို့ကို အမှန်အတိုင်း ရှင်းပြလိုက်လေသည်။

'ကျွန်မက ဆရာကြီး ကျောင်းယုံဆီ သွားမလို့ပါ၊ သူ့ဆီက ပညာသင်ပြီး အစ်ကိုနဲ့ သူ့ရဲ့ကောင်းတွေအတွက် လက်စားချေမလို့ပါ'

အဘိုးအိုသက်ပြင်းချ၏။

www.burmeseclassic.com



'မင်း ငါနဲ့တွေ့တာ တော်တော်ကောင်းတယ်၊ မင်းအစ်ကို ရှမ်းချင်းက ရေပွေ့ဂိုဏ်းဝင် တစ်ယောက်ပဲ ကျုပ်နာမည်က တူကူ လေပွေ့ဂိုဏ်းချုပ်ပဲ'

သူမသည် တူကူဟူသည့်အမည်ကိုကြားရသောအခါ...

ထခုန်မိမတတ် ဝမ်းသာမိ၏၊

တူကူက...

'အေးပေါ့လေ ကံတရားဆိုတာ ခက်သား၊ ကျင်းယုံထံ ကိစ္စ တစ်ခုနဲ့ မြေစာပိုင်းနယ်ကိုသွားပြီ၊ မင်းမသွားနဲ့တော့၊ ကော် စားရှေ့ဖို့ကိစ္စလဲ ခက်ထား၊ အခုအရေးကြီးတာက မင်းကိုယ် မင်း ကာကွယ်နိုင်ဖို့ ငါက လိုအပ်တဲ့သိုင်းပညာကို သင်ပေးပါ မယ်'

သူမ ဒူးထောက်၍ ရှိခိုးလေ၏၊

'ကျေးဇူးကြီးလှပါတယ်ဆရာ'

တူကူက သူမကို အကဲခတ်၏၊

'မင်းလုံးဝပျောက်ကင်းသွားမှ ငါ့နေရာလိုက်ခဲ့ပေါ့'

သူမ ဦးညွတ်၏၊

'ကျေးဇူးတင်ပါတယ်ဆရာ'

—၀—

## ပညာအမွေ

---

နေ့ရက်တစ်နေ့နံနက်...

တူကူသည် ရှမ်းရှမ်းကို ခေါ်ဆောင်၍ ကြိုးကြာတောင်သို့ ထွက်လာခဲ့ကြသည်၊

ကြိုးကြာတောင်ပေါ်သို့ ဝင်ရောက်သည့်နေ့မှပင် တူကူက ရှမ်းရှမ်းကို သိုင်းပညာတို့ကို သင်ကြားပေးလေသည်၊

• ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



သုံးယ…

သုံးလဟူသည့် အချိန်ကုန်ဆုံးလေ၏၊

သူမသည် သိုင်းပညာတို့ကို ကြိုးစား၍ လေ့ကျင့်သဖြင့် အလွန်လျှင်မြန်စွာတိုးတက်လာခဲ့လေ၏၊

တုကုသည် တောင်ထိပ်ပေါ်၌ ဆေးရွှေးထိုင်နေစဉ်…

သူမမှာ မြေကွက်လပ်၌ သိုင်းလေ့ကျင့်နေ၏၊

သူမသည် သိုင်းကွက်တစ်ရာခန့် လေ့ကျင့်ပြီးနောက်မောပန်း နားယူလိုက်သည်၊

ထိုစဉ်…

အသံခပ်မာမာအသံကြားလိုက်ရသဖြင့် ခေါင်းမော့ကြည့်စေရာ…

မျောက်လေးတစ်ကောင်သည် သစ်ကိုင်းပေါ်၌ထိုင်၍လက်ခုပ် ဆက်တီးနေသည်ကို တွေ့ရ၏၊

ထိုမျောက်လေးသည် တုကုအတူးလေ့ကျင့်ပေးထားသည့် မျောက်လေးပင်ဖြစ်လေ၏၊

သူမ ပြုံး၏၊

'ဆင်းခဲ့ပါ မျောက်လေး'

မျောက်လေးသည် သစ်ပင်ပေါ်မှ ခုန်ဆင်းလာ၏၊

မြေပေါ်သို့ရောက်သည်နှင့် ရှမ်းရှမ်းကို ကောက်သီးဖြင့် ထိုးလေသည်၊

မျောက်လေးလက်ထဲမှ သစ်ကိုင်းဖြင့် သူမ၏ခေါင်းကိုင်သော ဆံထောက်ဝတ်ကိုရိုက်ချ၏၊



သူမ လက်စတ်ရာရသွားမည်ကို စိုးရိမ်သဖြင့် ခေါင်းကိုလှုပ်အံ့သည်၊

ထိုအခါ…

မျောက်လေး၏ ခေါင်းကိုဖမ်းယူလေ၏၊

သူမထိတ်လန့်မိ၏၊

ထိုခေါင်းသည် တုကုခေါင်းထားသော ခေါင်းဖြစ်၏၊

ထိုစဉ်…

'မျောက်လေး၊ ချောခနဲလှည့်၍ပြေး လှုပ်ရှားသွားလေတော့သည်၊

'ငါ့ခေါင်းပြန်ပေး'

မျောက်လေးက လှည့်ပင်မကြည့်ဘဲ မတ်ခနဲ နေသည့် တောင်နံရံပေါ်မြေ့ပြေးတက်သွား၏၊

သူမမှာ မျောက်လေးနောက် ထပ်ကြပ်မကွာ လိုက်လာခဲ့သည်၊

မကြာမီ…

သူမသည် တောင်နံရံပေါ်သို့ မမောမပန်းဘဲချောမောစွာ တက်နိုင်ခဲ့၏၊

သူမသည် တောင်ပေါ်သို့ ရောက်ရှိတော့မှ မိမိကိုယ်ကို အံ့ဩမိလေ၏၊

'ကြည့်စမ်း ဘာလိုလိုနဲ့ ငါတောင်ပေါ် ရောက်လာခဲ့ပါ၊'

သူမ အရပ်လေးမျက်နှာ လှည့်ကြည့်ရာ မျောက်လေးကို တွေ့ရတော့ချေ၊

www.burmeseclassic.com

'ဟော့တော့ မျောက်လေး ဘယ်ရောက်သွားပါလိမ့်'

ထိုစဉ်—

မျောက်ငယ်လေး၏ ကျယ်လောင်သည့်အော်သံကို ကြားရသော သည်။

ဝေးဝေးတစ်ဖက်တစ်ချက်အောက်မှပေါ်လာနေခြင်း ဖြစ် သည်ကို သိရှိရလေ၏။

သူမ သေချာကြည့်မသောအခါ....

တောင်နံရံအောက်မဝေးသောနေရာတစ်ခု၌ လိုဏ်ဂူ တစ်ခုရှိ နေသည်ကို မြင်ရလေ၏။

မျောက်ငယ်လေးသည် လိုဏ်ဂူထဲ၌ သစ်သီးများ စားနေ ပေ သည်။

သူမက မျောက်လေးရှိရာလိုဏ်ဂူထဲသို့ ဆင်းသွားလေတော့ သည်။

သူမ လိုဏ်ဂူထဲရောက်သောအခါ မျောက်ကလေးကို မတွေ့ရတော့ချေ။

လိုဏ်ဂူ၏အနေအထားမှာ အဝင်ဝမှာကျဉ်းပြီး အတွင်း ဘက်၌ ကျယ်ဝန်းလှပေ၏။

လိုဏ်ဂူထဲ ဝင်မိလိုက်သည်နှင့် အေးစိမ့်သောလေများ တိုက်ခတ်လာလေ၏။

ရှမ်းရှမ်းက လိုဏ်ဂူအဝတွင်ရှိသော သစ်ကိုင်းခြောက်များ ကို ကောက်ယူ၍ လိုဏ်ဂူထဲ၌ မီးပုံတစ်ခုမွှေးလိုက်လေသည်။

ထိုနောက်



မီးအလင်းရောင်ဖြင့် လိုဏ်ဂူတစ်ခုလုံးကို အကဲခတ် ကြည့် လိုက်သည်။

မျောက်ကလေးသည် မည်သည့်နေရာမှ ထွက်သွားမှန်း မသိပါချေ။

လိုဏ်ဂူနံရံပေါ်တွင် လူရုပ်များထွင်းထားသည်ကို တွေ့ မြင်လိုက်ရလေ၏။

ထိုလူရုပ်တိုင်းတွင် လှုပ်ရှားမှု တစ်ခုစီရှိကြသည်။

သူမ သေသေချာချာ အကဲခတ်ကြည့်လိုက်သောအခါတွင် ထင်းလူရုပ်များ၏ လှုပ်ရှားမှုမှာ ထူးခြားသော သိုင်းကွက်များ ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

သူမက စဉ်းစားမရ အတွင်းဘက်သို့ ဆက်၍လျှောက်သွား လာခဲ့၏။

ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်လာသောအခါ အလယ် အည့်တည့်၌ ကျောက်ရုပ်ဆင်းတုတစ်ဆူကို တွေ့လိုက်ရလေ သည်။

သူမ ပျောက်ဆုံးသွားသည့်ခေါးသည် ထိုကျောက်ဆင်း ရုပ်ထုရှေ့ မြေကြီးပေါ်၌ စိုက်ထားသည်ကို တွေ့လိုက်ရလေ သည်။

ရှမ်းရှမ်း စမ်းသွားပြီး ခေါးကိုနုတ်ယူလိုက်၏။

သူမ ခေါးကိုဆွဲနုတ်လိုက်စဉ် ကျောက်ဆင်းရုပ်ဘေးရှိ နံရံ ပေါ်၌ စာများရေးထားသည်ကို မြင်လိုက်ရလေ၏။

သူမက အနီးသို့ ကပ်၍ကြည့်လိုက်၏။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အရိပ်မဲ့လိုဏ်ဂူ၏ အငွေ့အနှစ်ကို ရှုသိုက်သူအတွက် ထား သည်။

သူမ စိတ်ဝင်စားသွား၏။

ထိုနေ့က

နံရံပေါ်မှ လူရုပ်များကို ထပ်မံကြည့်ရှုပြန်သည်။

ကြည့်ရှုလေလေ စိတ်ဝင်စားလေလေ ဖြစ်လာနေသည်။

ဤလိုဏ်ဂူသည် သာမန်လိုဏ်ဂူတစ်လုံးမဟုတ်ဟု သူမ နား လည်လိုက်၏။

မြောက်ကလေးသည် သူမ၏ခေါ်းကိုလှုယူ၍ ဤလိုဏ်ဂူသို့ ရောက်ရှိလာခြင်းမှာ မိမိအား ဤလိုဏ်ဂူသို့ ရောက်ရှိအောင် ပို့လွှတ်လိုက်ခြင်း ဖြစ်သည်ကိုလည်း သံသယဖြစ်မိသေးတော့ သည်။

—၀—

အရိပ်မဲ့သိုင်း

ရှမ်းရှမ်းမှာ လိုဏ်ဂူထဲမှ ပြန်ထွက်လာ၏။

သူမသည် မိမိနေထိုင်သည့်နေရာသို့ ပြန်ရောက်လာခဲ့လေ သည်။

ထိုအခါ...

စာတစ်စောင်ကိုတွေ့ရ၍ ဖတ်ကြည့်လိုက်သည်။

'ရှမ်းရှမ်း၊ ငါ အရေးကြီးတဲ့ကိစ္စရှိလို့ တောင်ပေါ် အဆင်းသွားပြီ၊ သိုင်းပညာပြည့်စုံမှ စီမင်မြို့ကို ပြန် လာခဲ့မယ်'

ပုံ

တုရှူ

www.burmeseclassic.com



ဆူမ သက်ပြင်းတစ်ချက်ချလိုက်၏။

'အင်း...ငါ့ဆိုင်းပညာပြည့်စုံဖို့ဆိုတာ မျှော်တာလေးကို နိုင်မှဖြစ်မယ်'

သူမသည် တွေးတောရင်း စားသောက်ဖွယ်ရာများကို အိတ်ထဲထည့်လိုက်၏။

ဖယောင်းတိုင်များနှင့် ကြိုးအစ်ခွေချင်းယူ၍ လိုဏ်ဂူရှိရာသို့ ပြန်လာခဲ့လေသည်။

သူမသည် ကြိုးတစ်စကို ကျောက်ဆောင်တုံးတစ်ခု၌ ခိုင်မြဲစွာ ချည်ထားလိုက်၏။

ပြီးမှ...

ကြိုးကို လိုဏ်ဂူရှိရာအထိ တန်းလန်းချထားလိုက်လေသည်။

ကြိုးဖြင့်ဆင်းရသောကြောင့် လိုဏ်ဂူထဲသို့ အလွယ်တကူပင် ရောက်ရှိလာ၏။

ဆူမသည် ဖယောင်းတိုင်ကို ထွန်းလိုက်၏။

ယခု...

သူမသည် လိုဏ်ဂူထဲမှအခြေအနေကို ကောင်းစွာ မြင်တွေ့နိုင်ခဲ့လေသည်။

လိုဏ်ဂူတစ်ခုလုံးမှာ ဝင်ပေါက်မှလွဲ၍ အခြားထွက်ပေါက် မရှိချေ။

သို့သော်...

အေးစိမ့်သည့်လေသည် မည်သည့်နေရာမှ တိုးဝင်နေပါ သနည်း။



အတန်ကြာအောင် ကြည့်ရှုပြီးနောက် နံရံပေါ်မှလူရုပ် များကို လေ့လာကြည့်ရှုလိုက်၏။

ဆူမသည် အလွန်ဉာဏ်ကောင်းသည့် မိန်းကလေးတစ်ဦး ဖြစ်သည်။

ဆူမသည် နံရံရှေ့၌ထိုင်ချလိုက်ပြီး ရုပ်ပုံတစ်ခုချင်း၏ လှုပ်ရှားမှုများကို သေသေချာချာ လိုက်၍လေ့လာလိုက်လေ သည်။

သူမသည် ရုပ်ပုံများ၏လှုပ်ရှားမှုများကို တစ်ပုံပြီးတစ်ပုံ လေ့လာ၏။

သူမသည် အမှန်တကယ်ပင် ထက်မြက်သည့်သိုင်းကွက်ဖြစ် သည်ကို တွေ့ရှိရလေသည်။

သူမသည် စိတ်ဝင်စားလာသဖြင့် ရုပ်ပုံများ၏လှုပ်ရှားမှု များကို တစ်ကွက်ပြီးတစ်ကွက် လေ့ကျင့်လိုက်လေ၏။

* * *

နောက်တစ်နေ့...

ရှမ်းရှမ်းသည် စားသောက်ဖွယ်ရာများယူ၍ လိုဏ်ဂူထဲသို့ ရောက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် နံရံပေါ်ရုပ်တုများ၏ လှုပ်ရှားမှုအတိုင်း လေ့ကျင့်နေ၏။

ဤသို့ဖြင့်

သုံးရက်မြောက်သောနေ့၌ သူမသည် နံရံပေါ်မှ သိုင်းကွက် ခြောက်ဆယ့်လေးကွက်စလုံး ကျက်မှတ်နိုင်ပြီ ဖြစ်လေသည်။

မကြာမီ—

သူမသည် အရိပ်မဲ့သိုင်းကို လေ့ကျင့်တတ်မြောက်သွားပြီ ဖြစ်သည်။

○ ● ●

နေရောင်ခြည်သည် လိုဏ်ဂူထဲသို့ တိုးဝင်လာလေသည်။

ရှမ်းရှမ်းသည် ကျောက်ဆင်းတုကို စောင်၍ လေ့လာလိုက်သည်။

ထိုကျောက်ဆင်းတုသည် ကျောက်တုံးတစ်တုံးဖြင့် လက်ရာမြောက်စွာ ထုလုပ်ထားခြင်းဖြစ်သည်။

ထိုနောက်

မည်သည့်ချို့ယွင်းချက်မှ မတွေ့ရချေ။



သူမက သေသေချာချာ လေ့လာကြည့်ရှုသောအခါ ကျောက်ဆင်းတုရှေ့၌ ရှိနေသည့်မြေကြီးမှာ အနည်းငယ်ပွနေသည်ကို သတိပြုမိလိုက်လေသည်။

ရှမ်းရှမ်းက ဓားဖြင့် စတင် တူးဆွလိုက်၏။

သုံးပေခန့် တူးမိလိုက်သောအခါ မာကျောသည့် အရာဝတ္ထုတစ်ခုအား ထိမိသွားလေ၏။

'ဟေ...'

သူမ ဝမ်းသာသွား၏။

သူမက ဆက်လက် တူးဖော်လိုက်ပြီး မြေကြီးများကို ဖယ်ထုတ်မိ၏။

ထိုအခါ—

နှစ်ပေကျော် သုံးပေခန့် ရှိသော သေတ္တာတစ်လုံးကို တွေ့ရသည်။

သူမက စိတ်ဝင်တစားဖြင့် သေတ္တာကို ဖွင့်လိုက် မိလေသည်။

ထိုအခါ—

သေတ္တာထဲတွင် ဆင်စွယ်ရောင် တောက်ပနေသော ဓား တစ်လက်ကို တွေ့လိုက်ရ၏။

သူမ ပြုံးလိုက်၏။

ဓားကို ယူ၍ ဝှေ့ယမ်း ကြည့်လိုက်ရာ အလွန် ပေါ့ပါးလှသည်ကို တွေ့ရ၏။

သူမသည် မိမိနေထိုင်သော နေရာသို့ ပြန်သွား၏။

ထိုနေ့က...

www.burmeseclassic.com

www.burmeseclassic.com



မိမိမှာ သိုင်းပညာ မြင့်မားလာပြီ ဖြစ်၍ တောင်အောက်သို့ ဆင်းရန် ဆန္ဒပြင်းပြလာ၏။

သူမသည် အရိပ်မဲ့သိုင်းကို ကောင်းစွာ တတ်မြောက်နေပြီ ဖြစ်၏။

သူမသည် မိမိ၏ သိုင်းပညာကို သဘောကျနေစဉ် မျောက်ကလေး ပြေးလွှား ရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

ထိုမျောက်ကလေးကို တွေ့လိုက်သည်နှင့် တုက္က မှာကြားသွားသည့် စကားတို့ကို သတိရမိ၏။

'မင်း ဒီမျောက်ကလေးကို အနိုင်ရမှ တောင်ပေါ်က ဆင်းရမယ်'

သူမက မျောက်ကလေးကို ပြုံးပြလိုက်၏။

'လာဟေ့ — မျောက်ကလေး၊ မင်းနဲ့ငါ သိုင်းတစ်ခါကြ[illegible]အောင်'

မျောက်ကလေးက ခေါင်းညိတ်လိုက်ပြီး လက်ထဲမှ သစ်သီးတစ်လုံးဖြင့် ပစ်ပေါက်၏။

'ဗွီး —'

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် မျောက်ကလေး ပစ်လိုက်သော သစ်သီးသည် သူမ၏ နဖူးကို ထိမှန်သွားလေသည်။

သူမမှာ ဒေါသ ထွက်သွား၏။

သူမက မျောက်ကလေးကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။



သို့သော် —

မျောက်ကလေးက ရှောင်တိမ်း နိုင်ခဲ့သည်။

သူမသည် သိုင်းကွက်နှစ်ဆယ်ခန့်တိုက်နေသည့်တိုင်အောင် မျောက်ကလေးကို မထိဘဲ ဖြစ်နေ၏။

ရှမ်းရှမ်း စိတ်တိုလာ၏။

အရိပ်မဲ့သိုင်းထဲမှ သိုင်းကွက် တစ်ကွက်ကို အသုံး ပြုလိုက်သည်။

သူမ အသုံးပြုလိုက်သော သိုင်းကွက်သည် အလွန်လျင်မြန်ပြီး အားပါနေ၏။

'ဒုန်း'

ကျယ်လောင်သော အသံနှင့် အတူ မျောက်ကလေးမှာ အဝေးသို့ လွင့်စင်သွား၏။

သူမက မျောက်ကလေးကို သတ်ပစ်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအခါ —

တုက္က၏ စကားကို အမှတ်ရလာသည်။

'မျောက်ကလေးကို မမုန်းပါနဲ့၊ သူဟာ မင်းရဲ့ရန်သူမဟုတ်ပါဘူး၊ အဖော်ကောင်း တစ်ယောက်ပါပဲ'

သူမ ပြုံးမိသည်။

မျောက်ကလေးကို အသက်ချမ်းသာ ပေးလိုက်လေ၏။

မျောက်ကလေးမှာ လူးလဲထပြီး လျင်မြန်စွာ ပြေးထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမအား တောင်ပေါ်မှ ဆင်းရန် အချိန်တန်ပြီဟု နားလည်မိသည်။

သူမသည် လိုအပ်သော ပစ္စည်းအချို့နှင့် အဝတ်အစားများကို သိမ်းဆည်း၍ တောင်ပေါ်မှ ဆင်းလာခဲ့လေတော့သည်။

— ၀ —

## ပညာစမ်းသပ်ခြင်း

ရှမ်းရှမ်းသည် ကိုးကြွစတောင်ပေါ်မှ ဆင်းလာသောအခါ ...င်မြို့သို့ ဦးတည်၍ ထွက်ခဲ့လေ၏။

သူမသည် စီးရန်မြို့သို့ ရောက်ရှိလာခဲ့၏။

မြင်းမှာလည်း ပင်ပန်းနေပြီ ဖြစ်၏။

ထို့ကြောင့်—

တစ်ညတာ နားခိုနိုင်ရန် တည်းခိုခန်း တစ်ခန်း ရှိရာသို့ သွားလိုက်လေ၏။

သူမသည် တည်းခိုခန်း ရှေ့သို့ ရောက်လာသောအခါ လူငယ်တစ်ယောက်က အမြန်တောတန်း ထွက်လာပြီး သူမကို ဦးညွှတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်....

တည်းခိုခန်း၌ ထိုင်၍ ရေနွေးကြမ်း သောက်နေသည့် လူ တစ်ယောက်ကလည်း သူမကို တွေ့သည်နှင့် အမန်းကုတန်း ဒူး ထောက်၍ အရိုအသေ ပြုလိုက်၏။

ထိုနေ့က....

သူမအတွက် သီးသန့် အခန်းသို့ လိုက်ပို့ပေးသည်။

ရှမ်းရှမ်းသည် အရိပ်မဲ့ ခေါ်ကို ခုတင်ပေါ်သို့ ချထားပြီး ပစ္စည်းများ နေရာတကျ ထား၏။

ထိုအချိန်....

လူသုံးယောက်သည် အခန်းထဲသို့ ဝင်လာ၏။

သူမအား ဒူးထောက်၍ အရိုအသေပြုပြီး ပြန်လည် ထွက် သွား၏။

သူမ အလွန် အံ့ဩသွား၏။

ဆိုင်လုလင်ကို မေးမြန်းလိုက်ရ၏။

'ဒီအလူတွေကို သူစိမ်း ဖြစ်သည်ကို ဒီလိုမျိုး အရိုအသေ ပေးသလဲ'

ဆိုင်လုလင် ခေါင်းခါယမ်း၏။

'ဒီလို မလုပ်ကြပါဘူး'

သူမ အံ့ဩသွားသည်။

'ဒါဖြင့်...ဘာဖြစ်လို့ ကျွန်မကို ဒီဇေဆော် အရိုအသေ နေတာလဲ'

ဆိုင်လုလင် ပြုံးမိ၏။



'အစ်မလေး ကြိုးကြာတောင်ပေါ်က လာခဲ့တာမှ မတွေ့ဘူး လား'

သူမ ခေါင်းညိတ်လေ၏။

'တွေ့ပါတယ်ရှင်'

ဆိုင်လုလင်က အရိပ်မဲ့ခေါ်ကို ညွှန်ပြ၏။

'ဒီမြို့မှာ နေထိုင်တဲ့ လူများဟာ အများအားဖြင့် ဗုဒ္ဓ ဘာသာဝင်များဖြစ်ကြပါတယ်၊ သူတို့က အရိပ်မဲ့ခေါ်ကိုတွေ့ရတာ နဲ့ လေးလေးစားစား ဦးညွှတ်ဖို့ အသင့်ဖြစ်နေပါပြီလေ'

သူမ ခေါင်းတဆတ်ဆတ်ညိတ်၏။

'ရှင်တို့က ဆရာသမားကိုတော်တော်လေးစားတတ်တဲ့ လူ တွေကိုး'

ဝ ဝ ဝ

သူမသည် တကူမှာ ထယ်ပူဂိုဏ်း၏ ခေါင်းဆောင် ဖြစ် လာကြောင်း သိထား၏။

တကူမှလွဲ၍ အရေးပါအရာရောက်သော ပုဂ္ဂိုလ်စုနေသည် သိပါ၏။

ထိုကြောင့်

www.burmeseclassic.com



အရိပ်မဲ့ခေါ်းအကြောင်းကို သူတမသိတဲပြစ်နေ၏။

ကျေးလမှ လူများသည် အရိပ်မဲ့ခေါင်းအကြောင်း သိကျွမ်းကြသည်။

သူမသည် ငယ်စဉ်ကတည်းက အစ်ကိုဖြစ်သူနှင့်အတူ သိုင်းပညာ လေ့ကျင့်ခဲ့သည်။

ထို့ကြောင့်

လေပွေကိုဏ်းမှ လူအများအပြားသိကျွမ်းခဲ့ဖူး၏။

သို့သော်....

အရိပ်မဲ့ခေါင်း၏ ပိုင်ရှင်အကြောင်းကို တစ်ဦး တစ်ယောက်မျှ ပြောသံမကြားဖူးပါချေ။

သူမသည် တွေးယင်းတွေးယင်းအိပ်ပျော်မပျော်တဲ ဖြစ်နေလေသည်။

* * *

နောက်တစ်နေ့....

သူမသည် အရိပ်မဲ့ခေါင်းကြောင့် ပြဿနာဖြစ်လာမည်ကို ရိပ်သဖြင့် အရိပ်မဲ့ခေါင်းကို စက္ကူဖြင့်ပတ်ထားလေ၏။

ထိုနောက်



အခန်းငှားခကို ရှင်းပေးပြီးနောက် စီးရန်မြို့မှ ထွက်ခွာလာ၏။

အပြင်ရောက်သောအခါ....

သူမနောက်မှလူနှစ်ယောက်လိုက်လာနေသည်ကိုတွေ့ရလေသည်။

သူမအံ့နည်းငယ်မတွေမနပ်ဖြစ်သွားသည်။

မကြာမီ....

သူမသည် မြစ်ဆိပ်သို့ ရောက်ရှိလာ၏။

သူမမှာ မြင်းကိုရောင်းလိုက်ပြီး လှေငှား၍ စီးမင်မြို့သို့သွားရန် ဟန်ပြင်၏။

သူမ လှေပေါ်သို့ ရောက်ရှိသွားသောအခါ....

သူမ၏နောက်တွင် ပါလာသော လူနှစ်ယောက် ရောက်ရှိလာသည်။

ထိုလူနှစ်ယောက်သည် မြင်းပေါ်မှဆင်းလာကြပြီး အခြားလှေတစ်စင်းပေါ် တက်လိုက်လေ၏။

သူမသည် ထိုလူနှစ်ယောက်မှာ မိမိကို အန္တရာယ် ပြုမည့်သူများဟု ထင်မှတ်လိုက်လေသည်။

ထို့ကြောင့်

သူမက ဦးအောင်တိုက်ခိုက်ရန်ဆုံးဖြတ်၏။

ထိုလူနှစ်ယောက်၏ လှေအနီး ရောက်လာသည့်အခါ လက်ဖက်ရေ ရှမ်း၏။

ထိုလူနှစ်ယောက် သေးကြောပိတ်ခံရ၏။

သူမက သူတို့ကို ကြည့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ယောက် စကားမပြောဘဲ မါးစပ် ပိတ်ထားလေသည်။

'ရှင်တို့ကို အသက်ချမ်းသာ ပေးလိုက်မယ် နောက်ဆိုရင် မသက်သာဘူးမှတ်'

သူမ ပြောပြီး ထိုလူနှစ်ယောက်၏ နဖူးပေါ်လက်ညှိုးဖြင့် ထောက်၏။

သူမ အမှတ်အသားပြုလုပ်ခြင်းဖြစ်၏။

ထိုနောက်

သူမသည် မီမီလှေပေါ် ခုန်တက်ပြီး လှေကလေး စတင်ထွက်လာလေ၏။

လှေကလေး ရေစုန်ဖြင့် မျောပါသွား၏။

သို့သော်...

အကွေ့အကောက်များနေသဖြင့် စိတ်သွားတိုင်းကိုယ်မပါနိုင်ချေ။

သူမသည် ထိုင်ရာမှ အိပ်ငိုက်လာ၏။

'ဝုန်း'

ကျယ်လောင်သည့်အသံကြောင့် သူမဆတ်ခနဲခေါင်းထောင်ကြည့်၏။

စလှေထိုးသား ရေထဲပြုတ်ကျသွားသည်။

လှေဦးမှလည်း မီးလောင်ကျွမ်းနေသည်။

သူမက နေရာကိုတပျောကလာကြည့်လိုက်ရာ...

သူမ ဆုံးမလွှတ်လိုက်သည့် လူနှစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။



သူမသည် ကုန်းပေါ်သို့ ခုန်တက်သွားရာ...

ထိုလူနှစ်ယောက် ရေထဲသို့ ဆင်းပြေးသွားသည်။

လှေကလေး တဖြည်းဖြည်း နစ်မြုပ်သွားသည်။

ယခုမှ...

သူမသည် အရိပ်မဲ့ဓား လှေပေါ် ကျန်ရစ်ခဲ့သည်ကို သတိရလာသည်။

သူမသည် ရေအောက်ဆင်း၍ ဆယ်ယူရန် ရေမကူးတတ်ချေ။

လှေနစ်သွားသောအခါ မီးများလည်း ငြိမ်းသွားသဖြင့် မြစ်ကြောင်းမှာ မှောင်မည်း၍နေသည်။

သူမ ထိုနေရာ၌ပင် ထိုင်၍ မိုးလင်းသည်အထိစောင့်နေလေသည်။

သူမ ဝေသေချာချာစဉ်းစားလိုက်သောအခါ...

ထိုလူနှစ်ယောက်သည် မိမိနှင့်ရန်ငြိုးမရှိဘဲ လာရောက်ရန်ရှာနေသည်မှာ အရိပ်မဲ့ဓားကြောင့်ဖြစ်သည်ကို နားလည်လိုက်သည်။

ထိုလူနှစ်ယောက်သည် ရေထဲသို့ ဆင်းသွားခြင်းမှာလည်း အရိပ်မဲ့ဓားကိုဆင်း၍ ဆယ်ယူသည်ဟု တဆက်တည်း စဉ်းစားမိလေသည်။

သို့သော်...

သူမသည် အရိပ်မဲ့ဓားထက် ပိုအရေးကြီးသောကိစ္စရှိနေသဖြင့် ဓိဓားအကြောင်း ခေတ္တမေ့ထားပြီး စီမင်းမြို့သို့ ခရီးဆက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် နေ့ရောညပါ ခရီးနှင်လာရာ နှစ်ရက် အကြာ၌ စီမင်းတောင်ခြေရောက်ရှိလာ၏။

သူမတောင်ပေါ်သို့ တက်ရန်ဟန်ပြင်ရာ လူဖာစ်ယောက် လမ်းပိတ်ထားသည်ကို တွေ့ရ၏။

သူမ ကြောင်ဖာမ်းအမ်းဖြစ်သွား၏။

လူငယ်က ပြုံး၍

'ဒီတောင်ပေါ်ကို တက်ချင်တယ်ဆိုရင် ကျော်ပ်ကိုနိုင်မှ ဖြစ်မယ်'

သူမ မကျေမနပ်ဖြစ်သွားခလသည်၊

'ကျွန်မ ဆရာကြီးကျောင်းယိုနဲ့ တွေ့ချင်လို့'

လူငယ် ခေါင်းညိတ်၏၊

'ကျော်ပ်ကိုနိုင်ရင် ဆရာကြီးကျောင်းယိုနဲ့ တွေ့ပေးပါ့မယ်'

'ကောင်းပြီလေ'

စကားဆုံးလျှင် ပုလဲ့အာ လှတ်ဝါးနှစ်ဖက်ဖြင့်တွန်းထုတ်သေသည်၊

လူငယ်က ငုံ့ရှောင်လိုက်ပြီး သူမ၏ ဆည်မျိုကို ဆတ်နှစ်ချောင်းဖြင့် ထိုးသွင်းလာ၏၊

ရှမ်းရှမ်းက သိမ်းငှက်အစေသုတ် သိုင်းကွက်ဖြင့် ဝင်လာ လက်နှစ်ချောင်းကို ဖမ်းဆုပ်ပြီး တဲ့ယလက်ဖြင့် တွန်းထုတ်သေသည်၊

လူငယ် လက်ကို ဆယ်ပြုကာယာ ရုပ်သိမ်းပြီး ရှောင်တိမ်းလိုက်ပြင်လေ၏၊

သို့သော်...



သူမ၏ လက်ဝါးစောင်းက သူ၏ ပခုံးသို့ ကျရောက်လာသည်၊

'ဝုန်း'

ကျယ်လောင်သည့်အသံနှင့်အတူ လူငယ်နောက်သို့ လွင့်စင်သွားလေသည်၊

ထိုစဉ်...

'ဟား...ဟား...ဟား'

ကျယ်လောင်သည့်ရယ်သံတစ်သံပေါ်လာသည်ကို ကြားရသည်၊

ရှမ်းရှမ်းက လှည့်ကြည့်ရာ သူမ၏ဆရာတုကနှင့်ချောင်းယိုတို့ ဖြစ်နေသည်ကိုတွေ့ရလေသည်၊

ဝ ဝ ဝ

ရှမ်းရှမ်းတို့ မကြာမီတောင်ပေါ်သို့ရောက်ရှိ လာခဲ့ကြလေသည်၊

တောင်ပေါ်၌ တဲအိမ်တစ်လုံးရှိ၏၊

ကျယ်ဝန်းလှသည် မဟုတ်သော်လည်း လူဆယ်ယောက်ခန့် နေနိုင်ရန် အခန်းများဖွဲ့စည်းထား၏၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ညှော်နံ့နံ့ထဲ၌ထိုင်ရင်း စကားစမြည် ပြောဆိုနေကြ၏။

ထိုစဉ်—

လင်းနို့ပုန်းမျှော့သည် ရှမ်းရှမ်းတို့ရှိရာသို့ ရောက်ရှိလာကြ၏။

'ဝှစ် ဝှစ် ဝှစ်'

တုတ္တုအား လက်တစ်ဖက်ဝေ့ယမ်းလိုက်ရာ လင်းနို့ပုန်းများ မြေပေါ်ပြုတ်ကျသွား၏။

သူသည် လာရောက်လုပ်ကြံသူသော လူကို အကဲခတ်ကြည့်လိုက်၏။

ထိုအခါ—

လူရိပ်တစ်ခုသည် တောအုပ်ထဲသို့ ရိပ်ခနဲ ပြေးဝင်လာသည်ကို တွေ့လိုက်ရလေ၏။

'မပြေးနဲ့'

တုတ္တုက ဟန့်တားရင်း လူရိပ်နောက်သို့ ပြေးလိုက်လာခဲ့သည်။

ထိုလူသည် ပြေး၍မလွတ်မှန်းသိတဲ့ ရပ်တန့်လိုက်လေ၏။

တုတ္တုသည် ထိုလူကို တွေ့မြင်လိုက်ရသောအခါ အံ့သြသွားသည်။

'ဟင်....ဆောင်းလိ'

ဆောင်းလိသည် ပြေးမလွတ်မှန်းသိ၍ တုတ္တုအား ဆီး၍တိုက်ခိုက်လိုက်လေ၏။

တုတ္တုသည် လက်ဝါးဖြင့် ခုခံလိုက်၏။



'ဝုန်း....'

ကျယ်လောင်သောအသံထွက်ပေါ်လာပြီး ဆောင်းလိမှာ နောက်ထွက်သွားရသည်။

သူက မတွန်းမန်းသိ၍ကျွမ်းပစ်ကာ တောင်အောက်သို့ ပြေးဆင်းသွားလေ၏။

တုတ္တုသည် အလွတ်မပေးတဲ့ နောက်မှ ပြေးလိုက်သွားလေသည်။

တောင်အောက်သို့ရောက်သောအခါ ထမ်းဘေးတောအုပ်ထဲမှ အမျိုးသမီးတစ်ယောက် ရုတ်တရက် ပြေးထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုအမျိုးသမီးသည် ဓားတိုနှစ်ဖက်ဖြင့် တုတ္တုအား ဆီးကြို၍ တိုက်ခိုက်လာ၏။

သူမ၏တိုက်ခိုက်မှုမှာ လျင်မြန်ပြီး အားမန်ရှိလှပေသည်။

တုတ္တု နောက်ဆုတ်လိုက်သည်။

'မင်းက ဘယ်သူလဲ'

အမျိုးသမီးက မဲ့ပြုံးပြုံးလိုက်၏။

'စန်းစီနယ်က အပ်ဝိဇ္ဇာချူအော့ကိုမသိဘူးလား'

တုတ္တုက ရယ်မောလိုက်၏။

'သိတာပေါ့၊ မင်းက မိန်းမစိုးပြပဲ'

ချူအော့ ဒေါသချောင်းချောင်းထွက်သွားလေ၏။

'သေပေတော့'

သူမက အပ်များဖြင့်ပစ်ခတ်ရန်ဟန်ပြင်လိုက်လေ၏။

တုတ္တုကလည်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်—
ရှမ်းရှမ်းက ပြေးလွှားရောက်ရှိလာလေ၏၊
လူမလာ တုတ္တူအား အပျော်ယာရှင်းပြလိုက်၏၊
'ဆရာ—သူက ကျွန်မရဲ့အဘွားဖူးရှင်ပါ'
တုတ္တူ နှုတ်ဆက်လိုက်၏၊
ချူအော့က တုတ္တူကိုညွှန်ပြလိုက်၏၊
'ဒီအဘိုးကြီးက နင့်ဆရာလား'
လူမလာ ခေါင်းညိတ်လိုက်၏၊
'ဟုတ်ပါတယ်ရှင်'
ချူအော့ မျက်မှောင်ကုပ်လိုက်၏၊
'နင်တို့က မန်ချူးတော်လှန်ရေးသမားတွေဆို'
ရှမ်းရှမ်း ခေါင်းညိတ်လိုက်သည်၊
'ဟုတ်ပါတယ်ရှင်'
ချူအော့နှာခေါင်းရှုံ့လိုက်သည်၊
'မင်းတို့က တော်လှန်ရေးသမားတွေဆိုရင် မန်ချူးတွေကို မတိုက်ဘဲနဲ့ ဘာဖြစ်လို့ အချင်းချင်း ပြန်တိုက်နေရတာလဲ'
ရှမ်းရှမ်းပြုံးလိုက်သည်၊
'အထင်မလွဲပါနဲ့ရှင်၊ ကျွန်မတို့ ဆေပွေ့ဂိုဏ်းရဲ့အရိပ်မဲ့ဓားကို တောင်းလိုလူစုက လုယူသွားလို့ ပြန်တောင်းနေတာပါ'
ချူအော့ ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်၊
'အရိပ်မဲ့ဓားအတွက်ဆိုရင် ငါပြန်ပေးမယ်'
'ကျေးဇူးပါပဲရှင်'
ရှမ်းရှမ်းက ကျေးဇူးတင်ကြောင်း ပြောလိုက်သည်၊



ချူအော့က တုတ္တူကို စေ့ကြည့်လိုက်သည်၊
'ကဲ—ဒါဖြင့် ငါသွားမယ်၊ အရိပ်မဲ့ဓားကို ငါပို့ခိုင်းလိုက်မယ်'
တုတ္တူက ခေါင်းညိတ်လိုက်သည်၊
'ကောင်းပြီလေ၊ ခင်ဗျားကတိတည်ပါစေ'
ချူအော့ ပြုံးလိုက်သည်၊
'စိတ်ချပါ၊ ကျုပ် ဘယ်တော့မှ မမှန်တာမလုပ်ဘူး'
လူမဟာ စကားဆုံးလျှင် ရှမ်းရှမ်းအားနှုတ်ဆက်၍ ထွက်သွားလေသည်၊

—ဝ—

www.burmeseclassic.com

www.burmeseclassic.com

## ခရီး

ချူအော့ ထွက်သွားပြီဖြစ်သည်။

ရှမ်းရှမ်းနှင့်တုကုတို့သည် ကောင်းလီကို လိုက်လံရှာဖွေကြ ရာ အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ထို့ကြောင့်

သူတို့ တောင်ပေါ်သို့ တက်လာခဲ့ကြ၏။

တောင်ပေါ်သို့ရောက်သောအခါ ကျောင်းယုံက ဆိုကြ ပြောလေ၏။

'ငါ—တောင်အောက်ကို မဆင်းလို့မဖြစ်တော့ဘူး၊ ကြောင့် မနက်ဖြန်မနက်သွားမယ်'

ထိုနေ့က



တဲအတွင်းပြန်ဝင်လာပြီး ရှေးခရီးစဉ်ကို ပြောဆို ဆွေးနွေးကြ၏။

သူတို့သည် ညဉ့်နက်မှပင် အိပ်ရာဝင်ခဲ့ကြလေ၏။

၀ ၀ ၀

တုကုသည် အခန်းထဲမှ ထွက်လာသည့်အခါ ကျောင်းယုံအား ဧည့်ခန်းထဲ၌ ထိုင်နေသည်ကို တွေ့ရသဖြင့် အံ့ဩသွားလေသည်။

'ခင်ဗျား စောစောသွားမယ်ဆို'

ကျောင်းယုံ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ထိုအချိန်

ရှမ်းရှမ်းသည်လည်း အခန်းထဲမှထွက်လာ၏။

သူမသည် ကျောင်းယုံထိုင်နေသည်ကို မြင်ရသဖြင့် မေးလိုက်လေသည်။

'ဆရာကြီး၊ မသွားသေးဘူးလား'

ကျောင်းယုံ ခေါင်းခါလိုက်လေ၏။

'ငါ ပြောစရာရှိတယ်၊ ထိုင်ကြပါဦး'

တုကုနှင့်ရှမ်းရှမ်းတို့ ဝင်ရောက်ထိုင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းယုံက တုကုတို့ကို ငေးကြည့်လိုက်၏။

'ငါ့တစ်ယောက်တည်း သွားတာထက် ငါတို့သုံးယောက် အတူတူသွားရင်း ပိုပြီးကောင်းမလားလို့ စဉ်းစားမိပြီး တိုင်ပင်မလို့ စောင့်နေတာ'

'ဟာ…သိပ်ကောင်းတာပေါ့'

ရှမ်းရှမ်းက ဝမ်းသာအားရပြောလိုက်၏။

ကျောင်းယုံသည် တုကုကိုကြည့်လိုက်၏။

'ခင်ဗျား ဘယ်လိုသဘောရသလဲ'

တုကု ခေါင်းညိတ်လိုက်လေ၏။

'ကောင်းပါတယ်'

'ဒါဖြင့် ဒီနေ့မဆင်းဘဲ မနက်ဖြန်မိုးလင်းတာနဲ့ တောင်ပေါ်က ဆင်းကြမယ်'

လူမ ဦးညွှတ်လိုက်လေ၏။

'ဟုတ်ကဲ့ပါ ဆရာကြီး'

လူမက တုကုဘက်သို့ လှည့်လိုက်လေ၏။

'ဒါနဲ့ အရိုင်မဲ့ဓားက ဘယ်လိုစွမ်းအင်ရှိသလဲဆိုတာ ဆရာ သိသလား'

တုကု သက်ပြင်းတစ်ချက်ချလိုက်သည်။

'အရိုင်မဲ့ဓားပိုင်ရှင် ချင်းစန်းဂိုဏ်းချုပ်ဟာ သိုင်းလော[illegible] သားတိုင်း ကြည်ညိုလေးစားခြင်းခံရတဲ့ လူတစ်ယောက်ပေါ့ အရိုင်မဲ့ဓားအပေါ်မှာ လျှို့ဝှက်တဲ့နည်းနဲ့ သိုင်းကျမ်းကို [illegible] ထားတယ်လို့ သိထားကြတယ်၊ အမှန်တကယ် ဖွင့်[illegible] ဆိုတော့တော့မှ ကျုပ်လည်း မပြောတတ်ဘူး'



လူမ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ထိုစဉ်

ကျောင်းယုံ၏စကားသံ ထွက်ပေါ်လာလေသည်။

'ကဲ…မနက်ဖြန်သွားမယ်ဆိုရင် အခုကတည်းက ပြင်ဆင်ကြပေအော့'

ရှမ်းရှမ်းနှင့်တုကုတို့သည် ကျောင်းယုံကိုနှုတ်ဆက်၍ မိမိတို့ အခန်းရှိရာသို့ ထွက်သွားကြလေသည်။

၀ ၀ ၀

နေခြည်ဖြာကျနေ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ရှမ်းရှမ်းတို့လူစုသည် မီးပွင့်တောင်ပေါ်မှ ဆင်းလာခဲ့ကြသည်။

သူတို့သည် ထိုးကြိုဂိုဏ်းချုပ် ချင်းဟုန်ထံ သွားရောက်[illegible]မ်းရန် ဖြစ်လေသည်။

ရှမ်းရှမ်းတို့သုံးယောက် ရွာလေးတစ်ရွာသို့ ရောက်ရှိလာ[illegible]အခါ နေဝင်နေပြီဖြစ်သည်။

ကျောင်းယုံက ထိုရွာလေးကို ညွှန်ပြလိုက်၏။

www.burmeseclassic.com

'ငါတို့ ဒီည ဒီရွာမှာပဲတည်းခိုကြမယ်'
လူတို့သည် မိန်းမလေးဆီသို့ လျှောက်သွားလေ၏။
ယင်းနေစဉ်....
အကျိုးအကြောင်းပြောပြီး တည်းခိုကြလေသည်။

ရွာသားများလည်း မှောင်စပျိုးနေပြီဖြစ်၍ ဆက်ခံအား အိမ်တစ်လုံးသို့ ခေါ်ဆောင်သွားပြီး စားသောက်ဖွယ်ရာများ ဖြင့် တည်ခင်းဧည့်ခံလေ၏။

—o—

## ပဟေဠိဆန်ဆန်

---

ရှမ်းရှမ်းသည် မိမိ၏အခန်းထဲ၌ထိုင်၍ စဉ်းစားနေစဉ် သူမ၏မျက်စိဝန်းအစုံသည် အမှတ်မထင် ပြတင်းပေါက်ရှိရာသို့ ရောက်ရှိသွားလေ၏။

အမှောင်ထုက ကြီးစိုးနေသောကြောင့် ပီပီသသ မြင်တွေ့ရသည်။

လူတစ်ယောက်သည် အနက်ရောင်မြင်းတစ်ကောင်ကို စီး၍ ရွာလည်လမ်းအတိုင်း လာနေသည်ကို တွေ့လိုက်ရလေသည်။

သူ၏တစ်ကိုယ်လုံး အနက်ရောင်ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားပြီး ဦးခေါင်း၌ အနက်ရောင်ပိုးပဝါ စည်းနှောင်ထားသဖြင့် မျက်နှာကို သေသေချာချာမမြင်ရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ယောက်ကဟုထင်မှတ်၍ ပေါ့ပေါ့ တ
သ၏။
စ်ခြားနေရာသို့ အတန်ကြာအောင်ကြည့်ပြီး
ကြည့်လိုက်လေ၏။

သို့အစုံ ပြုံးကျယ်သွား၏။
မှာ....
ရာင် ဝတ်စုံနှင့်လူက တံခါးသို့ ရောက်ရှိလာ
ဖြစ်သည်။
လဲ ထွက်ခဲ့စမ်း'
ည့်စိတ်ကို ချုပ်တည်းလော ရှမ်းရှမ်းက

းတစ်ခွန်းမှမပြောဘဲ ဆူမကို ဝင်ရောက်တိုး

ပျောအလာချောင်တိမ်း၍ ပြန်လည်တိုးဖိုး

း သံ ထွက်ပေါ်လာသည်ကို ကြား၍

ဘယ်ဆူနဲ့ရန်ဖြစ်နေတာလဲ'
၍ခင့် တုကုလည်း ရောက်ရှိလာ၏။



အနက်ရောင် ဝတ်ဆင်ထားသူမှာ သူ၏
ညီသာသောကြောင့် တိုဖိခိုက်ရာမှ ရပ်ပြီး
ထွက်ပြေးသွားလေသည်။

၀ ၀ ၀

တုကုနှင့် ကျိုင်းယုံတို့သည် ရှမ်းရှမ်း၏ အခန်း
ခဲ့၏။
မိုးဖွဲလေးတို့ စတင် ရွာချလာ၏။
တုကု ပြုံးလိုက်၏။
'မိုးရွာတာ ငါတို့အတွက် အကျိုးရှိတယ်'
သူမ မျက်မှောင်ကုတ်မိ၏။
'ဘာဖြစ်လို့လဲ'
တုကုက အပြင်သို့ လှမ်းကြည့်၏။
'မိုးရွာတဲ့ အတွက် မြင်းခွာရာတွေ ကျန်ရစ်ခဲ့မယ်။
ထိုင်း လိုက်သွားရင် အဲဒီလူ ဘယ်သူလဲ ဆိုတာ သိရ
'
ကျိုင်းယုံ ခေါင်းညိတ်သည်။
'ဟုတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



[illegible] တစ်ခု ထပ်ရာကို သတိရလာ၏။

'ကျွန်မ သင်ထားတဲ့ အရိပ်မဲ့ သိုင်းပညာဟာ လျှို့ဝှက် သိုင်းပညာ ဖြစ်ပါတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ ထင်သလောက် မစွမ်းတာလဲ'

ကျောင်းယုံ သက်ပြင်းတစ်ချက် ချလိုက်၏။

'အရိပ်မဲ့ သိုင်း သာကြွေးတဲ့အခါမှာ ဆေးတစ်မျိုး ဖော်စပ်ပြီး သောက်ရတယ်လို့ ကြားဖူးတယ်၊ မင်း အဲဒီဆေး[illegible]ကို ရလိုက်သလား'

'ကျွန်မ မတွေ့ပါဘူး ဆရာကြီး'

ကျောင်းယုံ ခေါင်းတစ်ချက် ညိတ်သည်။

'ဒါဖြင့် အဲဒီဆေးဟာ အရိပ်မဲ့ ဓားရဲ့ ဖြစ်လိမ့်မယ်'

'ဒီလိုဆိုရင် အရိပ်မဲ့ဓားကို အမြန်ဆုံး ပြန်တောင်းမှ ဖြစ်မယ်'

၀ ၀ ၀

မိုးလင်းလာပြီ ဖြစ်၏။

တုကျူး အိပ်ရာမှ နိုးလာသောအခါ အခန်းတံခါးကို ဖွင့်၍ ထွက်လာ၏။



မြေပေါ်မှ မြင်းခွာရာတို့သည် ထင်ရှားစွာ ရှိနေသည်ကို တွေ့ရ၏။

ရှူသည် ကျောင်းယုံအား အကျိုးအကြောင်း ပြောပြလိုက်သည်၊

'ကျုပ်တို့ မြင်းခွာရာ အတိုင်း လိုက်ရင် အဲဒီလူကို တွေ့မှာ သေချာတယ်'

ထိုစဉ်—

ရှမ်းရှမ်းလည်း အခန်းထဲမှ ထွက်လာ၏။

သူတို့သည် အိမ်ပိုင်ရှင်အား နှုတ်ဆက်၍ မြင်းခွာရာအတိုင်း လိုက်ခဲ့လေ၏။

၀ ၀ ၀

သူတို့သည် ခြေလျင်ဖြင့် လျှောက်သွားသော်လည်း ကိုယ်ဖော့ပညာကို အသုံးပြုကြသဖြင့် မကြာမီ ရွာတစ်ရွာသို့ရောက်ရှိလာ၏။

မြင်းခွာရာမှာ ရွာအဝင်လမ်းပေါ်၌ ပျောက်ကွယ်သွားလေသည်။

ကျောင်းယုံက ရွာထဲသို့ လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလူ ရွာထဲရောက်နေတာ သေချာတယ်'

ရွာကလေး၏ အဝင်လမ်း၌ ဆိုင်းဘုတ်တစ်ခု စိုက်ထူထားသည်။

သူတို့သည် ရွာထဲသို့ မဝင်သေးဘဲ အတန်ကြာမျှ ရပ်၍ အကဲခတ်ကြည့်နေ၏။

ဆိုင်းဘုတ်ပေါ်၌ ကျူးကျော် ကျေးရွာဟု ရေးထားလေသည်။

ထိုစဉ်....

ကျင်းယုံက တစ်နေရာသို့ ညွှန်ပြလိုက်၏။

'ဟိုမှာ မြင်းအနက် တစ်ကောင်ဟေ့'

ရှမ်းရှမ်းနှင့် တုကုက ကျင်းယုံတို့က ညွှန်ပြရာသို့ကြည့်လိုက်သည်။

ထိုအခါ

ရွာထဲ၌ မြေကွက်လပ်တစ်ခုတွင် မြင်းတစ်ကောင်က မြက်စားနေသည်ကို တွေ့ရ၏။

ရှမ်းရှမ်း ဝမ်းသာသွားသည်။

'ကျွန်မတို့ ဝင်ကြမယ်'

တုကုက လက်ကာပြ၏။

'မင်းတို့ ဒီမှာ စောင့်နေ၊ ငါဝင်ပြီး လေ့လာကြည့်ဦးမယ်'

ကျင်းယုံနှင့် ရှမ်းရှမ်းတို့က သဘောတူလိုက်လေ၏။

'ကောင်းပါပြီ'

၀ ၀ ၀



တုကုက ရွာထဲသို့ တစ်ချက်မျှ အကဲခတ် ကြည့်လိုက်လေသည်။

အနက်ရောင်မြင်း မြက်စားနေသော နေရာ အနီး၌ ဘုံကျောင်းတစ်ခု ရှိနေသည်ကို တွေ့လိုက်ရ၏။

ထိုအချိန်....

အဘိုးအို တစ်ယောက်သည် နွားတစ်ကောင်ကိုဆွဲ၍ရောက်ရှိလာ၏။

တုကုက ဦးညွှတ်လိုက်၏။

'မိတ်ဆွေကြီး၊ ဒီရွာက ကုအမျိုးအနွယ်တွေ နေထိုင်တဲ့ ရွာလား'

အဘိုးအိုက အလွန်သဘောကောင်းသည်။

'ဟုတ်ပါတယ်....မိတ်ဆွေအား ဒီဒေသမှာ မတွေ့ဘူးနဲ့ တူပါတယ်'

တုကု ခေါင်းညိတ်၏။

'ဟုတ်ကဲ့...ကျုပ်က မြောက်ပိုင်းက လာတာပါ၊ ဒီရွာမှာ ကျူးလေ့ဆိုတဲ့လူ ရှိပါသလား၊ သူဟာ ကျုပ်မိတ်ဆွေပါ၊ လမ်းကြုံလို့ ဝင်လာတာ'

အဘိုးအို မျက်မှောင်ကြုတ်လိုက်သည်။

'ဒီနာမည်ကို မကြားဖူးဘူးဗျ'

တုကုက အနက်ရောင် မြင်းကို ညွှန်ပြသည်။

'ဒါက သူ့ရဲ့မြင်း မဟုတ်လား'

အဘိုးအိုက လှည့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ သူဟာ ညွှဲ့သည် တစ်ယောက်ပါ၊ မနေ့က ရောက်လာပြီး ဘုံကျောင်းထဲမှာ တည်းနေတယ်၊ မြင်းရှိသေးရင် ထွက်သွားသေးတာ မသေချာတယ်'

တုကု ခေါင်းညိတ်လိုက်သည်၊

'ကျေးဇူးတင်ပါတယ်ဗျာ'

'ဝင်ကြည့်လေ၊ ကျုပ်ဆေးတော့ အလုပ်ရှိလို့ သွားဦးမယ်'

တုကုရှေ့ခင်အား ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ကဲ့'

o o o

အဘိုးအို ထွက်သွားပြီးနောက် တုကုသည် ဘုံကျောင်းသို့ လျှောက်သွားလေ၏၊

သူသည် တံခါးကို အသာဖွင့်လိုက်၏၊

ထိုအခါ...

အခန်းအတွင်း၌ လူသန်ကြီးတစ်ယောက်ရှိနေသည်ကို တွေ့ရလေသည်၊

ထိုလူသည် ရွာသားတစ်ယောက်မဟုတ်ကြောင်းယုံကြည်သည်၊



တုကု အကြံတစ်ခုရရှိပြီး လှမ်းပြော၏၊

'မြင်းထွက်သွားပြီဗျ'

သူက ကျယ်လောင်စွာ အော်ဟစ်ပြီး မြင်းပေါ်သို့ ခုန်တက်သည်၊

ထို့နောက်

ရွာအပြင်သို့ မောင်းနှင်သွားလေသည်၊

သူ၏ စိတ်ထဲတွင် လူသန်ကြီးမှာ မြင်းပိုင်ရှင်ဖြစ်ရမည်၊

သူ နောက်ပြေးလိုက်လာမည်ဟုထင်မှတ်ထား၏၊

သို့သော်

ထိုလူက လိုက်လာခြင်းမရှိချေ၊

မြင်းနောက်သို့ လိုက်လာသောလူမှာ မျောက်တစ်ကောင်နှင့်တူသည့် အသက်လေးဆယ်ခန့်ရှိ လူတစ်ယောက် ဖြစ်လေသည်၊

ထိုလူ ရွာပြင်ရောက်သည့်အခါ မြင်းရှေ့မှ ပိတ်ရပ် လိုက်ဆီးသည်၊

ထိုလူမှ ပြုံးပြ၏၊

'တုကု ခင်ဗျားဟာ လေပွေဂိုဏ်းသူရဲကောင်းတစ်ယောက်ပဲ ကျုပ်နဲ့ တစ်ပွဲတစ်လမ်း စမ်းရအောင် မြင်းပေါ်က ဆင်းခဲ့ပါ'

တုကု ပြုံး၏၊

'ကျုပ် မင်းကို စကားပြောစရာရှိတယ်'

ထိုလူခေါင်းခါ၏၊

'ခင်ဗျားနဲ့ ကျုပ် စကားပြောစရာမရှိဘူး၊ သိုင်းပညာပဲပြိုင်စရာရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



တုကု မြင်းပေါ်မှဆင်းရန်ဟန်ပြင်၏။

ယုလှသည် လေထဲခုန်သိုဆ်ပြီး တုကုကို ကန်ကျောက်လေသည်။

ယုလှက မြင်းပေါ်မှ ငုံ့၍ ရှောင်တိမ်း၏။

ထိုလူ မြင်း၏ တစ်ဖက်ကျသွား၏။

သူ မြင်းပေါ်မှဆင်းလေ၏။

ထိုလူက လက်ဦးအောင်တိုက်ခိုက်လာပြန်သည်။

ထိုလူ၏ တိုက်ခိုက်မှုမှာ မြင်းကိုလုရန်ဖြစ်ကြောင်း သူ နားလည်လာ၏။

ထို့ကြောင့်

မြင်းအနားမှ မခွာဘဲ ထိုလူအားတိုက်ခိုက်လေ၏။

ထိုအချိန်တွင်—

သူမနှင့်ကျောင်းယုံတို့ ရောက်ရှိလာသည်ကိုတွေ့ရသည်။

သူမသည် ထိုလူကို တွေ့ရသောအခါ အံ့ဩ သွားလေသည်။

'ဟောတော့ သူက ချူစန်းပဲ'

ချူစန်းသည် ရှမ်းရှမ်းအားတွေ့မြင်ရသောအခါ အားနာ သွားလေသည်။

သူမက ချူစန်းအားကြည့်လေ၏။

'ဒီမှာချူစန်း၊ ရှင်က ကျွန်မအသက်ကိုကယ်ခဲ့တဲ့ ကျေးဇူးရှင် ဘာရည်ရွယ်ချက်ရှိတယ်ဆိုတာ အေးအေးဆေးဆေးပြောရင် မကောင်းဘူးလား'

ချူစန်းက နောက်ဆုတ်သွားပြီး မချိပြုံးပြုံးလေသည်။



ကျောင်းယုံကြားဖြတ်ပြော၏။

'ခင်ဗျားက ရှမ်းရှမ်းရဲ့ ကျေးဇူးရှင် တစ်ယောက်ပဲ၊ ဘယ် အရာမဆို တိုင်ပင်ဆွေးနွေးပြီး ဖြေရှင်းတာ ကောင်းတာပေါ့၊ ငါတို့ လူသုံးယောက်ရှိပေမယ့် အနိုင်မကျင့်ပါဘူး'

ချူစန်း သက်ပြင်းချ၏။

'ခင်ဗျားတို့ ဘာပြောချင်လို့လဲ'

တုကု မြင်းကိုဆွဲလိုက်၏။

'တောင်ကုန်းပေါ်မှာ စကားပြောကြတာပေါ့'

ချူစန်း ဘာမှမပြောတော့ဘဲ သူတို့နှင့်အတူ တောင်ပေါ်သို့ တက်လေ၏။

သူတို့သည် မြက်ခင်းပေါ် ထိုင်ချလေ၏။

ရှမ်းရှမ်းက စတင်မေး၏။

'ကျွန်မရဲ့ အရိပ်မဲ့ ဓားကို ရှင်ခိုးသွားတာလား'

ချူစန်း ခေါင်းခါ၏။

'ကျုပ်မယူပါဘူး'

သူမ မျက်မှောင်ကြုတ်၏။

'ရှင် အရိပ်မဲ့ဓားကို ခိုးမသွားရင် ဘာကြောင့် ကျွန်မ နောက်က လိုက်လာရတာလဲ'

ချူစန်း ခေါင်းခါ၏

'ကျုပ် ခင်ဗျားတို့ နောက်လိုက်လာတာမှ မဟုတ်တာ'

သူမ မျက်မှောင်ကြုတ်၏။

'ရှင်နဲ့ ကျုပ်တို့ အတူတူလာကြတာမဟုတ်ဘူးလား'

ချူစန်း ခေါင်းခါ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျူး သူနဲ့ အတူ လာတာ မဟုတ်ဘူး'

ကျောင်းယုံ ဝင်ပြော၏။

'ဒါဖြင့် ကျုပ်တို့ဆီက အကူအညီလိုချင်လို့လား'

သူ ခေါင်းခါ၏။

'ဘာမှ မလိုချင်ဘူး၊ ကျုပ်မြင်းစီးပြန်လိုချင်ပါတယ်'

တုကုတ်မှာ ချူစန်းအပြစ် ရှိသားမှုမရှိဟု သူရိပ်မိလိုက်သည်။

'ချူစန်း ကျုပ်ပြောချင်တာက ဘယ်အရာမျိုးမဆို မှန်မှန်ကန်ကန် ပြောတာကောင်းတယ်၊ ကျုပ် မြင်းကိုပြန်ပေးမှာပဲ၊ ဒါပေမယ့် ဖြစ်ပေါ်တဲ့ကိစ္စကိုတော့ ရှင်းရှင်းလင်းလင်း ပြောစေချင်တယ်'

ချူစန်းက သူ့အားမော့ကြည့်၏။

'ခင်ဗျားဘာသိချင်လို့လဲ'

တုက သက်ပြင်းချ၏။

'လွန်ခဲ့တဲ့ ရက်ပိုင်းလေးက ကျူး ကျုပ်တို့နဲ့ တိုက်ခိုက်ခဲ့ကြတယ်၊ ခင်ဗျားအမေက အပ်နဲ့ပစ်ပြီး ကျုပ်တို့ကို ကယ်တင်ခဲ့တယ်၊ ဒါကြောင့် ခင်ဗျားနဲ့ ကျူးလေ့ ဘယ်လို ပတ်သက်နေသလဲ'

ချူစန်း မျက်မှောင်ကြုတ်၏။

'ကျုပ်အမေလို့ ခင်ဗျားဘာကြောင့်ပြောနိုင်သလဲ'

'ခင်ဗျားအမေက ချူးဘော့မဟုတ်လား'

'ဟုတ်ပါတယ်'

တုက ပြုံး၏။



'ခင်ဗျား ကျုပ်တို့နောက်က လိုက်လာတာ အကြောင်းတစ်ခုတော့ရှိမယ် ဟုတ်တယ်မဟုတ်လား'

ချူးစန်း ပါးစပ်ပိတ်ထားလေ၏။

တုက၏

'ကျုပ် သတ်မှာ မင်းထွက်ပြေးနိုင်ယင် ဒေပေ့ ဂိုဏ်းချုပ် မလုပ်တော့ဘူး'

ရှမ်းရှမ်း မဲ့ပြုံးပြုံး၏။

'ချူစန်း ရှင် ကျွန်မအသက်ကို ကယ်ခဲ့တဲ့အတွက် ရှင့်ကို အတတ်နိုင်ဆုံးလိုက်လျှောပါမယ်'

ကျောင်းယု သဘောထားပြ၏။

'ရှမ်းရှမ်း မင်းအပေါ်ကျေးဇူးရှိတယ်၊ မင်းအပေါ် ပြန်ဆပ်ပြီးပါပြီ၊ ဒါကြောင့် အခု သူနဲ့မင်း ဘာကျေးဇူးမှ မရှိတော့ဘူး'

ရှမ်းရှမ်းက ထိုင်ရာမှထရပ်လိုက်သည်။

---o---

www.burmeseclassic.com

www.burmeseclassic.com

အကြံ

---

ချူစန်းသည် ပြေးရန်မလွယ်ကူမှန်းသိသဖြင့် မလှုပ်မယှက် ရပ်နေ၏။

တုရှုတို့သုံးယောက်သည် ဖိုခနေစွာဆိုင်ရပ်၍ သူ့ကိုဝိုင်း ထား၏။

တုကု မဲ့ပြုံးပြုံးလိုက်၏။

'ကျုပ်လိုချင်တာက အရိပ်မဲ့ဓားပါ'

ချူစန်းသည် ထွက်ပြေးရန်လမ်းမတွေ့သောကြောင့် အမှန် အတိုင်း ပြောလိုက်၏။

'အရိပ်မဲ့ဓားကို ဆောင်းလီနဲ့ ချူအော့တို့က ယူသွား တယ်'



ကျင်းယုံ ခေါင်းတဆတ်ဆတ်ညိတ်ပြီး...

'အခုလိုထိယခုတ အရိပ်မဲ့သိုင်းကျမ်းကိုလဲ့ယူချင်လို့မဟုတ် လား'

ချူစန်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ကျင်းယုံက ချူစန်းကို တစ်ချက်အကဲခတ်လိုက်၏။

'အရိပ်မဲ့ဓားထဲမှာ လျှို့ဝှက်သိုင်းကျမ်းရှိတယ်လို့ ခင်ဗျားတို့ ထင်ထားတယ် ဟုတ်လား'

ချူစန်း ခေါင်းညိတ်လိုက်ပြန်၏။

'ဟုတ်တယ်'

တုကုက ဖြတ်မေးလိုက်၏။

'ခင်ဗျားနဲ့ချူလေ့တို့ ဘယ်လိုပေါင်းမိသွားတာလဲ'

ချူစန်း သက်ပြင်းတစ်ချက်ချ၍—

'ကျုပ်က ခင်ဗျားတို့နောက်ကိုလိုက်ရင်း ချူလေ့နဲ့တွေ့ဆုံ ပူးပေါင်းခဲ့တာပါ'

ရှမ်းရှမ်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'အရိပ်မဲ့ဓားက အခု ဘယ်မှာလဲ'

ချူစန်းက သူမအား တစ်ချက်စိုက်ကြည့်လိုက်၏။

'ကောင်းလီ လက်ထဲမှာ'

ရှမ်းရှမ်း မဲ့ပြုံးပြုံးလိုက်၏။

'ကောင်းလီ...အခုဘယ်မှာလဲ'

'ဓားဝေဟာကို ရောက်နေတယ်'

သူမ အံ့သြသွား၏။

www.burmeseclassic.com



'ဓားဂေတာမှာ ဘယ်မှာလဲ'

ချူစန်းပြုံးပြုံးလိုက်၏။

'ဒီရွာနဲ့ မိုင်နှစ်ဆယ်လောက်ဝေးတယ်'

ရှမ်းရွှာကေ ကျင်းယုံကိုကြည့်လိုက်၏။

ကျင်းယုံက မေးလိုက်သည်။

'ကောင်းလိန့်ခင်ဗျားအမေက ဂေဟာမှာလား'

ချူစန်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ကျင်းယုံက ကျောက်တုံးတစ်တုံးကို ကောက်ယူလိုက်လေသည်။

ရှမ်းရှမ်းက ကျင်းယုံကို တစ်ချက်စိုက်ကြည့်လိုက်၏။

'ဆရာကြီး ကျွန်မတို့ ဓားဂေဟာကိုသွားရင်မကောင်းဘူးလား'

ကျင်းယုံ ခေါင်းညိတ်လိုက်၏။

'ကောင်းပါတယ်'

တုကု မြင်းကိုဆွဲ၍ တောင်ဘက်ဆင်းသွားလေ၏။

ချူစန်း နောက်မှလိုက်သွား၏။

'ထိစဉ်....'

ကျင်းယုံ၏လက်တစ်ဖက်လှုပ်ရှားသွား၏။

'ရှစ်....'

သေတ္တိုးသံနှင့်အတူ လက်ထဲမှ ကျောက်တုံးလေးသည် ချူစန်း၏ကျောပြင်ကို ထိမှန်သွားလေ၏။

'အင်း....'



ချူစန်းသည် မယဲမကဲ့ညည်းညူရင်း လဲကျသွားလေတော့သည်။

တုကုက ရယ်မောလိုက်သည်။

'ကောင်းလိုက်တဲ့ သေးကြေးပိတ်ပညာ'

ကျင်းယုံ ပြုံးလိုက်သည်။

'သူ့ကို ရွာပြန်ပို့ရင်ကောင်းမယ်ထင်တယ်'

'ကောင်းတာပေါ့'

တုကုက ချူစန်းကိုတွဲ၍ ရွာပြင်သို့ ခေါ်ဆောင်သွားလေသည်။

ရွာထဲသို့ရောက်ပြီးသောအခါ အဘိုးအိုကို ထပ်မံတွေ့လိုက်ပြန်၏။

သူက ပြုံးပြုံးလိုက်၏။

'ကျုပ်မိတ်ဆွေ နေ့တိုင်မကောင်းလို့ ဒီဘုန်းကျောင်းထဲမှာပဲ အနားယူခိုင်းရမယ်'

အဘိုးအို ခေါင်းညိတ်လိုက်သည်။

'ကြွော်...ဟုတ်လား၊ နေမကောင်းရင် ခရီးမသွားသင့်ဘူး'

တုကုက ချူစန်းအား ဘုန်းကျောင်းထဲသို့ခေါ်သွားပြီးခုတင်ပေါ် လှဲလျောင်းစေ၏။

ထို့နောက်

သူက စာခင်ဖြင့် ခြုံထားပေးလိုက်သည်။

'ချူစန်း ဒီမှာ တစ်ရက်လောက် အနားယူလိုက်ပါဦး။ အချိန်ကျရင် သွေးကြောအလိုလိုပွင့်သွားပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဗူသည် ဘုကျောင်းထဲမှ ပြန်ထွက်လာပြီး တံခါး[illegible]
ပိတ်လိုက်တော့သည်။

ထို့နောက်...

ရွာထဲမှ ခေါင်းလောင်းသံ ဆောင့်တွန်လာခဲ့လေသည်။

—ဝ—

မောင်းဂေဟာ

ရှမ်းရှမ်းတို့သုံးယောက်သည် မောင်းဂေဟာသို့ ရောက်ရှိလာ
ကြလေသည်။

သူတို့သည် မောင်းဂေဟာထဲသို့ လှမ်းဝင်လိုက်သည်နှင့် လူ
[illegible]ယောက်က သူတို့ကို လမ်းပိတ်၍တားဆီးလိုက်၏။

ကောင်းလိနှင့်ချူးအော့တို့ ဖြစ်လေ၏။

ချူးအော့လက်ထဲ၌ မောင်းနှစ်လက်ကိုင်ထားပြီး ကောင်းလိ
လက်ထဲတွင် အရိပ်မဲ့မောင်းကို ကိုင်ဆောင်ထားလေ၏။

သူမသည် အရိပ်မဲ့မောင်းကို တွေ့လိုက်ရသောအခါ စိတ်
ညစ်ရှုံးသွားသည်။

ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



ဘူတိုနေ့ဇာတ်မှ လူတစ်ယောက်ထွက်လာသည်။

ကျူးလေ့ပင်ဖြစ်လေသည်။

ကျူးလေ့လက်ထဲ၌လည်း၊ ဓားတစ်လက် ပါလာသည်။

ကျောင်းယုံ ပြုံးလိုက်လေ၏။

'ဧည့်သည်ကို ဧည့်သည်လိုဆက်ဆံတာ မဆန်းပါဘူး'

ကျူးလေ့ ခေါင်းယမ်းလိုက်၏။

'ကျုပ်တို့ မိတ်ဆွေတွေမှမဟုတ်တာ'

တုက္ကု ဝင်ပြောလေ၏။

'ရန်သူလဲ မဟုတ်ပါဘူး'

ကျူးလေ့ ပြုံးလိုက်သည်။

'ကဲ…အေးအေးဆေးဆေး ဆွေးနွေးရအောင် အခန်းထဲကို ကြွပါဗျာ'

ကျောင်းယုံ ခေါင်းညိတ်လိုက်သည်။

'ဒီလိုဆက်ဆံပါဗျ'

သူသည် ကျူးလေ့ခေါင်းဆောင်ရာသို့ လိုက်သွားလေသည်။

တုက္ကုနှင့်ရှမ်းရှမ်းတို့သည် နောက်မှလိုက်ပါသွားလေတော့သည်။

* * *



ကျူးလေ့ခေါ်ဆောင်လာ အခန်းမှာ ဧည့်ခန်းမဟုတ်ပါချေ။

သိုင်းမလ ကျောင်းသော ခန်းမကြီး တစ်ခုသာ ဖြစ်လေသည်။

ကျူးလေ့က နေရာထိုင်ခင်းပေးလိုက်၏။

'ထိုင်ကြပါ'

သူမတို့ ထိုင်လိုက်သည်။

ကျူးလေ့သည် တုက္ကုတို့ကို တစ်ချက်စေ့စေ့ကြည့်ပြီး မေးလိုက်သည်။

'ခင်ဗျားတို့ ဒီကို ဘာကိစ္စနဲ့ လိုက်လာကြတာလဲ'

ကျောင်းယုံ ပြုံးလိုက်သည်။

'အရိပ်မဲ့ဓားဟာ လေးချိုဂိုဏ်းရဲ့ ပစ္စည်းဖြစ်တယ်၊ ဒါကြောင့် ပိုင်ရှင်ဖြစ်တဲ့ တုက္ကုလက်ထဲပြန်အပ်ပါလို့ မေတ္တာရပ်ခံပါတယ်'

ကျူးလေ့ ပြုံးလိုက်သည်။

'သိုင်းလောကမှာ ပစ္စည်းဆိုတာ တစ်ဦးတစ်ယောက်တည်း ပိုင်တာမဖြစ်ပါဘူး၊ ရတဲ့သူသာပိုင်သင့်ပါတယ်'

ရှမ်းရှမ်းသည် ထိုစကားကြားလိုက်ရသောအခါ ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

တုက္ကုက စိတ်ကိုချုပ်တည်းရန် မျက်ရိပ်ပြလိုက်၏။

သူက စကားဆက်လိုက်သည်။

'အရိပ်မဲ့ဓားကို ကျုပ်တို့ကပိုင်ဆိုင်ထားတဲ့အတွက် ခင်ဗျားတို့က ကျုပ်ပြောတဲ့စကားဖို့အတွက် လာစောင့်နေတယ်'

သူက ကျောင်းလီကို ခေါင်းတစ်ချက်ဆတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိဏ လက်ထဲမှ အရိပ်မဲ့ဓားကို တစ်ချက်ငဲ့ယမ်းလိုက်သည်။

'ခင်ဗျားတို့က လေပွေဂိုဏ်းကလူတွေဆိုရင် အရိပ်မဲ့ဓားကို ဝါရဝပြုရမယ်ဆိုတာ နားမလည်ကြဘူးလား'

တကုသည် မတတ်သာတော့ဘဲ ဒူးထောက်ချလိုက်လေသည်။

ရှမ်းရှမ်းလည်း ဒူးထောက်လိုက်၏။

ကျောင်းယိုက လေပွေဂိုဏ်းနှင့် မသက်ဆိုင်သဖြင့် ဒူးထောက်ခြင်းမပြုဘဲ သူတို့နှစ်ယောက်ကို သတိကြီးစွာဖြင့် စောင့်ကြည့်ထားလိုက်လေသည်။

ကောင်းလိဏ ပြုံးလိုက်၏။

'ဒီဓားကို ဘယ်ကရတာလဲ'

ရှမ်းရှမ်းနှင့်တကုတို့က ထရပ်လိုက်ပြီး လိုင်ခုံ့ထိုင်လိုက်သည်။

သူမ သက်ပြင်းချလိုက်လေသည်။

'လိုဏ်ဂူတစ်ခုထဲက တွေ့ခဲ့တာပါ'

ကျူးလေ့ ပြုံးလိုက်သည်။

အရိပ်မဲ့ဓားသိုင်းကွက်ကို ကျုပ်ကြည့်ချင်တယ်'

ကျောင်းယိုက သူမကို ခေါင်းညိတ်ပြလိုက်သည်။

သူမက ထရပ်လိုက်ပြီး အရိပ်မဲ့သိုင်းကို ပြသလိုက်လေသည်။

သို့သော်...



သူမသည် အမိကကျသော သိုင်းကွက်များကို ချန်လှပ်ထားလေသည်။

ထို့အပြင်

လျင်မြန်စွာ ပြသလိုက်သဖြင့် ကျူးလေ့တို့ ကောင်းစွာ မမြင်လိုက်ရချေ။

ရှမ်းရှမ်းက ပြန်လည်ထိုင်လိုက်၏။

ကျောင်းယို ပြုံးလိုက်သည်။

'ခင်ဗျားတို့ကို အရိပ်မဲ့ဓားသိုင်းကွက်တွေကို ပြသပြီးပြီ၊ ခင်ဗျားတို့ရဲ့လျှို့ဝှက်ချက်ကိုလဲ ပြောပြမှတရားမျှမှာပေါ့'

ချူးအောစု ခေါင်းခါလိုက်၏။

'ကျွန်မတို့ ပြောစရာမရှိဘူး'

ကျောင်းယို မျက်နှာပျက်သွား၏။

ကျူးလေ့က ပြောလေသည်။

'ခင်ဗျားတို့နားလည်ထားဖို့က ကျုပ်တို့တော ခင်ဗျားတို့ထက် အင်အားများတယ်၊ ဒါကြောင့် ကျုပ်ကို ဆန့်ကျင်ဘက် မလုပ်နဲ့ ကျုပ်ပြောတာကိုလက်ခံရမယ်'

တကု မျက်မှောင်ကြုတ်သွား၏။

'မင်းတို့က အင်အားများတယ်ဆိုပြီး နိုင်ထက်စီးနင်း လုပ်ချင်တာလား'

ရုတ်တရက်...

ရှမ်းရှမ်းသည် ကောင်းလိလက်ထဲမှ အရိပ်မဲ့ဓားကို ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ပေါ်းနပ်သော ကောင်းလိုကာ နောက်ဆုတ်လိုက်လေသည်။

တဆယ်တည်းပင်

အရိပ်မဲ့ဓားဖြင့် တိုက်ခိုက်လိုက်၏။

ကျင်းယုံသည် ရှမ်းရှမ်ကို စတင်တိုက်ခိုက်လိုက်သည်ကို တွေ့လိုက်ရသဖြင့် သူသည် ကျူးလေ့အား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ကျူးလေ့နှင့်ချူးအော့မှာ အပြင်ဘက်သို့ ထွက်လိုက်လေသည်။

တကျုံနှင့်ကျင်းယုံတာ နေရာမှလိုက်သွားသည်။

ထိုနောက်

မြေကွက်လပ်၌ အပြင်းအထန်တိုက်ခိုက်လိုက်ကြသည်။

အခန်းထဲ၌ ကောင်းလီနှင့်ရှမ်းရှမ်းတို့သာ ကျန်ရစ်ခဲ့လေသည်။

—o—

## မိုးကြိုးကိုဏ်းချုပ်

၄

ကောင်းလီသည် အရိပ်မဲ့ဓားဖြင့် တိုက်ခိုက်နေသောကြောင့် အထက်စီးမှ ရနေ၏။

ရှမ်းရှမ်းမှာ လက်နက်မပါ ဖြစ်နေ၍ ရှောင်တိမ်း နေရလေသည်။

အချိန်အတန်ကြာလာသော အခါ သူမမှာ မောဟိုက်လာသည်။

နောက်ဆုံးတွင်——

သူမမှာ မောဟိုက်လာသဖြင့် ရှောင်တိမ်းရင်း လဲကျသွားသည်။

'ဟမ့်၊ ဟား၊ ဟား'

www.burmeseclassic.com

www.burmeseclassic.com



ဓောင်းလိ သဘောကျစွာ ရယ်လိုက်၏။

'ဒေသပေတော့'

စကားဆုံးလျှင် သူက ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်သည်။

ရှမ်းရှမ်းက ရှောင်တိမ်း၍ မရနိုင်သဖြင့် မျက်လုံး စုံမှိတ်ထားမိ၏။

ထိုစဉ်....

အဖြူရောင်ဝတ်နှင့် အဘိုးအို တစ်ယောက် အခန်းထဲသို့ ဝင်ရောက်လာ၏။

သူက လက်ညှိုးဖြင့် ဓောင်းလိ၏ ပခုံးကို ထောက်လိုက်မိသည်၊

မမျှော်လင့်သော အဖြစ် အပျက်ကြောင့် ဓောင်းလိမှာ အငိုက်မိသွား၏။

'ထေ့က်'

အဘိုးအို၏ လက်ညှိုးက ဓောင်းလိ၏ သွေးကြောတစ်နေရာသို့ ထောက်မိသည်။

ဓောင်းလိ ပျော့ခွေသွားလေ၏။

အဖြစ်အပျက်က လျင်မြန်လွန်းလှသဖြင့် ရှမ်းရှမ်း မျက်လုံးဖွင့်ကြည့်လိုက်သော အခါ ဓောင်းလိမှာ လဲကျ၍ သတိလစ်နေ၏။

သူမက ဓားကို ကောက်ယူလိုက်ပြီး အဘိုးအိုကို ဦးညွှတ်လိုက်၏။



'ကျွန်မအသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါနဲ့ အဘိုးနာမည် ဘယ်လို ခေါ်သလဲ'

အဘိုးအို ပြုံး၏။

'ကျုပ်က မိုးကြိုးဂိုဏ်းချုပ် ချင်းဟုန်ပါ'

သူမ ဦးညွှတ်လိုက်၏။

'ကျွန်မဆရာနဲ့ ကျောင်းယုံတို့က အခုပဲ အဘိုးဆီကို လာကြမလို့'

ချင်းဟုန် မျက်မှောင်ကုတ်လိုက်၏။

'မင်းဆရာက ဘယ်သူလဲ'

'တုကုပါ'

ချင်းဟုန် ခေါင်းညိတ်၏။

'အခု မင်းဆရာနဲ့ ကျောင်းယုံ ဘယ်မှာလဲ'

သူ၏ စကားမဆုံးမီမှာပင် တုကုနှင့် ကျောင်းယုံတို့ ရောက်ရှိလာကြသည်။

တုကုလေ့က ထွက်ပြေးသွားပြီး ချုံအောက်အား ကြိုးဖြင့်တုပ်၍ ခေါ်ဆောင်လာ၏။

သူတို့သည် ချင်းဟုန်ကို အခန်းထဲ၌ တွေ့လိုက်၏။

ထိုအခါ....

အလွန် အံ့သြသွား၏။

သူတို့သည် ချက်ချင်း ဂါရဝပြုလိုက်၏။

ကျောင်းယုံ ပြုံးလိုက်၏။

'ဆရာက ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာလဲ'

ချင်းဟုန် သက်ပြင်း တစ်ချက် ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'လွန်ခဲ့တဲ့ သုံးလလောက်က ခေါ်ဆေးသမား ရှောင်ရဲ ငါ့ဆီကို လာတယ်၊ နတ်ဆိုး တန်လုတို့ လူစုက အဖြူရောင် သိုင်းသမားတွေကို လိုက်သတ်နေတယ် ကြားလို့ ရောက်လာတာ၊ ဒီရောက်တော့ တိုက်ခိုက်သံ ကြားလို့ ဝင်ခဲ့တာပဲ'

ချင်းဟုန်က ကျောင်းယုံအား လှည့်ကြည့်ပြီး မေးလိုက်ပြန်သည်၊

'ငါ့ခေါ်စရာရှိတယ်၊ အမှန်အတိုင်း ဖြေပါ'

ကျောင်းယုံ ခေါင်းညိတ်၏၊

'တွတ်ကဲ'

ချင်းဟုန်က တည်ငြိမ်သော လေသံဖြင့် မေးလာလေတော့သည်၊

'တန်လု သစ္စာဖောက်တာ အမှန်ပဲလား'

ကျောင်းယုံ ခေါင်းညိတ်၏၊

'အမှန်ပါပဲ'

ချင်းဟုန် မျက်နှာ ပျက်သွား၏၊

'သူက မျိုးချစ် သိုင်းသမားတွေကို လိုက်သတ် တာရော အမှန်ပဲလား'

ကျောင်းယုံ ခေါင်းညိတ်သည်၊

'မှန်ပါတယ် သူနဲ့ ခေါ်ဝိစ္စာတို့ ပူးပေါင်းပြီး မန်ချူးဆောင်ရဲ့ သမားတွေကို လိုက်ပြီး သတ်နေပါတယ်'

ချင်းဟုန်၏ မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာလေသည်၊

'တော်တော် မိုက်တဲ့ကောင်ပဲ'



ကျောင်းယု သက်ပြင်းချမိ၏၊

'တန်လုဟာ ဂိုဏ်းချုပ်ရဲ့ အားကိုးရတဲ့ တပည့်တစ်ယောက်ဆိုတာ သိပါတယ်၊ အခုလို သစ္စာဖောက်တာ ကျွန်တော်လို့ ဝမ်းနည်းမိတယ်'

ချင်းဟုန် သက်ပြင်းတစ်ချက် ချ၏၊

'ကျုပ်လဲ ဒီသတင်း ကြားပေမယ့် စိတ်ထဲမှာ မယုံကြည်သေးဘူး၊ အခုမှပဲ ဒီကောင်ဟာ ဒီလောက် မိုက်မဲတာသိရတော့တယ်'

'ဂိုဏ်းချုပ်ကြီး အခုလို ဆင်းလာတာ တော်ပါတယ်၊ သူ့ဆရာကြီးကို တွေ့ရင် တစ်မျိုးတစ်ဖုံ ပြောင်းလဲချင် ပြောင်းလဲသွားမှာ'

ကျောင်းယု က ရှမ်းရှမ်း၏ လက်ထဲမှ အရိုးပ်မဲ ခါးကို လှမ်းယူလိုက်သည်၊

'အရိုးပ်မဲ့ခါးက လျှို့ဝှက်ချက်ကို ရှာဖွေရဦးမယ်'

ယူတို့ ပြိုင်တူ ထရပ်လိုက်၏၊

ကျောင်းယု က ခါးကို ထောင်ကြည့်လိုက်၏၊

ခါးမှာ သံမဏိဖြင့် ပဂတ် ပြုလုပ်ထားခြင်း ဖြစ်လေတော့သည်၊

တုကုက ခါးလက်ကိုင် ကို လှည့်ကြည့်လိုက်၏၊

ထိုအခါ…'

ခါးလက်ကိုင်မှ ပြုတ်ထွက်သွားသည်၊

အတွင်းမှ စာရွက်နှစ်ခေါက် ထွက်လာသည်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှာ ရှေ့မြေးနိမိတ် ရေးထားသော စာဖြစ်၏၊

လူထိုသည် နားမလည်ကြသဖြင့် စာကို ပြန်၍ လိပ်ထား လိုက်၏၊

ထိုနေ့တွင်....

ဒုတိယစာရွက်ကို တုကုက ဖတ်ပြီး ရှမ်းရှမ်းအား ဝမ်းသာ အားရ ပြောလိုက်၏၊

'မင်း သိပ်ကံကောင်းတယ်၊ အရိပ်မဲ့သိုင်း လေ့ကျင့်ပြီး သောက်ရမယ့် ဆေးညွှန်းကို အခု တွေ့ပြီ'

ရှမ်းရှမ်း ဝမ်းသာသွားသည်၊

တုကုထ ထိုဆေးဝါး အညွှန်းကို ရှမ်းရှမ်း လက်ထဲသို့ ပေး အပ်လိုက်၏၊

'အဲ့ဒီ ဆေးဝါးညွှန်းကို တစ်လုံးမကျန် ကျက်မှတ်ထားပါ ပြီးတာနဲ့ မီးရှို့လိုက်ပါ'

ရှမ်းရှမ်းက ဆေးဝါးညွှန်းကို ယူ၍ ကျက်မှတ်လိုက်ပြီး မီး ရှို့လိုက်လေသည်၊

တုကုက အရိပ်မဲ့ခေါင်းကို ပြန်လည် ကျက်မှတ်လိုက်၏၊

ကျင်းယုံ ကျူးအောင်အား လွှတ်ပေးလိုက်သည်၊

'မင်းကို ကျုပ်တို့ မသတ်ပါဘူး၊ ဒါပေမယ့် နောက်ထပ် ခါ နှောင့်ယှက်မယ်ဆိုရင်တော့ ကျုပ်တို့ ခွင့်မလွှတ်ဘူး'

ချူးအောင်က စကားတစ်လုံးမှ မပြောဘဲ ထွက်သွားလေ သည်၊



ဓားင်းလီကိုအသည်း ချင်းဟုန်က လွှတ်ပေးလိုက်၏၊

ထိုနေ့တွင်....

တန်လုအား ရှာဖွေရန် ရှမ်းနိုးနယ်သို့ ထွက်ခွာ လာခဲ့ကြ လေသည်၊

—0—

www.burmeseclassic.com

မြစ်ဝိဇ္ဇာ

---

ရှမ်းရှမ်းတို့သည် လှေတစ်စင်းငှားပြီး ရှမ်းစီနယ်သို့ထွက်
လာခဲ့၏။

မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဖမ်းပါးတစ်
တစ်ချက်မှ ရွှံ့ခင်းများသည် ပို၍သန့်ရှင်းပြီး လှပနေ၏။

ရှမ်းရှမ်းသည် ရုတ်တရက် ဆေးဝါးဝယ်ယူရမည်ကို သ
မိလေ၏။

သူမအား တုကုအား ပြောပြရလေ၏။

'ဆရာ— ကျွန်မ မှတ်မှတ်ထားတဲ့ဆေးဝါးတွေကို ဝ
မှ ဖြစ်မယ်၊ ကြာရင် မေ့သွားမှာ စိုးရိမ်ရတယ်'

တုကု ခေါင်းညိတ်လိုက်၏။



'ဟုတ်တယ်၊ ရွှေရောင်မယ်မြို့ကျရင် ဆင်းဝယ်ပေးမှာပေါ့
ဒါနဲ့ ရွှေရောင်မယ်မြို့ဟာ ဘာမြို့လဲ'

သူမက လှေသမားကို မေးလိုက်၏။

လှေသမားက သွက်လက်စွာဖြေလေသည်။

'ဆိပ်ဖိုမြို့ပါ ဆရာကြီး'

ရှမ်းရှမ်းက ဝင်မေးလိုက်လေသည်။

'အဲဒီမှာ ဘယ်ဆေးဆိုင်ရှိသလဲ'

လှေသမား ခေါင်းညိတ်လိုက်သည်။

'ရှိတာပေါ့'

ရှမ်းရှမ်း ပြုံးလိုက်သည်။

'ဒါဖြင့် အဲဒီမြို့ကိုရောက်ရင် ခဏဆိုက်ကပ်ပေးပါနော်'

လှေသမား မျက်မှောင်ကုပ်လိုက်သည်။

'အဲဒီဆိုင်ရောက်ရင် မိုးချုပ်လိမ့်မယ်'

ရှမ်းရှမ်းက လက်ကာပြလိုက်သည်။

'ရပါတယ်၊ ခဏလေးကပ်ပေးပါ'

လှေသမား ခေါင်းညိတ်ပြီး....

'ကောင်းပြီလေ'

လှေသည် ရေစီးအတိုင်း ဆက်လက်မျောဆင်းသွားလေ
တော့၏။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



လိန့်ဖိုမြို့သို့ရောက်လာသောအခါ ညမှောင်နေပြီ ဖြစ်လေသည်။

လှေသမားက ကမ်းပါးပေါ်သို့ ဆိုက်ကပ်ပေးလိုက်သည်။

ရှမ်းရှမ်းက လှေပေါ်မှ ဆင်းလိုက်ပြီး မြို့ထဲသို့ ဝင်သွားသေသည်။

ထိုနေ့ရက်…

ဘုယဆေးဆိုင်တစ်ဆိုင်သို့ ရောက်ရှိသွားသည်။ ဘယဆေးဆိုင်တွင် လူသူ တစ်စုံတစ်ယောက်မှမရှိပါချေ။

ရှမ်းရှမ်က အလိုရှိသော ဆေးဝါးများကိုယူ၍ အိတ်ထဲသို့ သေချာထည့်လိုက်သည်။

ထိုနေ့ညာ…

ဆိုင်ထဲမှ ထွက်ခဲ့လေသည်။

သူမသည် လမ်းမကြီးအတိုင်း လမ်းလျှောက်သို့ လျှောက်လာခဲ့သည်။

'ငှဲ'

ရုတ်တရက်…

လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မြားတစ်စင်းသည် သူမ၏အင်္ကျီလက်အား ထိုးဖောက်သွားလေ၏။

သူမ ထိတ်လန့်သွားသည်။

မြားပစ်သောသူမှာ မြားပစ်ပညာ အလွန်တော်ကြောင်းနားလည်လိုက်သည်။



သူမက တခဏကြာငြိမ်နေပြီးမှ လျှင်မြန်စွာ ခြေပြန်ရွှေ့ထားခဲ့လေသည်။

'ဝှီး…'

မြားတစ်စင်း လေတိုးသံကို ကြားလိုက်ရလေသည်။

သူမက နံရံကို ပြေးကပ်လိုက်သည်။

'တောက်'

မြားက သူမခေါင်းပေါ်မှဖြတ်၍ နံရံပေါ်သို့ စိုက်ဝင်သွားသည်။

သူမ၏ ခေါင်းစည်းကြိုးဖြတ်သွားသော ဆံပင်များ ဖွာခနဲကျလာသည်။

ရှမ်းရှမ်းက ထိုလူအား မိမိအားအသေအတ်ရန် မရည်ရွယ်ကြောင်း နားလည်လိုက်သည်။

'ဟေး…သတ္တိရှိရင်ထွက်ခဲ့၊ပုန်းပြီးလုပ်ကြံတာယောကျ်ားမဟုတ်ဘူးလေ'

သူမက ဒေါသတကြီးပြောလိုက်သည်။

'ဟား…ဟား…ဟား'

ထိုအခါ

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှမ်းရှမ်းက ရယ်မောသံများ ထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်၏။

လူရိပ်လူခြေယောင်မျှပင် မမြင်ရပါချေ။

www.burmeseclassic.com



သူမသည် စိတ်ပေါက်ပေါက်ဖြင့် ပုန်းရှောင်ခြင်းမပြုတော့ဘဲ ခြေလှမ်းသွက်သွက်ဖြင့် ဆိပ်ကမ်းရှိရာသို့ လျှောက်သွားလေသည်။

ဝ ဝ ဝ

လှေဆိုင်ဆိပ်ရာသို့ ပြန်လည် ရောက်ရှိလာသောအခါ တာကုသည် သူမကို စောင့်ကြိုနေလေသည်။

'ရှမ်းရှမ်း အဆင်ပြေရဲ့လား'

သူမ ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ အဆင်ပြေပါတယ်၊ ကျွန်မ မြားပညာရှင် တစ်ယောက်နဲ့ တွေ့ခဲ့တယ်'

သူ မျက်မှောင်ကြုတ်လိုက်၏။

'ဘယ်သူလဲ'

သူမ ခေါင်းခါလိုက်၏။

'လူကိုတော့မမြင်ရဘူး'

သူမက အင်္ကျီပေါက်နေသောနေရာကို ညွှန်ပြလိုက်လေသည်။



'သူ ကျွန်မကို သတ်လို့ရရဲ့သားနဲ့ မသတ်ဘူး၊ သူက ကျွန်မရဲ့ ခေါင်းစည်းပဝါကို ဖြတ်ပစ်လိုက်တယ်၊ ဆံပင်ကိုလဲမထိဘူး၊ ဒါကြောင့် သူ့ရဲ့မြားပညာဟာ အတော်ကိုမခေဘူး၊ ဒါကြောင့် သူ့ရဲ့မြားပစ်ပညာဟာ အတော်ကို ကြောက်စရာကောင်းတယ်'

ကျွင်းယူ၏ နားထောင်ရင်း စိတ်ဝင်စားလာ၏၊

'ဒီလိုဆိုရင် ဒီမှာ တစ်ရက်နှစ်ရက်လောက်နေဦးမယ်၊ မြားပစ်တဲ့လူက ဘယ်သူလဲဆိုတာ သိချင်သေးတယ်'

သူမ ဝမ်းသာသွားသည်၊

'ကောင်းပါတယ်ဆရာကြီး၊ သူဘယ်သူလဲဆိုတာ ကျွန်မလဲ သိချင်သေးတယ်'

—ဝ—

www.burmeseclassic.com



ရှမ်းရှမ်းသည် ထိုညမှာပင် ရရှိလာသောဆေးမြစ်များကို ကျိုးလိုက်သည်။

ထိုဆေးမြစ်များသည် အလွန်ရှားပါးပြီး စာန်ဖိုးရှိသော ဆေးမြစ်များမဟုတ်ချေ။

သို့သော်

ထူးခြားသည်မှာ ယင်းဆေးမြစ်များ၏ အာနိသင်သည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေ၏။

သူမက လေပွေကိုက်ချေပါဆေးညွှန်းမှာ အန္တရာယ်ရှိမည် မဟုတ်ဟု ယူဆသည်။

ထိုကြောင့်

ရဲရဲတင်းတင်း သောက်ချလိုက်သည်။



သန်းခေါင်ယံအချိန်သို့ ရောက်ရှိလာသောအခါ သူ၏ ခြေလက်များ နာကျင်ကိုက်ခဲလာသည်။

ထိုနောက်

ဝမ်းဗိုက်များ နာကျင်လာ၏။

သူမသည် အိမ်သာသုံးကြိမ်တက်ပြီးနောက် ကိုယ်ခန္ဓာ တစ်ခုလုံး အင်အားများ ပျောက်ကွယ်သွားပြီး ခြေလက်ပင် မမြှောက်နိုင်တော့ချေ။

သူမ အလွန်ပင် ထိတ်လန့်တုန်လှုပ်နေသည်

သူမသည် တုန်လှုပ်ချောက်ခြားပြီး အိပ်ပျော်သွားလေ၏။

၀ ၀ ၀

ရှမ်းရှမ်း အိပ်ရာမှထလိုက်သောအခါ နေခြည် ဖြာကျနေပြီဖြစ်သည်။

သူမက အင်အားမရှိသည်ကို သတိရလိုက်၍ ကြိုးစားပြီး ထလိုက်၏။

ဆိုအခါ

သူမ၏ခန္ဓာကိုယ်သည် ပေါ့ပါးစွာ မြောက်တက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူမ ထရပ်လိုက်သောအခါ ကုန်းပေါ်ရှိ သစ်ပင်တစ်ပင်ပေါ်တွင် တုကုတို့ စကားပြောနေကြသည်ကို တွေ့လိုက်ရသည်။

သူမက ဝမ်းသာအားရ ပြေးသွားလေ၏။

'ဆရာ'

သူမ၏ခေါ်သံ မဆုံးမီ သူမ၏ခန္ဓာကိုယ်သည် တုကုတို့နေထိုင်သော သစ်ပင်အောက်သို့ ရောက်ရှိပြီဖြစ်လေသည်။

သူမသည် ကိုယ့်ကိုယ်ကို အံ့ဩလွန်း၍ စကားပင်မပြောနိုင်အောင် ဖြစ်နေ၏။

ချင်းဟုန်က လက်ခုပ်လက်ဝါးတီးလိုက်၏။

'ငါ့မြေးရဲ့ အရိပ်မဲ့သိုင်းစွမ်း အောင်မြင်လာတာတွေ့ရလို့ ဝမ်းသာလို့မဆုံးပါဘူး'

ကျင်းယုံဆည်၊ ဝမ်းသာနေ၏။

'မင်းဟာ မြင့်ဘွတ်ချင်း သိုင်းသမားတစ်ယောက် ဖြစ်နေပြီ'

တုကုက ထိုင်ရာမှထရပ်လိုက်ပြီး သူမ၏ပခုံးကို ပုတ်လိုက်သည်။

'ငါ ဝမ်းသာလိုက်တာ'

ချင်းဟုန် ပြုံးလိုက်သည်။

'ရှမ်းရှမ်း၊ ဒီမှာလူရှင်းတုန်း ငါ့ကို အရိပ်မဲ့သိုင်း ကစားပြပါလား'

'ဟုတ်ကဲ့'

သူမက ဦးညွှတ်လိုက်၏။



သူမက အရိပ်မဲ့သိုင်း ခြောက်ဆယ့်လေးကွက်လုံးလုံး ကစားပြလိုက်၏။

သူမ၏လှုပ်ရှားပုံမှာ အရိပ်များလှုပ်ရှားပုံနှင့် တူလှသည်။

သူမသည် အရိပ်မဲ့သိုင်း၏ အဓိကအနှစ်သာရကို ရရှိသွားပြီဖြစ်သည်။

—၀—

ပထမပိုင်းပြီး၏။

(ဒုတိယဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်)

တက္ကသိုလ်သီဟအောင်

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်သိပ္ပံအောင်

# မရှုဏာလမ်းမှ ညီနောင်များ

( ဒုတိယပိုင်း၊ ဇာတ်သိမ်း )

www.burmeseclassic.com

www.burmeseclassic.com

## ပဟေဠိ

---

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

လေနုအေးမျှော်းကလည်း တသုန်သုန် တိုက်ခတ်နေသည်။

ချင်းဟုန်၊ တုက္ကနှင့် ကျူးမ်ယုံတို့က ရှမ်းရှမ်း၏ သိုင်းကွက်တို့ကိုကြည့်၍ ရင်သပ်ရှုမောဖွယ်ဖြစ်နေ၏။

ရှမ်းရှမ်း၏ အရိပ်မဲ့သိုင်းပညာလျှို့ဝှက် ဆန်းကျယ်သော သိုင်းပညာဖြစ်ကြောင်း ချင်းဟုန်တို့လက်ခံလိုက်သည်။

မကြာမီ....

ရှမ်းရှမ်း သိုင်းစွမ်းပြသ၍ပြီးသွားပြီဖြစ်၏။

ချင်းဟုန် ပြုံးလေ၏။



'အင်း.... ရှမ်းရှမ်းကတော့ မကြာမီ ထိပ်တန်း သိုင်းသမား တစ်ယောက်ဖြစ်လာမှာပဲ'

ရှမ်းရှမ်း ပြုံးလေသည်။

တုက္ကက ဝန်းကျင်တစ်ခုလုံးအား တစ်ချက် ဝေ့ကြည့်လိုက်သည်။

'ရှမ်းရှမ်း ငါတို့ မြို့ထဲကို သွားကြမယ်၊ အဲသည်မှာ တစ်ည တည်းခိုမယ်'

ရှမ်းရှမ်း မျက်မှောင်ကြုတ်၏။

'ကိစ္စရှိလို့လား ဆရာ'

တုက္က ပြုံးလေ၏။

'ညတုန်းက နင်နဲ့ တွေ့ခဲ့တဲ့ မြားဝိဇ္ဇာကို သွားရှာမယ်လေ'

ရှမ်းရှမ်း သတိရလာလေသည်။

'ဟုတ်လား'

တုက္က

'ငါတို့ သွားနှင့်မယ် နင်က လှေသမားကို သွားအကြောင်းကြားပြီးမှ လိုက်ခဲ့ပါ'

ရှမ်းရှမ်း ခေါင်းညိတ်၏။

'ဟုတ်ကဲ့ပါ ဆရာ'

တုက္ကတို့အား မြို့ထဲထွက်သွားကြလေသည်။

ရှမ်းရှမ်းက လှေသမားကို သွားအကြောင်းကြားပြီးမှ မြို့ထဲသို့ လိုက်သွားလေသည်။

ရှမ်းရှမ်းသည် ဈေးထဲသို့ လှမ်းဝင်လိုက်သော အခါ....

www.burmeseclassic.com



မြေပေါ်၌ အသီးအနှံအခွံများပြည့်နှက်စွာ ရှိနေသည်ကို တွေ့ရလေသည်။

ထို့ကြောင့်

ချော်၍လဲကျသွားမလိုဖြစ်စဉ် လူငယ်တစ်ယောက်သည် သူမ၏ လက်ကိုဆွဲထား၏။

လူငယ်က သူမကို ပြုံးပြသည်။

'အောက်မှာ သစ်သီးခွံ တွေရှိတယ် ကြည့်သွားမှပေါ့'

ရှမ်းရှမ်းသာ မတ်တတ်ရပ်ပြီး လူငယ်ကိုစိုက်ကြည့်လိုက်လေ
သည်။

ထိုလူငယ်သည် နုနယ်ငယ်ရွယ်ပြီး ယောကျ်ား ပီသ ချော
မောသူ တစ်ယောက်ဖြစ်လေသည်။

ရှမ်းရှမ်း ပြုံး၏။

'ကျေးဇူးတင်ပါတယ်ရှင်'

လူငယ်သာ ပြုံး၍ တောအုပ်ထဲသို့ ပြေးဝင် သွားလေတော့
သည်။

ရှမ်းရှမ်းသာ ထိုလူငယ်မှာ ညတုန်းက မြားပစ် လိုက်သော
လူ ဖြစ်ရမည်ဟုသံသယဖြစ်လာ၏။

လူငယ်ရပ်နေ၏။

သူ၏ လက်ထဲရှိ ဓားကလေးဖြင့် ပြုလုပ်ထားသည့် မြားတံ
ကလေးဖြင့် ပြုလုပ်ထားသည့် ဓားတစ်ချောင်း ကိုင်ထားလေ
သည်။

သူသည် မြားကို သစ်ပင်တစ်ပင်သို့ လွှတ်လိုက်ရာ မြားတံ
ကလေးသစ်ပင်အားစိုက်ဝင်သွားသည်။



'ဟင်'

ရှမ်းရှမ်း အံ့သြသွားသည်။

လူငယ်က ကျန်နေသည့် ဝါးတံကိုလှမ်းပေးလေသည်။

'ရှင်'

'ဒုတ်'

ရှမ်းရှမ်းက လှမ်းယူပြီး ပစ်ပေါက်လိုက်ရာ ဝါးတံသည်
စည်သို့ တဆုံးစိုက်ဝင်သွား၏။

ရှမ်းရှမ်းသည် သူ၏ အတွင်းအားအင်မတန် တိုးတက်နေ
သည်ကို သိရသဖြင့် ထခုန်မိမတတ်ဝမ်းသာသွားလေသည်။

လူငယ်က ပြုံး၏။

'ခင်ဗျားတာဘယ်သူလဲ ဒီမြို့ကိုဘာလာလုပ်တာလဲ'

ရှမ်းရှမ်း ပြုံးပြ၏။

'ကျွန်မတို့ ချုံးကွမ်းကို သွားမလို့ ဒီမှာတစ်ရက်နားတာ
ပါရှင်'

လူငယ် မျက်မှောင်ကြုတ်၏။

'ခင်ဗျားနဲ့အတူပါလာတဲ့ အဘိုးကြီးတွေနဲ့ ဘာတော်လဲ'

ရှမ်းရှမ်း သက်ပြင်းချ၏။

'ကျွန်မရဲ့ဆရာသမားတွေပါ'

လူငယ်က သူမအားပြုံးပြ၏။

'ကျုပ်ကို မိတ်ဆွေ တစ်ယောက်လို သဘောထားနိုင်မ
လား'

ရှမ်းရှမ်း ခေါင်းညိတ်၏။

'ရပါတယ်ရှင်'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားနာမည်ပြောပြပါလား'

ရှမ်းရှမ်း ပြုံးပြ၏။

'ကျွန်မနာမည် ရှမ်းရှမ်းပါရှင်'

သူမ ပြန်မေးသည်။

'ရှင့်နာမည်လည်း ပြောပါဦး'

လူငယ်က တစ်ချက်ပြုံးပြီး ဟောအုပ်ထဲဝင်ပြေးသွားလေသည်။

ရှမ်းရှမ်း မကျေမနပ်ဖြစ်သွား၏။

သူမက လူငယ်နောက်သို့ လိုက်သွားရန်ဟန်ပြင်လိုက်စဉ်—

တုကုတို့၏ အသံကိုကြားရလေသည်။

'ရှမ်းရှမ်းလာတော့ ငါတို့တည်းခိုခန်းရပြီ'

ရှမ်းရှမ်းက တိတ်ဆိတ်စွာဖြင့် လိုက်သွားလေသည်။

သူတို့သည် ဟည်းခိုခန်း၌ တစ်ညအာတည်းခိုလိုက်ကြလေသည်။

၀ ၆ ၀

ညမှောင်လာသောအခါ ချင်းဟုန်က ဆိုင်လုလင်အား ဖယောင်းတိုင် ဆယ်ချောင်းတောင်းယူလိုက်သည်။



ထိုနောက်

ဖယောင်းတိုင်များကို ကွေ့ကွေ့ကောက်ကောက်စိုက်ထူပြီး မီးထွန်းလိုက်လေသည်။

ရှမ်းရှမ်း မျက်မှောင်ကြုတ်၏။

'ဒါဘာလုပ်တာလဲဂိုဏ်းချုပ်ကြီး'

မိုးကြိုးဂိုဏ်းချုပ်ချင်းဟုန်ပြုံး၏။

'မင်းကိုမြားနဲ့ပစ်တဲ့လူဟာ ဒီနေ့ညလဲလာဦးမှာပဲ'

သူမက တွေ့ဆုံခဲ့ရသောလူငယ်အားသတိရလာသဖြင့် စိတ်မဝင်စားဘဲ ထိုင်နေသည်။

တုကု ပြုံးပြီး—

'ရှမ်းရှမ်း ညကလဲ ကောင်းကောင်းမအိပ်ရဘူး သွားအိပ်တော့'

'ဟုတ်ကဲ့...ဆရာ'

ရှမ်းရှမ်းက မိမိအခန်းသို့ ပြန်သွားလေသည်။

သူမသည် ရှတ်တရက်အိပ်၍မရချေ။

သူမ တွေ့ဆုံခဲ့သော လူငယ်အား သတိရနေ၏။

'ဝုန်'

ထိုစဉ်—

လေတိုးသံတစ်ချက်ကြားလိုက်ရသည်။

ရှမ်းရှမ်း အမန်းတကြမ်းဖြင့် ချင်းဟုန်တို့ထိုင်နေသည့်အခန်းသို့ ပြေးသွားလိုက်သည်။

မြားတစ်စင်းသည် မီးထွန်းထားသည့်ဖယောင်းတိုင် ဆယ်တိုင်အား ငြိမ်းသတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုလုံး အမှောင်တိကျသွားသည်။

ထို့နောက်—

လူရိပ်အစ်ခုကို တွေ့လိုက်ရ၍ ရှမ်းရှမ်းသနေရာမှ ထပ်ကြပ်ရော လိုက်သွား၏။

'ဝှမ်'

အောက်တို့သံနှင့်အတူ မြှားတစ်စင်းသည် လူမထံသို့ ပြေးဝင်လာလေသည်။

'ဖပ်'

လူမသည် လက်တစ်ပြောက်လိုက်ကာ ဖမ်းယူ၏။

လူမသည် ရပ်တန့်မသွားဘဲ ဆက်လက်လိုက်သွားသည်။

ရှေ့မှ ပြေးလွှားနေသူသည် မြှားတံကို တစ်လက်ပြီး တစ်လက် ပစ်လွှတ်လိုက်၏။

ရှမ်းရှမ်းကာ ပစ်လွှတ်လာသည့် မြှားတံများအားလုံးကို ဖမ်းယူနိုင်ခဲ့သည်။

မကြာမီ—

လူမသည် ရှေ့မှလူအား မီသွားလေတော့သည်။

○ ○ ○



ထိုလူသည် အသက်လေးဆယ်ခန့်ရှိသော လူတစ်ယောက်ဖြစ်လေသည်။

သူ၏လက်ထဲ၌ လေးတစ်လက်ကိုင်ဆောင်ထားသည်။

လူမသည် ထိုလူအား စိုက်ကြည့်၏။

'ညတုန်းက ကျွန်မကိုမြှားနဲ့ပစ်တာ ရှင်လား'

'ဟား...ဟား...ဟုတ်'

ထိုလူက အခြေမပေးဘဲ သဘောကျစွာရယ်မောလိုက်လေသည်။

လူမ မျက်မှောင်ကြုတ်၏။

'ရှင်နဲ့ကျွန်မရန်ငြိုးရှိသလား'

ထိုလူ ခေါင်းခါ၏။

'မရှိပါဘူး'

ရှမ်းရှမ်း အံ့ဩသွားသည်။

'ရှင့်နာမည် ဘယ်လိုခေါ်သလဲ'

ထိုလူသက်ပြင်းတစ်ချက်ချ၏။

'ကျုပ်နာမည် ကျူးကွမ်း'

ရှမ်းရှမ်းကား ခေါင်းခါယမ်းကာ နောက်ပြန် လှည့်လာလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လရောင်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံးလင်းကျင်းနေသည်။

ထိုစဉ်…

ပလွေသံတစ်ချက် ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

ရှမ်းရှမ်း ပလွေသံ ထွက်ပေါ်ရာဆီသို့ လျှောက်သွားလိုက်သည်။

လူတစ်ယောက်သည် ကျောက်တုံး တစ်တုံး ပေါ် ထိုင်၍ ပလွေမှုတ်နေသည်။

ထိုလူမှာ ဆွမ အလွန် တွေ့ချင်သော လူငယ်ပင် ဖြစ်လေသည်။

လူငယ်က ပလွေမှုတ်ရာမှ ရပ်တန့်လိုက်၏။

'ငါတို့ ပြန်ဆုံကြပြန်ပြီနော်'

ရှမ်းရှမ်းက မချေမနပ်ဖြင့် ပြော၏။

'ရှင့်နာမည်ကို မေးတာ ဘာကြောင့် ထွက်ပြေး သွားရတာလဲ'

လူငယ် ပါးစပ်ပိတ်ထား၏။

ရှမ်းရှမ်း သက်ပြင်းတစ်ချက် ချမိသည်။

'ရှင်မပြောချင်လဲ ကျွန်မ မမေးတော့ပါဘူး'

စကားဆုံးလျှင် ဆွမက လှည့်ထွက်သွားလေသည်။

၀ ၀ ၀



ရှမ်းရှမ်း လှည့်ထွက်လာခဲ့ရာ လမ်းတွင် ချင်းဟုန်တို့နှင့် ဆုံမိလေ၏။

ရှမ်းရှမ်းက ဖမ်းမိထားသော မြားကို ပြသ လိုက်လေတော့သည်။

မြားတံပေါ်၌ မိုးနဂါး ဟူသော စာတမ်း ရေးထွင်းထားသည်ကို တွေ့လိုက်ရ၏။

ကျင်းယုံ ခေါင်းခါ ယမ်းလိုက်သည်။

'ဒီနာမည်ကို မကြားဖူးဘူး'

'ဟုတ်တယ်'

တုကုဆုဆည်း မသိကြောင်း ဝင်ပြောလာ၏။

ရှမ်းရှမ်းက…

'ဆရာ မြားပစ်တဲ့လူနဲ့ တွေ့ခဲ့တယ်၊ သူ့နာမည်က ဆျူကွမ်းတဲ့'

ချင်းဟုန် သက်ပြင်းတစ်ချက် ချသည်။

'ဒီလူက နာမည် မပြောချင်လို့ လိမ်ပြောတာပဲ ဖြစ်လိမ့်မယ်'

ကျင်းယုံ ခေါင်းညိတ်လိုက်သည်။

'ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကို အန္တရာယ်မပြုဘူး ဆိုတာတော့ သေချာတယ်'

လူတို့သည် တည်းခိုခန်းသို့ ပြန်လာခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းရှမ်းမှာ အိပ်၍ မပျော်ဘဲ ရှိနေ၏။

သူမသည် တွေ့ဆုံရသော လူငယ်ကို သတိရနေသည်။

လူငယ်၏ ထူး၏ နာမည်ကို ထုတ်ဖော်ပြောပြခြင်း မပြုသည်ကိုလည်း ဘဝင်မကျ ဖြစ်နေ၏။

သူမသည် သဏ်ပြင်းတစ်ချက် ချလိုက်ပြီး အိပ်မှုန် တဖက်သို့ လှည့်ထွက်လိုက်ရာ သူမ အခန်းမှ လူရိပ် တစ်ခု ဖြတ်ပြေးသွားသည်ကို တွေ့လိုက်ရ၏။

'ဟင်'

သူမက အထိတ်တလန့်ဟန်ဖြင့် ရေရွတ်၍ ဆတ်ခနဲ ထရပ်လိုက်၏။

ထိုနောက်

ပြတင်းပေါက်ကို ဖွင့်လိုက်၏။

လရောင်အောက်မှ ထိုလူမှာ သူမ မမေ့နိုင်သော လူငယ်ပင် ဖြစ်သည်ကို သိလိုက်ရ၏။

လူငယ်၏ သူ့အား လက်ယပ်ခေါ်လိုက်ပြီး နောက်သို့လှည့်ပြေးသွား၏။

အဘယ်ကြောင့်မှန်းမသိ၊

ရှမ်းရှမ်း၏ ပြတင်းပေါက်မှ ကျော်သွားပြီး လိုက်သွားလေသည်။

လူငယ်သည် သူထိုင်နေကျ ကျောက်တုံး ပေါ်၌ ထိုင်နေသည်။

ရှမ်းရှမ်း၏ သူ့ထံ လျှောက်သွားလိုက်သည်။



လူငယ်က သူမအား ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်မိလေသည်။

'ခင်ဗျားကို ကျွန်ုပ်၏ တော်တော် အံ့သြနေတာဗျ'

သူမ မျက်မှောင်ကုတ်လိုက်၏။

'ဘာကိုလဲ'

လူငယ်ပြုံးလိုက်၏။

'ခင်ဗျားရဲ့ သိုင်းပညာကိုပါ'

'ကျွန်မရဲ့ သိုင်းပညာက ဘာဖြစ်လို့လဲ'

လူငယ် ပခုံးတွန့်လိုက်သည်။

'ခင်ဗျားရဲ့ သိုင်းပညာက ပထမတွေ့တုန်းကနဲ့ နောက်တစ်ခါ တွေ့တာနဲ့ အများကြီး တိုးတက် လာတာကို တွေ့ရပါတယ်'

ရှမ်းရှမ်း အံ့သြသွား၏။

'ရှင် ဘာလို့လုပ် သိလဲ'

လူငယ်ပြုံးလိုက်၏။

'ကျွန်ုပ်မှာ မျက်လုံးပါတာဘဲ၊ ဒါတွေ မပြောပါနဲ့တော့၊ ကျွန်ုပ်သိချင်တာက ခင်ဗျားက ဘာကိစ္စနဲ့ ကျွန်ုပ်တို့ကို သွားချင်ကြတာလဲ'

သူ၏ ထပ်ဆင့် မေးလိုက်၏။

'ခင်ဗျားတို့ ပြောနေတဲ့ စကားထဲမှာ မိုးနဂါး ထင်ပုံရဲ့ နာမည်သံ ကြားရတယ်၊ အဲ့ဒါ ဘာဖြစ်လို့လဲ'

ရှမ်းရှမ်း ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်က ကျွန်မကို နာမည် ပြောမပြတဲ့ အတွက် ကျွန်မလဲ မပြောနိုင်ဘူး'

လူငယ် သက်ပြင်းတစ်ချက် ချလိုက်၏။

'မိုးနဂါး ထင်းဖုံ့အော ကျုပ်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေပါ။ အကြောင်းနှီးရင် သူ့ကို ပြောပြချင်လို့ပါ'

ရှမ်းရှမ်းအား အကျိုးအကြောင်း၊ အမှန်အတိုင်း ပြောပြလိုက်သည်။

လူငယ် ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ကျုပ်ကွမ်းဆိုတာ ထင်းဖုံပဲ'

'ဟုတ်လား'

သူမက အံ့သြသံဖြင့် ရေရွတ်လိုက်သည်။

လူငယ်အား ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်၏။

လစန်းသည် အနောက်ယွန်းယွန်းသို့ ဆင်းသက်နေပြီ ဖြစ်သည်။

မိုးသောက် အရုဏ်ဦး ရောင်ခြည်သည် အရောင်သမ်းလာပြီကို တွေ့လိုက်ရ၏။

'မိုးလင်းတော့မယ်၊ ခင်ဗျားလဲ ပြန်အနားယူတော့'

ရှမ်းရှမ်းက လူငယ်အား စိုက်ကြည့်လိုက်၏။

'ရှင်ဟာ ကျွန်မကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုမှာလား'

လူငယ် ပြုံးမိ၏။

'မိတ်ဆွေအဖြစ် အသိအမှတ်ပြုလို့လဲ အခု ခင်ဗျားနဲ့ စကားပြောနေတာပေါ့'

'မိတ်ဆွေဆိုရင်တော့ နာမည် ပြောပြသင့်ပါတယ်'



လူငယ် ရယ်မောလိုက်သည်။

'နာမည်ဆိုတာ ပညတ်တစ်ခုပါ၊ ကျုပ်ကို လိန်ပုမြို့မှာတော့ ဝဲအကောက် လိန်ပုလို့ပဲ ခေါ်ပါ'

သူမ မျက်မှောင်ကုတ်သွား၏။

'ရှင်က အတော်စိုးတာပဲ၊ ကျွန်မနာမည် ပြောပြပြီးပြီ ရှင်ကျတော့ နာမည် ပြောရမှာကို အတော် နှမြောပါလား'

လူငယ် ရယ်လိုက်သည်။

'ကျုပ်သွားမယ် ရှမ်းရှမ်း၊ တစ်နေ့နေ့တော့ ပြန်ဆုံကြတာပေါ့'

စကားဆုံးလျှင် သူက လျှင်မြန်စွာ ပြေးထွက်သွားတော့သည်။

သူမမှာ အတန်ကြာ ငေးငိုင်နေပြီးမှ တည်းခိုခန်းသို့ ပြန်သည် ရောက်လာ၏။

သူမသည် မိမိအခန်းသို့ ရောက်လာသောအခါ စားပွဲပေါ်တွင် စာတစ်တန်း ရေးထားသည်ကို တွေ့ရ၏။

သူမအား စိတ်ဝင်တစား ဖတ်ကြည့်လိုက်သည်။

'အမ်းခရီးတစ်လျှောက် ချောမော ပျော်ရွှင်နိုင်ပါစေ—'

ကျိစားသည် ထိုလူငယ်က ရေးထားခြင်း ဖြစ်ကြောင်း သိလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အနော်ရထာဘက်သို့ ထွက်သွားမည့် ကျောင်းယံနှင့် စုကုဏ ကျွန်းနန်ဘက်သို့ သွားရန် အကြံပြုလိုက်၏။

အားလုံး သဘောတူလိုက် ကြပြီးနောက် သူတို့သည် လှ ချင်းခွဲ၍ ထွက်သွား ခဲ့ကြလေသည်။

—၀—

## တောင်ပိုင်း နယ်စားကြီး

---

ရှမ်းရှမ်းနှင့် ချင်းဟုန်တို့သည် ကျောင်းယံတို့နှင့် လမ်းခွဲခဲ့ပြီး အနော်ရထာဘက်သို့ ထွက်ခွာခဲ့လေ၏။

ချင်းတုန်ဏ ဤ အနော်ရထာဘက်သို့ ထွက်ခွာခဲ့ခြင်းမှာ အကြောင်းရှိလေ၏။

ထိုအကြောင်းမှာ

ဟန်လုနှင့် ခေးဝိဇ္ဇာတို့အား သုတ်သင်ရန်ပင် ဖြစ်သည်။

ထို့ကြောင့်

သူတို့သည် ထွက်ခွာလာပြီး လမ်းတစ်လျှောက်လုံး လေးမြန်း သွားလေ၏။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



တန်လူနှင့် ခေါ်ဝိဇ္ဇာတို့၏ သတင်းကို လုံးဝ မကြားရပါ ချေ။

ဤသို့ဖြင့်

သူတို့သည် ရှိရှင်မြို့ကလေးသို့ ရောက်ရှိ လာကြလေတော့သည်။

သူတို့သည် စားသောက်ဆိုင် တစ်ဆိုင်၌ ဝင်ရောက်လျှော စားသောက်လိုက်ကြ၏။

သူတို့ စားသောက်နေကြစဉ် လမ်းမထက်မှ လူများ၊ ဈေးသည်များသည် အလုအယက် ထွက်ပြေးနေကြ၏။

ချင်းဟုန်နှင့် ရှမ်းရှမ်းတို့ အံ့ဩသွားကြသည်။

ထိုစဉ်—

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ် လာ၏။

မြင်းအော်သံများသည် လူများ ပြေးလွှားနေသည့်ကြားမှ ပြေးလွှား တိုးဝင်လာ၏။

ပြေးလွှားနေသော လူများသည် မြင်း၏ အရှိန်ကြောင့် တိုက်မိပြီး လဲကျကုန်၏။

အခြားမြင်းများက သူတို့၏ ကိုယ်ပေါ်သို့ နင်းချသွားသော သည်။

'ချွင်း...ချွင်း'

မြင်းပေါ်မှ လူများ၏ ပြေးလွှား နေသော လူများကို ကျာပွတ်ဖြင့် ရိုက်လေသည်။

လူရွယ်လူငယ်များကို ကြိုးကွင်းဖြင့်စွပ်၍ဖမ်းသည်။

မကြာမီ



သူတို့သည် လူငယ်လူရွယ် အယောက်နှစ်ဆယ်ကို ဖမ်းဆီးမိပြီး ကြိုးဖြင့်တစ်ဖက်စ တန်းတိုက်ဆွဲ၍ ထွက်ခွာသွားကြလေသည်။

ရှမ်းရှမ်းက ဆိုင်လုလင်ကိုခေါ်၍ မေးမြန်းလိုက်လေတော့သည်။

'သူတို့က ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ လူတွေကိုဖမ်းသွား တာလဲ'

ဆိုင်လုလင် သက်ပြင်းတစ်ချက်ချလိုက်၏။

'သူတို့က တောင်ပိုင်းနယ်က နယ်စားကြီးရဲ့လူတွေ လူငယ် လူရွယ်တွေကို ဖမ်းပြီး အလုပ်ကြမ်းလုပ်ခိုင်းတာ၊ သူတို့ကို အဆမတန်ခိုင်းတာ၊ ကြာတော့ ဘယ်ခံနိုင်မလဲ၊ ဖျားတဲ့လူက ဖျား၊ သေတဲ့လူကသေ၊ အဲဒီတော့ သူတို့လဲ နောက်ထပ်လူ တွေကို လိုက်ဖမ်းပြန်လေရော'

လူမ မျက်မှောင်ကြုတ်လိုက်သည်။

'သူက ဘယ်လိုလူစားမျိုးလဲရှင်'

'သူက မန်ချူးဘုရင် အားကိုးအားထားပြုထားတဲ့ လူ တစ်ယောက်ပါ၊ ဉာဏ်ကောင်းတယ်၊ သိုင်းပညာလဲ တော် တယ်၊ အလွန်ရက်စက်ကြမ်းကြုတ်တယ်၊ သေးသေးနှေးနှေး လူသတ်တဲ့ လူသတ်သမား တစ်ယောက်လဲဖြစ်တယ်၊ သိုင်းလော ကသား အတော်များများ သူ့လက်ချက်ကြောင့် သေဆုံးခဲ့တာ မနည်းတော့ဘူး'

www.burmeseclassic.com



ရှမ်းရှမ်း မခံမရပ်နိုင်အောင် ဖြစ်သွား၏။

'ထွေး အာဂရည်ရွယ်ချက်နဲ့ ဒီလိုလုပ်ရတာလဲ'

ဆိုင်လုလင်အား မတျော့မနပ်သောလေသံဖြင့် ပြောလိုက်လေသည်။

'သူဟာ သိုင်းလောကသားတွေကို စည်းရုံးတယ်၊ မရရင် လုပ်ကြံသတ်ဖြတ်တယ်၊ ဖမ်းဆီးပြီးအကျဉ်းချတယ်၊ သူ ဒီလို လုပ်တာဟာတော့ သိုင်းလောကကို စိုးမိုးချုပ်ကိုင်ဖို့ ဖြစ်ပြီး မန်ချူးတွေ တရုတ်ပြည်ကို လုယူသိမ်းပိုက်ရန် အကူအညီ ပေးနိုင်အောင် ပြင်ဆင်နေတာပဲဖြစ်တယ်'

ထွေးမ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'ကျွန်မသိပြီ၊ ကျွန်မအစ်ကိုဟာလဲ သူ့ကိုလုပ်ကြံဖို့ ကြိုးစားရင်း ဓားဝိဇ္ဇာရဲ့လက်ချက်ကြောင့် သေဆုံးခဲ့ရတယ်'

ဆိုင်လုလင် ခေါင်းညိတ်လိုက်၏။

'မှတ်တယ်၊ မန်ချူးတွေဟာ တရုတ်ပြည်ထဲကို ဝင်ရောက် မလာခင် တောင်ပိုင်းနယ်စားကြီး ဆောင်းထင်ကို လုပ်ကြံနိုင်မှဖြစ်မယ်၊ ဒါမှ မန်ချူးတွေ ရှုတ်တရက်ဝင်မလာရဲမှာ၊ ခါ ပေမယ့် တောင်ပိုင်းနယ်စားကို လုပ်ကြံဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး၊ သူ့မှာ အဆင့်မြင့်တဲ့ သိုင်းသမားများစွာရှိတယ် သူ့ကိုလုပ်ကြံဖို့ ကြိုးစားတဲ့လူထိုင်း မရှုမလှသေဆုံးကြရတာပဲ ထွေးသာ သေဆုံးသွားရင် တျူပီတို့တရုတ်ပြည် အေးချမ်းသွား မှာ'



ထိုစဉ်က၊ ကြားလိုက်ရသောအခါ တောင်ပိုင်းနယ်စား ဆောင်းထင်ကို လုပ်ကြံရန် ရှမ်းရှမ်းဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်…

သူမသည် တောင်ပိုင်းနယ်စား၏ဂေဟာကို ချောင်းမြောင်းရန် အည်းခိုခန်းမှ ထွက်လာခဲ့လေသည်။

…o…

www.burmeseclassic.com

www.burmeseclassic.com

## မမျှော်လင့်တဲ့လူ

'ခေါင် – ခေါင်'

သံချောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်။

ရှမ်းရှမ်း အိပ်ယာမှထလိုက်၏။

ဓားကို ကျောဘက်၌လွယ်ပိုးထားလိုက်၏။

ထို့နောက်

မီးအိမ်ကို ငြိမ်း၍ ပြတင်းပေါက်မှ ခုန်ထွက်လိုက်လေသည်။

လမိုက်ညဖြစ်၍ သူမ၏လှုပ်ရှားမှုမှာ ပို၍အဆင်ပြေလေသည်။

တောင်ပိုင်းနယ်စားကြီး ဂေဟာသို့ သွားရာ လမ်းလျှောက်ကို ယခင်ကသေချာစွာ မှတ်ထားပြီးဖြစ်ရာ သူမသည် အခက်အခဲမရှိ ပြေးလွှားသွားနိုင်ခဲ့လေ၏။



မကြာမီ...

သူမသည် တောင်ပိုင်းနယ်စားကြီး၏ဂေဟာသို့ ရောက်ရှိလာခဲ့လေသည်။

ဂေဟာ၏အရှေ့ဘက်၌ လူသုံးယောက်မှလွဲ၍ အခြားအစောင့်များကို မတွေ့ရချေ။

သူမက အမှောင်ရိပ်ကိုကွယ်၍ အသင့်ပါလာသော ဝါးချောင်းကလေးများကို ထုတ်ယူလိုက်လေသည်။

'ဖွစ်'

သူမက လက်တစ်ဖက်ဖြင့် ယမ်းမှုတ်လိုက်သည်။

ဝါးချောင်းကလေးမှာ အရှိန်ပြင်းစွာဖြင့် အစောင့်၏ လည်ပင်းကို စိုက်ဝင်သွားလေ၏။

'အင့်...'

အစောင့်မှာ သဲမကွဲသည့်ညည်းညူရင်း လဲကျသွားလေသည်။

သူ၏အဖော်က အံ့သြစွာဖြင့်ကြည့်နေစဉ် သူမ နောက်ထပ်ပစ်လွှတ်လိုက်သော ဝါးတံတစ်ချောင်းက သူ၏ရင်ဝအား စိုက်ဝင်သွားလေသည်။

ကျန်ရှိနေသော အစောင့်က အခြေအနေမကောင်းမှန်း သဘောပေါက်လိုက်သည်။

သူက အချက်ပေးသံချောင်းခေါက်ရန် ပြင်သော်လည်း ဝါးတံတစ်ချောင်းက သူ၏ရင်ဝသို့ စိုက်ဝင်သွားလေသည်။

'ဝုန်း'

'အား'

www.burmeseclassic.com



အစောင့်သဲလျှောသွားသည်နှင့် ရှမ်းရှမ်းက ဂေဟာထဲသို့ ခုန်ဝင်လိုက်သည်။

ထိုနောက်...

မီးရောင်ထွက်ပေါ်လာသော စာကြည့်ခန်းဆီသို့ ချဉ်းကပ်သွားလိုက်၏၊

သူမက ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်၏။

အစောင့်အကြပ် တစ်ယောက်မှမမြင်ရပေ။

နယ်စားကြီးဂေဟာကောင် အစောင့်များ နည်းပါးလွန်းသည်ကို စိတ်ထဲ၌ သံသယဖြစ်မိ၏။

သူမက ကြာကြာမစဉ်းစားနိုင်ဘဲ ပြတင်းပေါက်မှ လှမ်း၍ အကဲခတ်ကြည့်လိုက်လေသည်၊

စာကြည့်ခန်းထဲ၌ လူတစ်ယောက် သည် ပြတင်းပေါက်ကို ကျောပေး၍ထိုင်နေလေသည်၊

သူသည် စာရွက်စာတမ်းများကို အာရုံစူးစိုက်၍ ကြည့်နေသည်၊

ထိုလူသည် နယ်စားကြီး ကောင်းထင်ဖြစ်မည်ဟု သူမ နားလည်လိုက်သည်၊

သူမက ပြတင်းပေါက်ကို ညင်သာစွာဖွင့်လိုက်ပြီး အခန်းထဲသို့ ဝင်လိုက်သည်၊

ထိုနောက်

သူမက ဓားကိုဆွဲထုတ်ပြီး ကောင်းထင်ထံသို့ တဟုန်ထိုး ပြေးဝင်သွားလေသည်။



အသံကြားလိုက်ရသဖြင့် ကောင်းထင် နောက်လှည့်ကြည့်သည်၊

ရှမ်းရှမ်းမှာ ကောင်းထင်၏မျက်နှာကို မြင်လိုက်ရသော အခါ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်၊

'ဟင်'

သူမ မယုံကြည်နိုင်လောက်အောင် ဖြစ်သွား၏၊

အကြောင်းမှာ...

သူမ တွေ့လိုက်ရသော ကောင်းထင်မှာ သူမ စွဲလန်းနေရသော လူငယ်ပင် ဖြစ်နေသောကြောင့်ပင်၊

သူမက အံ့သြဟန်ဖြင့် လွတ်ခနဲရေရွတ်လိုက်သည်၊

'မြသော်...ရှင်ကိုး'

ထိုအချိန်တွင်...

ရုတ်တရက် ဆူညံသောအသံများ ထွက်ပေါ်လာလေတော့သည်၊

'လူသတ်သမားလာနေတယ် ဖိုင်းကြဟေ့'

ကိုယ်ရံတော်များသည် အခန်းတံခါးဖွင့်ပြီး ဝင်ရောက်လာကြသည်၊

ဆူညံသံများ ထွက်ပေါ်လာတော့မှ ရှမ်းလွှသည် မှင်သက်နေမိရာမှ သတိရလာလေသည်၊

သူမကို ကိုယ်ရံတော်များက ဝိုင်းရံတိုက်ခိုက်ကြလေသည်၊

သူမက ပြန်လည်တိုက်ခိုက်ရင်း အခန်းထဲမှ ထွက်ပြေးသည်၊

www.burmeseclassic.com

www.burmeseclassic.com



သူမသည် တိုက်ခိုက်ရန်လည်း စိတ်မပါတော့ပါချေ။
ထို့ကြောင့်
မြို့စားဂေဟာမှ တဟုန်ထိုး ပြေးလွှားထွက်ခွာလာခဲ့လေသည်။

၀ ၀ ၀

ရှမ်းရှမ်းသည် တည်းခိုခန်းထဲသို့ ပြန်လည်ရောက်ရှိလာသည်။
သူမနောက်ကို လိုက်လာနေသော နယ်စားကြီး၏ကိုယ်ရံတော်များက လိုက်လာသည်လား၊ မလိုက်လာသည်လား၊ သူမ မသိပါချေ။
အခန်းထဲရောက်သည်နှင့် ခုတင်ပေါ်သို့ ခြေပစ်လက်ပစ်လှဲလျောင်းလိုက်လေသည်။
သူမ၏ရင်ထဲ မွန်းကြပ်နေလေ၏။
သူမသည် ယခုအရွယ်အထိ နှလုံးသားပြဿနာ တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ခဲ့ပေ။
စိတ်လည်း မဝင်စားခဲ့ပါချေ။
ယခု…



သူမသည် လိန်ပုအနည်းငယ်ထားခဲ့သော လှင်ယံနှင့် တွေ့ဆုံပြီးမှ သူမ၏ရင်ထဲ၌ လှုပ်ရှားခဲ့ရသေးသည်။
ထိုလူငယ်သည် မိုးနဂါးထင်းဖုံဖြစ်ရမည်ဟု ချင်းဖွန်းက ပြောခဲ့သည်။
သို့သော်
ယခုတွေ့ခဲ့ရသော မိုးနဂါးထင်းဖုံသည် တောင်ပိုင်းနယ်စားကြီး၊ ကောင်းထင်ဖြစ်နေသည်။
သူမသည် စိတ်မေ့လူးလောဖြစ်ခဲ့ရလေ၏။
ရင်ထဲ၌ ဖော်မပြနိုင်သော ဝေဒနာများခံစားရင်း မျက်ရည်များစီးကျလာသည်။

—၀—

www.burmeseclassic.com

www.burmeseclassic.com

## အခန်းနှစ်ဆင့်အယုတ်

'ခေါက်...ခေါက်...ခေါက်'

အခန်းတံခါးခေါက်သံကြားမှ ရှမ်းရှမ်းနိုးလာသည်။

သူမသည် မိုးလင်းခါနီးမှ အိပ်ပျော်သွားသဖြင့် ဦးခေါင်း အနည်းငယ်မူးဝေနေ၏။

သူမ တံခါးဖွင့်ပေးလိုက်သောအခါ ချင်းဟုန်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'ရှမ်းရှမ်း၊ ငါတို့သွားကြမယ်'

သူ၏ပုံတန်မှာ အရေးကြီးသောကိစ္စ ရှိနေကြောင်း၊ သိသာလေသည်။

'ကိစ္စရှိလို့လား ဘိုးဘိုး'

ချင်းဟုန် ခေါင်းညိတ်လိုက်၏။



'ဟန်လိုကို တွေ့ခဲ့တယ်'

'ရှင်...'

သူမ အံ့အားသင့်သွားလေသည်။

'ဟန်လို ဒီကိုရောက်နေတယ် ဟုတ်လား'

ချင်းဟုန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် သူတစ်ယောက်တည်းမဟုတ်ဘူး၊ အခြားဖော်တွေလဲပါတယ်၊ သူတို့ကို အခြားတည်းခိုခန်းတစ်ခုမှာ အမှတ်မထင်မြင်လိုက်ရတာ၊ သူတို့ကိုကြည့်ရတာ ခရီးဆက်မယ့်ပုံစံပဲ၊ ဒါကြောင့် သူတို့နောက်ကို လိုက်သွားကြမယ်'

သူမက သဘောလက်ခံစွာဖြင့် ခေါင်းညိတ်လိုက်လေသည်။

'တုတ်ကဲ'

ချင်းဟုန်က ပြုံးပြရင်း ထွက်သွားလေသည်။

သူမက အဝတ်အစားလဲပြီး အခန်းထဲမှ ထွက်လာခဲ့လေသည်။

ထိုနေ့က

သူတို့သည် တည်းခိုခန်းမှ ထွက်လာခဲ့လေတော့သည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



လူသုံးယောက်သည် မြင်းကိုယ်စီဖြင့် မြို့ရိုးတံခါးပေါက်မှ ထွက်လာခဲ့ကြလေသည်။

သူတို့သည် သိုင်းလောကမှာ ကျော်ကြားသော မြင်းဖြူရှင် တောင်စန်းဖေးလူရှုံတော် ဝူးယိုနှင့် ရက်မကြာမီ စည်းရုံးခဲ့သော ဟန်လုနှင့် စားဝိဇ္ဇာတို့ဖြစ်လေသည်။

သူတို့သည် ရှေ့ကိုသာ ဦးတည်၍သွားနေ၏။

သူတို့နောက်၌ လူနှစ်ယောက်က ခြေရာခံလိုက်လာသည် ကို လုံးဝမသိချေ။

ဟန်လုက ဝူးရိုကို တိုးတိုးမေးလိုက်လေသည်။

'အစ်ကိုကြီးဝူးရို၊ ကျုပ်တို့ ဘယ်ကိုလိုက်သွားကြမလို့လဲ'

ဝူးရို ပြုံးလိုက်၏။

'ငါတို့လုပ်ငန်းကို အနှောင့်အယှက်ပေးမယ့် လူတစ်ဦးကို သွားပြီးသုတ်သင်မလို့'

ဟန်လု မျက်ခမောင်ကြုတ်လိုက်သည်။

'သူတို့ဏ် ဘယ်သူတွေလို့'

ဝူးရ ပြုံးလိုက်လေ၏။

'တောင်ပိုင်းနယ်စားကြီးကို ပုန်ကန်မယ့်လူတွေပါ'

ဟန်လု အံ့ဩသွား၏။

'ဟုတ်လား၊ ဒါပေမယ့် ကျုပ်နားမလည်တာ တစ်ခုတော့ ရှိတယ်'

သူ မျက်မှောင်ကြုတ်လိုက်လေသည်။

'ဘာတွေ နားမလည်တာလဲ'



'ကျုပ်တို့ကသဲ တောင်ပိုင်းနယ်စားကို ပုန်ကန်မယ့်လူတွေ ပဲမဟုတ်လား'

သူ မျက်နှာကြက်ခနဲ ပျက်သွားလေသည်။

ထို့နောက်

ချက်ချင်းပင် ခေါင်းညိတ်ပြလိုက်လေ၏။

'ဟုတ်တယ်လေ'

'ဒါဖြင့် သူတို့ကိုစည်းရုံးရမှာပေါ့၊ ဘာဖြစ်လို့ သူတို့ကို လိုက်သတ်နေရတာလဲ'

သူ ပြုံးလိုက်၏။

'ရှင်းရှင်းပြောရရင် ငါတို့မှာ လူအင်အားများများတော့အောင် တင်ဖက်အစည်းရုံးတယ်၊ စည်းရုံးလို့ မရတဲ့လူတွေကို သတ်ပစ်တယ်၊ ဒီလိုသတ်ပစ်တဲ့ရည်ရွယ်ချက်က တောင်ပိုင်းနယ်စားကြီးကို ငါတို့ကထောက်ခံတယ်ပေါ့၊ အထင်လွဲသွားအောင် နည်းဗျူဟာဆင်လိုက်တာပဲ၊ ငါတို့ အင်အားတောင့်တင်းလာတာနဲ့ သူတို့ကို အလစ်ဝင်ပြီး တိုက်ခိုက်သုတ်သင်ဖို့ပါပဲ'

ဟန်လု သက်ပြင်းတစ်ချက်ချလိုက်သည်။

ဒီလိုဆိုရင် အဖြူရောင်သိုင်းသမားတွေဟာ အသက် အလ ဟယ ဆုံးရှုံးမနေဘူးလား

သူ ခေါင်းညိတ်လိုက်လေ၏။

'အမြင်ကတော့ ဒီလိုပဲလေ၊ ဒါပေမယ့် တောင်ပိုင်းနယ်စားကြီးကို သုတ်သင်နိုင်အောင်နဲ့ သူ့အဖွဲ့အင်အားကို ဖြိုခွင်းနိုင်အောင် ဒီလောက်တော့ အနစ်နာခံရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဟန်လုသည် ငှုရှိပြောခဲ့သောစကားကို ယုံကြည်သွားခဲ့လေသည်။

သူတို့သည် ပြောပြောဆိုဆို တောင်ကုန်းတစ်ခုသို့ ရောက်ရှိလာလေသည်။

ယူကာ မြင်းကိုရပ်တန့်လိုက်လေသည်။

ထိုနောက်

သူတို့အားလုံး မြင်းပေါ်မှဆင်းလိုက်ကြလေသည်။

သူတို့သည် မြင်းများကို အနီးရှိ သစ်ပင်တစ်ပင်၌ ချည်ထားပြီး တောင်ကုန်းပေါ်သို့ တိတ်တဆိတ်တက်လာခဲ့ကြလေသည်။

တောင်ကုန်းပေါ်ရှိ မြေကွက်လပ်၌ လူနှစ်ယောက်ရောက်ရှိနေသည်။

မြေကွက်လပ်၏ ဝဲယာတစ်ဖက်တစ်ချက်စီ၌ မီးတုတ်များကို မြေစိုက်၍ထွန်းထားလိုက်လေ၏။

ကိုယ်ခန္ဓာ ထွားကျိုင်းသန်မာသော လူတစ်ယောက်သော လူရုပ်လူဝေးဘက်သို့ မျှော်နှူးမှုလိုက်လေသည်။

'ငါတို့ဟာ တောင်ပိုင်းနယ်စားကြီးကို သုတ်သင်ရှင်းလင်းဖို့ မြင်းဖြူရှင်ကောဇိစန်းရဲ့ အဖွဲ့ကို အရင်ဆုံး သုတ်သင်ရမယ်၊ တကယ်တော့ ကောဇိစန်းဟာ တောင်ပိုင်းနယ်စားကြီးရဲ့ လူပဲ၊ သူတို့ဟာ'

သူ၏စကားမဆုံးမီ ငှုရှိတို့သုံးယောက်က ဝင်ရောက်လာသဖြင့် စကားပြောခြင်းကို လက်စသပ်လိုက်လေ၏။

'ယား'



'ဝှီး...ဝှီး'

'ဝုန်း'

'အား'

'အမယ်လေးဗျ'

'သေပါပြီဗျ'

ငှုရှိတို့က စကားတစ်ခွန်းမှမပြောဘဲ ထိုလူစုကို ဖြင်းထန်စွာ တိုက်ခိုက်လိုက်လေ၏။

လူစုလူဝေးမှာ ဘာမန်းကတန်း ထွက်ပြေးကြကုန်သည်။

ငှုရှိက သတိပေးလိုက်သည်။

'တစ်ယောက်မှ မလွတ်စေနဲ့'

စေးဝိဇ္ဇာနှင့် ဟန်လုတို့က ဖရိုဖရဲဖြင့် ခြေဦးတည့်ရာ ပြေးသွားသော လူများနေရာသို့ လိုက်သွားကြလေသည်။

၀ ၀ ၀

ဟန်လုက ထွက်ပြေးသွားသူ သုံးယောက်နောက်သို့ လိုက်သွားခဲ့၏။

လမိုက်ညဖြစ်၍ ဝန်းကျင်တစ်ခုလုံး မှောင်မည်း၍ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်…

သူ၏ နောက်၌ အေးစိမ့်သော လေတစ်ချက် ထွက်ပေါ်လာသည်ကို ခံစားရ၏။

သူက နောက်သို့ ချာခနဲ အနည်းငယ် ကြည့်လိုက်မိသေးသည်။

ကြယ်အရောင်များ၏ အလင်းရောင်အောက်၌ လူရိပ်တစ်ခုအား တွေ့မြင်လိုက်ရသည်။

ခန္ဓာကိုယ် သေးသေး သွယ်သွယ် ဖြစ်နေ၍ မိန်းကလေးတစ်ဦးဖြစ်မှန်း သိလိုက်၏။

သူသည် မိန်းမလေးထံသို့ ပြေးသွားပြီး တစ်ဖန်တိုး ဝင်ရောက် တိုက်ခိုက်သည်။

သို့သော်…

မိန်းကလေးက ပျောက်ကွယ်သွား၏။

ဟန်လု အံ့အားသင့်မိသည်။

'ဝုန်း'

'အား'

သူ၏ နောက်ကျောကို လက်ဝါးဖြင့် အရိုက် ခံလိုက်ရလေသည်။

ဟန်လုမှာ နာကျင်လွန်း၍ အော်ဟစ်လိုက်၏။

သို့သော်…

မိန်းကလေး၏ အရိပ်အယောင်များပင် မမြင် မတွေ့လိုက်ရချေ။

'ဝုစ်…'



ထိုခဏ…

သူ၏ ခေါင်းဘက်မှ လေအိုးသံတစ်ချက် ထွက်ပေါ်လာသည်။

ဟန်လု ကပျာကယာ ငုံ့ရှောင်လိုက်၏။

သူ၏ ဆံပင်အချို့ အသည် တိခနဲ ပြတ်သွားပြီး လေထဲ၌ လွင့်မျောနေသည်။

'ဟင်'

ဟန်လု အလွန့်ပင် တုန်လှုပ် သွားသည်။

'ခစ် ခစ် ခစ်'

ရုတ်တရက်…

မိန်းကလေး တစ်ယောက်၏ ရယ်မောသံ ထွက်ပေါ်လာသည်။

'ခစ် ခစ် ခစ်'

'တောက်'

ဟန်လု ဒေါသ ထွက်သွားပြီး ရယ်မောသံ ထွက်ပေါ်လာရာဆီသို့ ပြေးလိုက်သွားလေ၏။

ရယ်မောသံသည် တဖြည်းဖြည်းဝေးပြီး ပျောက်ကွယ်သွားသည်။

ထိုစဉ်…

လူရိပ်တစ်ခု လျှပ်တစ်ပြက် ရောက်ရှိလာ၏။

ဟန်လုက အားတင်းကာ ကြိတ်လိုက်ပြီး တိုက်ခိုက်ခဲ့သည်။

လူရိပ်က အလန့်တကြား အော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟန်လု ကျုပ်ပါ'

ဝူရှိ၏ အသံ ဖြစ်သည်။

စားဝိဇ္ဇာ ရောက်ရှိလာ၏။

ဝူရှိက ဟန်လုအား စိုက်ကြည့်လိုက်သည်။

'ခင်ဗျား လူဘယ်နှစ်ယောက် ဖမ်းထားလဲ'

ဟန်လု ခေါင်းခါယမ်း၏။

'မိန်းကလေး တစ်ယောက် ဝင်မနှောင့်ယှက်တာနဲ့ ကိုယ့်ကို ကိုယ်တောင် မနည်း ထားကွယ်နေရတယ်'

ဝူရှိ သတ်ပြင်းတစ်ချက် ချလိုက်၏။

'ကျုပ်တို့လဲ ဒီအတိုင်းပဲ၊ ဒါပေမယ့် နှောင့်ယှက်တဲ့ လူကာ အဘိုးအို တစ်ယောက်ပါ'

ဟန်လု မျက်နှာ ရှုံ့မဲ့သွားသည်။

'မိန်းကလေးက ဘယ်သူမှန်းလဲ့တော့ မသိဘူး၊ ကျုပ်ရွေး ပြင်ကို ရှိဆ်တာ အခုထိ နာနေတယ်'

ဝူရှိ ခေါင်းညိတ်သည်။

'ပြန်ကြစို့'

—၀—

အပြစ်ဒဏ်

---

နေ့စဉ်တစ်နေ့ နံနက်....

ဟန်လု အိပ်ယာထဲမှ ထသည်။

ဝူရှိက သူ၏ ကျောပြင်အား ကြည့်လိုက်ရာ အနည်းငယ် ယောင်ကိုင်းနေသည်ကို တွေ့လိုက်ရ၏။

ထိုစဉ်....

'အဟမ်း'

အပြင်ဘက်မှ ချောင်းဟန့်သံ တစ်ချက် ထွက်ပေါ်လာသည်။

ဝူရှိက အမြန်ထတန်း ထွက်ပြီး ကြည့်လိုက်ရာ တံခါးရှေ့တွင် အဘိုးအို တစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဘိုးအိုသည် မိုးကြိုးဂိုက်ချုပ် ချင်းဟုန် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ထိုအဘိုးအိုသည် မိုးကြိုးဂိုဏ်းချုပ် ဖြစ်ကြောင်း ဝူရှီ ရိပ်မိသည်။

ချင်းဟုန် ပြုံးလိုက်သည်။

'ကျေးဇူးပြုပြီး ဟန်လုကို ပြောပေးပါ၊ ကျုပ်အညီးခိုခန်းရှေ့မှာ ရောက်နေပါတယ်လို့'

သူက စကားဆုံးသည်နှင့် ချက်ခြင်း လှည့်၍ ထွက်သွားလေသည်။

ဝူရှီက ခြေလှမ်းသွက်သွက်ဖြင့် ဟန်လုထံသို့ ပြန်သွားပြီး ပြော၏။

ဟန်လု ထိတ်လန့်သွား၏။

'အစ်ကိုဝူရှီ ကျုပ် ဘာယ်လို လုပ်ရမလဲဗျ'

ဝူရှီ သက်ပြင်းတစ်ချက် ချလိုက်၏။

'ခင်ဗျား ဆရာ ရောက်လာရင် သွားတွေ့လိုက်ပေါ့၊ အ ကျုပ်တို့ဆီမှာ အမှုထမ်းတာပဲ အပြစ်ပြောလို့ မရပါဘူး'

ဟန်လု ထရပ်လိုက်၏။

'ကျုပ် ဗုက္ခရောက်ရင် အစ်ကိုကြီး ဆောင်ယ်ပါ'

ဝူရှီ ခေါင်းညိတ်လိုက်သည်။

'ခင်ဗျား ရဲရဲသာသွားပါ'



ဟန်လုသည် စိတ်ကို ထိန်း၍ အနည်းငယ် အေးအေးဆေး ပြီး တည်းခိုခန်းမှ ထွက်ခွာသွားသည်။

○ ○ ○

ဟန်လု မြေကွက်လပ်သို့ ရောက်ရှိ သွားသောအခါ ချင်းဟုန်က မျက်နှာထား သုန်မှုန်စွာဖြင့် ရပ်နေသည်ကို တွေ့လိုက်ရသည်။

ဟန်လုက ဂါရဝပြုလိုက်၏။

ချင်းဟုန်က အေးစက်စွာဖြင့် ကြည့်လိုက်သည်။

'ဟန်လု...မင်းတို့ ငါ့ဆီက ထွက်သွားတုန်းက ငါမှာခဲ့တဲ့ စကားတွေ မှတ်မိလား'

'မှတ်မိပါတယ် ဆရာ'

ချင်းဟုန်က အေးစက်သော လေသံဖြင့် မေး၏။

'မင်း အခု ဘာလုပ်နေလဲ'

ဟန်လု သက်ပြင်းတစ်ချက် ချလိုက်၏။

'မြင်းဖြူရှင် ကောက်စန်းဆီမှာ အမှု ထမ်းနေပါတယ် — ဆရာ'

ချင်းဟုန် ခေါသထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖုံဆာစက်စန်းဟာ တောင်ပိုင်းနယ်စားကြီးရဲ့ လူဆိုးဆိုတာ မင်းမသိဘူးလား'

ဟန်လု ခေါင်းငုံ့ထား၏။

'ဒီလိုရှိပါတယ်ဆရာ'

သူ၏ စကားမဆုံးမီ ချင်းဟုန်က အော်ငေါက် လိုက်လေ သည်။

'တိရစ္ဆာန်ကောင်...မင်းဘာမှ မပြောနဲ့၊ မင်းတာ၀ အ... ရောင် သိုင်းသမားတွေကို လုပ်ကြံနေတယ် ဆိုတာ ငါသိပ... တယ်'

သူက ပြောပြီး ခေါင်းကို မထိန်းနိုင်တော့ဘဲ လက်သီးဖြင့် ဟန်လု၏ ရင်ဝကို ထိုးလိုက်၏။

'ဝှစ်'

ဟန်လု အမန်းအတန်၊ ရှောင်တိမ်းလိုက်၏။

ချင်းဟုန်က ထပ်မံ၍ တိုက်ခိုက်လိုက်သည်။

ဟန်လု ရင်ထိတ်သွားပြီး နေစဉ်ဆုတ်လိုက်၏။

မိန်းကလေး တစ်ယောက်က လူနေစက်ဆုတ်မည့် လမ်း... ပိတ်ရပ်လိုက်၏။

'ဟန်လု...ရှင့်ဆရာကို စောင်းပေးလိုက်'

သူက ရှမ်းရှမ်းကို မသိပါချေ။

'ယာ။'

သူက ကြားသံပေး၍ ရှမ်းရှမ်းအား တိုက်ခိုက် လိုက်လေ သည်။



ရှမ်းရှမ်းက ရှောင်တိမ်းလိုက်ပြီး လက်ဝါးဖြင့် ရိုက်ချလိုက် သည်။

'ဝုန်း'

ဟန်လု နေစက်ဆုတ်လိုက်ရ၏။

ရှမ်းရှမ်းအား တိုက်ခိုက်မည့် ဖုံပြုဘွင် လူတစ်ယောက် ကြိုး ဖြတ် ဝင်လာ၏။

ဝင်လာသူမှာ ဝူရှိုပင် ဖြစ်သည်။

ရှမ်းရှမ်းက ဝူရှိုအား ဆီးကြို တိုက်ခိုက်လိုက်၏။

ချင်းဟုန်က ခပ်လှမ်းလှမ်း၌ လက်ပိုက်၍ ကြည့်နေလိုက် သည်။

ဟန်လုသည် ဝူရှိုနှင့် ပူးပေါင်း၍ ရှမ်းရှမ်းအား တရကြမ်း တိုက်ခိုက်၏။

ရှမ်းရှမ်းက အရိပ်မဲ့သိုင်းပညာကို ထုတ်ဖော် အသုံးပြုလိုက် သည်။

ဟန်လုတို့သည် မည်သို့ ခုခံရမှန်းမသိ ဖြစ်သွား၏။

သူတို့ ငေးငိုင်နေစဉ် ရှမ်းရှမ်းက ဝူရှို၏ ခါးကိုဆွဲပြီး အဝေး သို့ ပစ်လွှတ်လိုက်၏။

'ဟူး...'

ဝူရှို၏ ခန္ဓာကိုယ်သည် အခဝေးသို့ လွင့်စင် သွားလေတော့ သည်။

သို့သော်...

မြေပေါ်သို့ ကျမသွားချေ။

www.burmeseclassic.com

www.burmeseclassic.com



သူက ရှမ်းရှမ်း ပစ်လွှတ်လိုက်သော အရှိန်ကို ယူ၍ ကျွမ်းပစ်ပြီး ထွက်ပြေးသွားလေ၏။

ထိုစဉ်

ဟန်လုတ အခြေအနေ မကောင်းမှန်း သိ၍ ထွက်ပြေးရန် ဟန်ပြင်သည်။

'မင်း ဘယ်ပြေးမလို့'

ချင်းဟုန် အော်ငေါက်ရင်း ပြေးဝင်လာသည်။

ဟန်လုတ မတတ်သာတော့ဘဲ ချင်းဟုန်အား တိုက်ခိုက်လေသည်။

ချင်းဟုန် ပို၍ ဒေါသထွက်သွား၏။

'ငါ့ကိုတော့ အနိုင်တယ်ပေါ့ ဟုတ်လား'

သူက ဟန်လုအား တရကြမ်း တိုက်ခိုက်၏။

ဟန်လုမှာ တကယ် တိုက်ခိုက်ခြင်း မဟုတ်ချေ။

တိုက်ခိုက်ရန် ဟန်ပြင်ပြီး ချောင်ခနဲ လှည့်၍ ထွက်သွားလေသည်။

ချင်းဟုန်က နောက်မှ လိုက်သွားသည်။

ဟန်လုက တောအုပ်ထဲသို့ ပြေးဝင် သွား၏။

ရှမ်းရှမ်းက ဟန့်တားလေသည်။

'အကိုးမလိုက်နဲ့၊ သူ့မှာ အဖော်တွေ ရှိသေးတယ်'

ချင်းဟုန် ရပ်တန့်လိုက်၏။

သူ၏ မျက်စန်းအစုံ၌ စိတ်ထိခိုက်လွန်း၍ မျက်ရည်များ စီ လာလေသည်။

သူမက နှစ်သိမ့်သည်။



'စိတ်မကောင်း မဖြစ်ပါနဲ့ အကိုး၊ တစ်နေ့ အမှန်ဘာရှား ရမှာပေါ့'

ထိုနေ့က

ရှမ်းရှမ်းက သူ့အား တည်းခိုခန်းကို ပြန်လည်ခေါ်ဆောင် သွားလေသည်။

---

www.burmeseclassic.com

www.burmeseclassic.com

## သံယောဇဉ်

---

လခြမ်းကလေးသည် တိမ်တိုက်ကြားမှ ထိုးထွက်လာလေသည်။

ညလေသည် ပြတင်းပေါက်မှ တသွင်သွင်တိုက်ခတ်နေလေသည်။

ရှမ်းရှမ်းမှာ ခုတင်ထက်၌ လှဲလျောင်းနေ၏။

သူမ၏အတွေးထဲတွင် လိန်ပုမြို့မှလူငယ်က စိုးမိုးထားလေသည်။

ရှမ်းရှမ်း ခေါင်းခါလိုက်သည်။

'ငါ ဘာကြောင့် သူ့ကိုသတိရနေတာလဲ'

သူမသည် ကိုယ့်ကိုကိုယ် မကျေမနပ်ဖြစ်လာ၍၊



'လက်စသပ်တော့ မိုးနဂါးထင်းဖုံဟာ ဘောင်ပိုင်းနယ်စား ဖြစ်နေတာကိုး'

သူမ အံ တင်းတင်းကြိတ်လိုက်လေသည်။

'သူဟာ မျိုးချစ်သိုင်းသမားတွေကို သတ်ဖြတ်နေတဲ့လူပဲ၊ သူ့ကို ငါသတ်မှဖြစ်မယ်'

သူမသည် ယင်းသို့ကြုံးဝါးပြီး ဓားကို ကျောခွဲ၌လွယ်ပိုး၍ တည်းခိုခန်းမှ ထွက်လာခဲ့၏။

ထို့ကြောင့်

သူမက ကိုယ်ဖော့ပညာအသုံးပြု၍ ဘောင်ပိုင်းနယ်စား၏ ဂေဟာသို့ ဦးတည်ပြေးသွားလေသည်။

၀ ၀ ၀

နယ်စားဂေဟာ....

စာကြည့်ခန်းထဲ၌ ကောင်းထင်မှာ ထိုင်နေသည်။

တိုင်းရေးပြည်ရေးကိစ္စကြောင့်မဟုတ်ဘဲ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တုန်းက မိမိအား ယာ... လုပ်ကြံသော မိန်းကလေးသည် ထိပ်တန်းသိုင်းသမား တစ်ဦးဖြစ်မှန်း သူ နားလည်သွား၏။

ထိုညတွင် သူက ထိုမိန်းကလေးအား ဖမ်းထား နိုင်ပါလျက် လွှတ်ပေးလိုက်ရခြင်းမှာ အဘယ်ကြောင့်ဖြစ်သည်ကို သူ နားမလည်နိုင်ဘဲ ဖြစ်နေသည်။

ထိုမိန်းကလေး၏မျက်နှာကို မြင်လိုက်ရသည့်တခဏအတွင်းတွင် သူ၏ နှလုံးသားခုန်သံသည် ပြင်းထန်လာသည်ဟု ထင်မှတ်လိုက်ရလေသည်။

ယူသည် အသက် ဆယ့်ရှစ်နှစ်ခန့် ရှိပြီဖြစ်သည်။

ထိုအစ်ယက်တွာအတွင်း သူသည် ချစ်ခြင်းမေတ္တာကို နားမလည်ခဲ့ပေ။

ထိုမိန်းကလေးကို မြင်လိုက်ရသည့်ခဏ သူ၏စိတ်ထဲတွင် သံယောဇဉ်ကြိုး ငြိတွယ်သွားလေတော့သည်။

မိန်းကလေးသည် မည်သူမည်ဝါ ဖြစ်သနည်း။

ယနေ့လည်း သူသည် အခြားလုပ်ငန်းကို ဘေးချထားပြီး မိန်းကလေးအား မည်ကဲ့သို့ရှာဖွေရမည်ကို စဉ်းစားပြီး အိပ်မပျော်ဘဲ ဖြစ်နေလေသည်။

ထိုစဉ်...

'ကျွီ...'

အသံတစ်ခုကြားလိုက်ရ၏။

မိမိအား လုပ်ကြံမည့်မိန်းမလေး ထပ်မံရောက်လာသည်ဟု ယုံကြည်လိုက်သည်။



သူသည် နောက်လှည့်ကြည့်လိုက်သောအခါ သူထင်ထားသည့်အတိုင်း မိန်းကလေးတစ်ယောက် အခန်းထဲဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

သူသည် ထိုင်ရာမှထပြီး မိန်းကလေးကို စေ့စေ့ကြည့်နေသည်။

ထိုမိန်းကလေးသည် ရှမ်းရှမ်းပင်ဖြစ်၏။

သူမသည် ယခင်တစ်ကြိမ်တုန်းက မအောင်မြင်၍ စိတ်မပြေဘဲ ဒုတိယအကြိမ် ရောက်လာခြင်းဖြစ်သည်။

ကောင်းထင် ပြုံးလိုက်၏။

'မင်း...ငါ့ကိုသတ်ဖို့ လာတာလား'

သူမ ပြုံးလိုက်၏။

'ရှင်က သိနေတာကိုး'

ကောင်းထင် ခေါင်းညိတ်ပြလိုက်လေ၏။

'သိတာပေါ့၊ ဒီကိစ္စကို ကျုပ်က အမြဲတမ်းကြုံနေကျမို့'

သူမ ခေါင်းခါလိုက်လေသည်။

'ဒီတစ်ခါတော့ ရှင် နောက်ထပ်မကြုံတော့ပါဘူး'

သူမက မာဆဲဆဲထုတ်လိုက်လေသည်။

'ချွမ်း...'

ကောင်းထင်က ပြုံး၍ကြည့်နေ၏။

'မင်းက ဘာကြောင့် ကျုပ်ကိုသတ်ချင်ရတာလဲ'

သူမ မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်မရှိမှ သိုင်းလောကကြီး အေးချမ်းသွားမှာမို့ပါ'

ကောင်းထင် သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် တျုပ်ကိုသတ်လိုက်ပါ'

သူမသည် ဓားကို တစ်ချက်ဝှေယမ်းလိုက်ပြီး ရှေ့သို့ တစ်လှမ်းချင်းလှမ်းသွားသည်။

သူမ၏ ကောင်ထင်ရှေ့သို့ ရောက်သွားသောအခါ ရုတ်တရက် သူမနင်းထားသည့်ကြမ်းပြင်သည် အောက်သို့နိမ့်ဆင်းသွားလေ၏။

'ဂျိမ်း'

'ဖေါ'

သူမသည် မဟန်နိုင်တော့ဘဲ အထဲသို့ကျွံကျသွားလေ၏။

သူမ အောက်သို့ထိုးကျသွားသောအခါ ကောင်းထင်၏ ရယ်သံကို ကြားလိုက်ရလေသည်။

'ဟား...ဟား...ဟား'

—၆—

မရဏာလက်နက်

---

'ခေါက်...ခေါက်'

မည်မျှ သတိလစ်နေသည်မသိ အခန်းတံခါး ခေါက်သံကြားမှ ရုန်းရှမ်း သတိရလာသည်။

မကြာခင်မီ

အခန်းထဲသို့ လူနှစ်ယောက်ဝင်လာ၏။

သူတို့၏လက်ထဲ၌ အနက်ရောင် သံမဏိတုံးလေးတစ်ခု ကိုင်ဆောင်ထားလေသည်။

ထိုလူနှစ်ယောက်အနက် မုတ်ဆိတ်ဖရုပျစ်နှင့်လူက ပြောလာလေ၏။

'ခင်ဗျားကို နယ်စားကြီးက ခေါ်ခိုင်းလိုက်တယ်၊ အေးဆေးဆေးဆေး လိုက်ခဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



သူဘ လက်ထဲ၌ ကိုင်ဆောင်ထားသောအရာကို ချပြလိုက်၏၊

'မရဏာလက်နက်ဆိုတာ မင်းကြားဖူးလား'

သူမသည် ကြားဖူးသော်လည်း တွေ့မြင်ဖူးခြင်းမရှိပါချေ၊

ထို့ကြောင့်....

ထိုထူးဆန်းသောအရာကို အကဲခတ်ကြည့်လိုက်လေသည်၊

မုတ်ဆိတ်ပရပျစ်နှင့်လူက လက်ထဲပါလာသော အရာ၏ အောက်ပိုင်း၌တပ်ဆင်ထားသော ကြိုးစကိုဆွဲလိုက်လေသည်၊

'ချပ်....'

အသံသဲ့သဲ့ ထွက်ပေါ်လာ၏၊

ထိုသို့တို့၏အလယ်၌ အနည်းငယ်ဟသွားပြီး ထက်မြက်သော ဓားကလေးများ ထိုးထွက်လာသည်၊

ထို့နောက်

ချွန်းရဟတ်ပမာ လည်ပတ်သွားလေ၏၊

မုတ်ဆိတ်ပရပျစ်နှင့်လူက အခန်းထောင့်၌ရှိသော ကျောက်တုံးတစ်တုံးထံ ပစ်လိုက်ရာ....

'ဝိုး....ဝိုး'

မရဏာလက်နက်သည် လျှင်မြန်စွာလည်ပတ်ပြီး ကျောက်တုံးရှိရာသို့ ပျံသန်းသွားလေသည်၊

'ချွမ်း'



မရဏာလက်နက်သည် ကျောက်တုံးကို တစ်ဝက်ပိုင်းလိုက်ပြီး မုတ်ဆိတ်ပရပျစ်နှင့်လူထံ ပျံသန်းသွားသည်၊ မုတ်ဆိတ်ပရပျစ်နှင့်လူက အသာအလေးပင်ယူလိုက်ပြီး ခလုတ်ကိုနှိပ်လိုက်ရာ ဓားများသည် အတွင်းသို့ပြန်ဝင်သွားသည်၊

'ချွမ်း'

ကိုရီယာ အသက်ပိုင်းနှင့် အောက်ပိုင်းမှာ ပြန်ဆက်သွားသည်၊

ရှမ်းရှမ်းသည် ထိုမရဏာလက်နက်၏ အစွမ်းကို တွေ့လိုက်ရသောအခါ ချွေးသီးချွေးပေါက်များ ကျလာလေ၏၊

သူမသည် ထိုလူ နှစ်ယောက်အား တိုက်ခိုက်၍ ထွက်ပြေးရန် စိတ်ကူးမိသည်ကို လက်လျှော့လိုက်၏၊

သူမသည် ထိုလူ နှစ်ယောက် ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေတော့သည်၊

ကောင်းထင်မှာ အခန်းထဲ၌ ထိုင်နေသည်၊

သူသည် ရှမ်းရှမ်းအား မမျှော်လင့်ခြင်း ဖြစ်၏၊

မကြာမီ....

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းရှမ်းနှင့် သူ၏ ကိုယ်ရံတော် အခန်းထဲ ရောက်ရှိလာသည်။

ကောင်းယန် ပြုံးလိုက်၏။

'မင်းနာမည် ဘယ်လိုခေါ်လဲ'

'ရှမ်းရှမ်း'

ကောင်းထင်က ပြုံး၍ ကုလားထိုင် တစ်လုံးကို ညွှန်ပြလိုက်သည်။

'ထိုင်ပါဦး'

ရှမ်းရှမ်းက ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင် လိုက်သည်။

'မင်းဟာ ကျုပ်ကို လုပ်ကြံဖို့ လာတာလား'

သူမ ခေါင်းညိတ်၏။

'ဟုတ်တယ်... ကျွန်မကို သတ်ချင် သတ်နိုင်တယ်'

ကောင်းထင် လက်တားပြ၏။

'ကျုပ်ကို ဘာဖြစ်လို့ လုပ်ကြံချင်သလဲဆိုတာ ပြောပြမလား'

သူမ မဲ့ပြုံး ပြုံးသည်။

'ရှင်ဘာလုပ်တယ်ဆိုတာ ပြောပြရမလား'

ကောင်းထင်က ဓားတစ်လက်ကိုယူပြီး သူမအားပေးလိုက်သည်။

'မင်းဓား ပြန်ယူသွားပါ'

'ဟင်'

သူမ အံ့ဩသွားသည်။



ကောင်းထင် ပြုံးပြလိုက်၏။

'ဒီဓားကို ယူပြီး မင်းသွားလိုရာ သွားနိုင်ပါပြီ'

သူမ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

အတန်ကြာအောင် သူ့ကို စိုက်ကြည့်ပြီးမှ မေးလိုက်လေသည်။

'ရှင်က ဘာပရိယာယ် ဆင်နေတာလဲ'

ကောင်းထင် ပခုံးတွန့်လိုက်၏။

'ကျုပ်လဲ ဘာမှ မလုပ်ရပါလား'

သူမ သက်ပြင်းတစ်ချက်ချလိုက်၏။

'ရှင် သေချာ စဉ်းစားပြီး ပြီလား'

ကောင်းထင် မျက်မှောင်ကုတ်မိသည်။

'ဘာကို စဉ်းစားရမှာလဲ'

သူမက အေးစက်သော လေသံဖြင့် ပြော၏။

'ကျွန်မဟာ ရှင့်ရဲ့ ရန်သူပဲ၊ ကျွန်မကို လွှတ်လိုက်တဲ့အတွက် တစ်ချိန်မှာ ကျွန်မက ရှင့်ကို ပြန်လာပြီး လုပ်ကြံရင် ရှင်ဘာလုပ်မလဲ'

ကောင်းထင် မချိပြုံး ပြုံးသည်။

'ခင်ဗျားကိုလဲ ကျုပ် စကားတစ်ခွန်း ပြောမယ်၊ သေချာ နားထောင်ပါ'

သူမ ခေါင်းညိတ်၏။

'ပြောပါ'

ကောင်းထင်က တည်ငြိမ်သော လေသံဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'နေ့ခင်းတစ်ချိန် ဖြစ်ချင်တာတွေ ဖြစ်ပါစေ၊ ကျုပ်ပြေမယ် စကားအတော့ ခင်ဗျားကို မြင်မြင်ချင်းပဲ ကျုပ်သံယောဇဉ်ပြ မိတယ်…

'ဒါကြောင့် ခင်ဗျားကို လွှတ်လိုက်ရင် အန္တရာယ်ရှိမှန်းသ ရက်နဲ့ ကျုပ်ရင်ထဲက သံယောဇဉ်ကို မလွန်ဆန်နိုင်လို့ လွှ လိုက်တယ် မှတ်ပါ'

'ဟင်'

ရှမ်းရှမ်း၏ ခန္ဓာကိုယ် တစ်ချက် လှုပ်ရှားသွားသည်။

သူမက ကျော်စင်းထင်အား ထပ်မံစိုက်ကြည့်လိုက်ပြီးမှ ရှ ခနဲ လှည့်လိုက်၏။

ကျော်စင်းထင်က ကိုယ်ရံတော် နှစ်ယောက်တို့ထံသို့ လှည့် လိုက်၏။

'သူ့ကို စိတ်ချရတဲ့ နေရာရောက်အောင် ပို့လိုက်ပါ'

'ဟုတ်ကဲ့'

ကိုယ်ရံတော် နှစ်ယောက်က ရှမ်းရှမ်းအား ခေါ်ဆောင် ထွက်ခွာသွား၏။

'အင်း…'

ကျော်စင်းထင်မှာ စိတ်မသက်မသာဖြင့် သက်ပြင်းမျှ ကျန်ရစ်ခဲ့လေသည်။



ပေဒါ အတုံးအို

ချင်းဟုန်နှင့် ရှမ်းရှမ်းတို့သည် နံနက်လင်းသည်နှင့်တည်းခို ခန်းမှ ထွက်လာခဲ့ကြ၏။

သူတို့သည် မင်းလမ်းမကြီးအတိုင်း လျှောက်လာရာ အခရ တက်မှ အဝတ်အစား ခပ်နွမ်းနွမ်း ဝတ်ဆင်ထားသော ဆစ်ဦး တွတ်သီးသုတ်ပျာ လျှောက်လာနေသည်ကို တွေ့လိုက်ရလေတော့ သည်။

သူ၏ ပုံဟန်မှာ အရေးတကြီး ကိစ္စရှိကြောင်း သိသာလှ သည်။

ချင်းဟုန်က ရှမ်းရှမ်းဘက်သို့ လှည့်လိုက်၏။

'ရှမ်းရှမ်း၊ ငါတို့ လိုက်ကြည့်ရအောင်'

သူမက သဘောတူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ထုတ်ကဲ့'
ထိုနေ့ခ်…
သူတို့သည် ရှေ့မှလူ သွားရာ နေရာသို့ လိုက်လာခဲ့ရာ မြွေမမီ မြို့ပြင်သို့ ရောက်ရှိလာလေသည်။

၀ ၀ ၀

အဝတ်အစား စုတ်ပြတ်နေသော လူသည် မြေကြီးဖော်လပ်၌ ရပ်နေသည်။
ချင်းဟုန်နှင့် ရှမ်းရှမ်းတော သစ်ပင်များကို အကာအကွယ် ယူ၍ အနီးသို့ချဉ်းကပ်သွား၏။
ထိုလူသည် တစ်စုံတစ်ယောက်ကို စောင့်နေသည်မှာ သေ ချာလှ၏။
မမြွေမီ…
လူတစ်ယောက် မြေလှမ်းမှန်မှန်ဖြင့် လျှောက်လာသည်ကို တွေ့လိုက်ရ၏။
ထိုလူမှာ မေးဝိဇ္ဇာပင် ဖြစ်သည်။
မေးဝိဇ္ဇာသည် အဝတ်အစား နွမ်းလျနေသော အဘိုးအို ကို စိုက်ကြည့်လိုက်၏။



'ကျုပ်ကို စိန်ခေါ်တဲ့ ပေဒါအဘိုးအိုဆိုတာ ခင်ဗျားလား'
ထိုလူ ခေါင်းညိတ်သည်။
'ဟုတ်ပါတယ်'
မေးဝိဇ္ဇာ မျက်မှောင်ကုတ်၏။
'ကျုပ်ကို ဘာကြောင့် စိန်ခေါ်ရတာလဲ'
ပေဒါအဘိုးအို ပြုံးလိုက်သည်။
'လူကောင်းတွေကို နှောင့်ယှက်တဲ့လူ မှန်သမျှ ကျုပ်က စိန် ခေါ်ရမှာပဲ'
'ဟား ဟား ဟား'
မေးဝိဇ္ဇာ သဘောကျစွာ ရယ်သည်။
'ခင်ဗျားက ကျုပ်ကို နိုင်မယ် ထင်နေလို့လား။ ကျုပ်ကို နှောင့်ယှက်တဲ့လူ မှန်သမျှ ချမ်းသာမပေးနိုင်ဘူး'
'ခြမ်း'
စကားဆုံးလျှင် သူက ဓားဆွဲထုတ်၍ စတင် တိုက်ခိုက်လိုက် သည်။
ပေဒါ အဘိုးအိုက ရှောင်တိမ်းရင်း ဝှက်ထားသော ဝါး ရှိမ်းတုတ်ကို ထုတ်၍ ခုခံ ကာကွယ်လိုက်၏။
ရှမ်းရှမ်းက ပေဒါအဘိုးအို တိုက်ခိုက်နေပုံကိုကြည့်၍ ချင်း ဟုန်အား မေး၏။
'ပေဒါ အဘိုးအိုရဲ့ ဝါးရှိမ်းတုတ်က ဓားကို ခုခံနိုင်ပါ့ မလား'
ချင်းဟုန်ခေါင်းခါယမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



'လွယ်မယ် မထင်ပါဘူး၊ ဒါပေမယ့် ဗေဒါ အဘိုးအိုကို အထင်သေးလို့ မရဘူး'

'ခြိမ့်း'

သူတို့နှစ်ယောက် ဝေဖန် ပြောဆိုနေကြစဉ် ဗေဒါအဘိုးအို၏ လက်ချက်ကြောင့် ဓားဝိဇ္ဇာခေါင်း လွတ်ကျသွားလေတော့သည်။

'ဟင်'

ဓားဝိဇ္ဇာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဗေဒါအဘိုးအိုသာ ပြုံးပြလိုက်သည်။

'ငါမြော်ခဲ့တယ်လေ၊ အချင်းချင်း မသတ်ချင်ဘူး'

ဓားဝိဇ္ဇာက သူ၏ ဓားကို ကောက်ယူလိုက်သည်၊

'ကျုပ် ဓားလွတ်ကျသွားတာ၊ ကျုပ် ပေါ့ဆလို့ ခင်ဗျား ကြောင့် မဟုတ်ဘူး'

သူက စကားဆုံးသည်နှင့် ဗေဒါ အဘိုးအိုအား တရကြမ်း တိုက်ခိုက်လိုက်၏။

အိုင်းကွက် ဆယ်ကွက်မျှသာ ယှဉ်ပြိုင် တိုက်ခိုက်လိုက်ရလေသည်။

ဗေဒါအဘိုးအို၏ ဓါးစိမ့်းတုတ်သည် ဓားဝိဇ္ဇာ၏ဓားပေါ်သို့ ရိုက်မိသွားပြန်သည်။

'ဝုတ်...'

'ချိမ့်း'

ဓားဝိဇ္ဇာ၏ ဓားသည် ဒုတိယအကြိမ် မြေပေါ် လွတ်ကျသွားပြန်သည်။



သူ မယုံကြည်နိုင်စွာဖြင့် ဗေဒါ အဘိုးအိုကို ကြည့်လိုက်လေသည်။

ဗေဒါအဘိုးအို ပြုံးလိုက်၏။

'ခင်ဗျား ကျုပ်ကို မနိုင်ဘူးဆိုတာ ယုံပြီလား'

ဓားဝိဇ္ဇာက ဘာမှ မပြောဘဲ ပါးစပ် ပိတ်ထားလိုက်လေသည်။

ဗေဒါအဘိုးအိုက သူ့ကိုစိုက်ကြည့်လိုက်၏။

'ကျုပ်က ခင်ဗျားကို မသတ်ပါဘူး၊ ခင်ဗျား အမြင်မှန် ရမယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ၊ ခင်ဗျား သွားနိုင်ပါပြီ'

ဓားဝိဇ္ဇာက ဘာမျှမပြောဘဲ ချာခနဲ လှည့်ထွက်သွားလေသည်။

* * *

ချင်းဟုန်နှင့် ရှမ်းရှမ်းတို့က သစ်ပင်အကွယ်မှ ထွက်လိုက်ကြသည်။

ဗေဒါအဘိုးအို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ချင်းဟုန်က ပြုံး၍ လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

www.burmeseclassic.com



'မိတ်ဆွေရဲ့သိုင်းပညာကို ချီးကျူးပါတယ်ဗျာ'

ဗေဒါအဘိုးအို မျက်မှောင် ကုတ်လိုက်၏။

'ခင်ဗျားက ဘယ်သူများလဲ'

ချင်းဟုန် ပြုံးလိုက်၏။

'ကျုပ်က မိုးကြိုးကိုက်ချုပ် ချင်းဟုန်ပါ'

ဗေဒါ အဘိုးအို၏ မျက်နှာတွင် အံ့ဩဟန်များ အထင်းသား ပေါ်လွင်နေသည်။

အတန်ကြာမှ—

လူဆော ပြုံးရွှင်သော မျက်နှာထားဖြင့် ဦးညွှတ်လိုက်မိလေသည်။

'မိုးကြိုးကိုက်ချုပ်ကို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ'

လူတို့ စကားပြောနေစဉ် အနီးရှိ သစ်ပင်တစ်ပင် ထိပ်ဖျား ပေါ်မှ လူတစ်ယောက်သည် တိတ်တဆိတ် ထွက်ခွာသွားသည် ကို လူတို့ မသိလိုက်ပါချေ။

ထိုလူမှာ မိုးနဂါးထင်းဖုံပင် ဖြစ်နေလေသည်။

ဝ ဝ ဝ



ချင်းဟုန်သည် လက်နှစ်ဖက်နောက်ပစ်ကာ ခေါက်တုန့် ခေါက်ပြန် လျှောက်နေ၏။

တည်းခိုခန်းသို့ ပြန်လာပြီးသည်နှင့် ရှမ်းရှမ်း ပျောက်ဆုံး သွားသည်မှာ တစ်နေ့နှင့်တစ်ညရှိပြီ။

သူသည် မည်သို့စုံစမ်းရမည်ကို စဉ်းစားနေစဉ် ရှမ်းရှမ်းမှာ မမျှော်လင့်ဘဲ ပြန်လည်ရောက်ရှိလာလေ၏။

'ဟင်—ရှမ်းရှမ်း၊ မင်းဘယ်ပျောက်သွားတာလဲ'

ရှမ်းရှမ်းက ဦးညွှတ်လိုက်လေ၏။

'ကျွန်မ မရဏလက်နက်နဲ့ တိုက်ခိုက်ခြင်းခံရတယ်၊ တောင် ပိုင်းနယ်စားက ပြန်လွှတ်ပေးလို့ ရောက်လာတာပါ'

ချင်းဟုန် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'တောင်ပိုင်းနယ်စားက မင်းကိုပြန်လွှတ်ပေးတယ် ဟုတ်ရဲ့ လား'

သူမ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

ချင်းဟုန် ခေါင်းခါလိုက်လေ၏။

'ပြောလို့သာကြားရတယ်၊ မယုံနိုင်စရာပဲ'

သူမက စဉ်းစားလိုက်၏။

'ကျွန်မ တစ်ခုတွေးမိတယ်'

ချင်းဟုန်က သူမကိုစိုက်ကြည့်လာ၏။

'ပြောပါ'

'တောင်းထင်ဟာ မိုးနဂါးထင်းဖုံ ဖြစ်နေမလား'

ချင်းဟုန် ခေါင်းခါလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ မဖြစ်နိုင်ပါဘူး'

သူမ သက်ပြင်းတစ်ချက်ချလိုက်သည်။

'အတိတ်အစွဲကလွဲလို့ သူ့ရုပ်ရည်ဟာ ထင်းဖုမှ ထင်းဖု အစစ်ပဲ၊ နောက်ပြီး သူက ကျွန်မကို ရင်းနှီးနေသလိုပဲ'

ချင်းဟုန် ခေါင်းကုတ်လိုက်၏။

'ကျုပ်တော့ ခေါင်းရှုပ်လာပြီ'

သူမက တည်ငြိမ်သောလေသံဖြင့် ပြောလာသည်။

'ကျွန်မတို့အတွက် အန္တရာယ်တစ်ခု ရှိလာပြီဘိုးဘိုး'

ချင်းဟုန် မျက်မှောင်ကုတ်လို့ မေးသည်။

'ဘာအန္တရာယ်များလဲ'

သူမက စိတ်မသက်မသာဖြင့် ပြောလိုက်သည်။

'မရဏလက်နက်ရဲ့ အန္တရာယ်လေ'

ချင်းဟုန် တစ်ခုသတိရလိုက်သည်။

'အင်း...ရှေးခေတ်ထင်မှာ လက်နက်တစ်မျိုး တီထွင်ထားတယ်လို့ ကြားဖူးတယ်၊ အဲဒါ ဒီမရဏလက်နက်ပဲ ဖြစ်မှာပေါ့'

သူမ ခေါင်းညိတ်လိုက်၏။

'ဘိုးဘိုးသည် မရဏလက်နက်ကို ဖျက်ဆီးနိုင်မှဖြစ်မယ်၊ ဒါမှမဟုတ်ရင် သိုင်းလောကသားတွေအတွက် အန္တရာယ်က သေးမှာမဟုတ်ဘူး'

ချင်းဟုန် ခေါင်းညိတ်လိုက်၏။

'ငါတို့တွေရဲ့တာဝန်က ကောင်းထင်ကို သုတ်သင်ရမယ်၊ အပြင် မရဏလက်နက်ကိုပါ ဖျက်ဆီးဖို့တာဝန်ရှိလာပြီ'

သူမ သက်ပြင်းတစ်ချက်ချလိုက်၏။



'အင်း...ဆရာတုကတို့လဲ ရောက်လာပြီလားမသိဘူး'

သူမ၏စကားမဆုံးမီ ဆိုင်လုလင်နှစ်ယောက်အား ခေါ်ဆောင်လာသည်ကို တွေ့ရလေ၏။

သူမက လှမ်းကြည့်လိုက်ရာ ဆရာဖြစ်ဖြစ်သူနှင့် ကျွင်းယုံတို့ကို တွေ့လိုက်ရလေသည်။

သူမ ဝမ်းသာအားရ ကြိုဆိုလိုက်သည်။

'ဆရာတို့ ရောက်လာပြီ'

တုကု ချင်းဟုန်ကို ပြုံးပြလိုက်၏။

'ကျုပ်တို့ ခဏနားပြီးမှ အေးအေးဆေးဆေး ဆွေးနွေးတိုင်ပင်ကြတာပေါ့'

ချင်းဟုန် ခေါင်းညိတ်လိုက်၏။

'ကောင်းပါတယ်၊ ညနေကြရင် ကျုပ်တို့က အရေးကြီးတဲ့ ကိစ္စ ဆွေးနွေးရမယ်'

တုကုနှင့်ကျွင်းယုံတို့သည် ဆိုင်လုလင်ခေါ်ဆောင်ရာ လိုက်ပါသွားလေသည်။

—၀—

www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲအခွေ့ေ

ညနေခင်းအချိန်ပင် ဖြစ်သည်။

ချင်းဟုန်တို့လေးယောက်သည် ဗိုင်းဖွဲ့အာ ရရှိလာသော သတင်းများကိုစုစည်း၍ အပြန်အလှန်ဆွေးနွေးကြ၏။

နောက်ဆုံး သူတို့သည် လုပ်ရမည့်လုပ်ငန်းစဉ်တစ်ခု ချမှတ်လိုက်သည်။

သူတို့ချမှတ်သောလမ်းစဉ်မှာ အဖြူရောင်သိုင်းသမားများကို ချေမှုန်းသုတ်သင်နေသည့် မြင်းဖြူရှင်ဆောတ်စန်းတို့ကို အပြတ်ရှင်းရန်နှင့် တောင်ပိုင်းနယ်စား ဆောင်းထင်၏ မရဏ ဆာဆိုနတ် ပြုလုပ်ထားသည့် စက်စုံကိုဖျက်ဆီးရန်တို့ ဖြစ်သော သည်။

ဝ ဝ ဝ



ယနေ့ည—

လဝန်းထိန်ထိန်သာနေသည်။

လရောင်သည် အခန်းထဲသို့ဖြာကျနေလေသည်။

ရှမ်းရှမ်းကေ အိပ်မပျော်ဘဲ ခုတင်ပေါ်၌လဲလျောင်းနေလေ သည်။

သူမ၏ဦးခေါင်းထဲ၌ ဆောင်းထင်သည် ထင်းဖုမင် ဖြစ်နေ သလော။

ဆောင်းထင်သည် မိမိအပေါ် တရင်းတနှီးရှိသည်။

သူမ စဉ်းစားနေစဉ် ကျောက်ခဲလေးတစ်လုံးအား ပြတင်း ပေါက်သို့ လာရောက်ထိမှန်သွားလေသည်။

'မောင်ထိ'

ရှမ်းရှမ်း၏ခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွား၏။

လရောင်အောက်၌ လူတစ်ယောက်မှာ ခပ်လှမ်းလှမ်း၌ ရပ်နေသည်။

'ဟင်....ထင်းဖုပါလား'

သူမ အံ့သြသွားပြီး ချက်ချင်းပင် ပြတင်းပေါက်မှ ခုန်ထွက် သွားသည်။

သူမ ထင်းဖုထံလျှောက်သွားလိုက်၏။

'ထင်းဖု ရှင် ဘာယ်ရောက်နေတာလဲ၊ အခုတလော သင်္ချ ပါလား'

ထိုလူက ပြုံး၍ လက်ထဲမှ အသင့်ပါလာသည့် စာတစ် လက်ကို လှမ်းပေးလိုက်၏။

www.burmeseclassic.com



'ဟိုတစ်နေ့က ကျုပ်တပည့်တွေ လက်ချက်ကြောင့် ညီမရဲ့ ဓားကျိုးသွားတယ်လို့သိရတယ်၊ ဒါကြောင့် ဓားအစား လာပေးတာပေါ့'

ရှမ်းရှမ်း သက်ပြင်းချလိုက်၏။

ထိုလူမှာ ထင်းဖုံမဟုတ်ဘဲ ဆောင်းထင်ဖြစ်နေသည် မဟုတ်ပါလော။

သူမက ဓားကိုလှမ်းမယူသေးဘဲ သူ့အား စေ့စေ့ကြည့်လိုက်သည်။

'မှန်မှန်ပြောစမ်းပါ၊ ရှင်ဟာ ဆောင်းထင်လား၊ ထင်းဖုံလား'

ဆောင်းထင် မျက်မှောင်ကုတ်လိုက်၏။

'ထင်းဖုံဆိုတာ ဘယ်သူလဲ'

သူမ ခေါင်းယမ်းလိုက်သည်။

'သူဘယ်သူလဲဆိုတာတော့ ကျွန်တော်မသိပါဘူး၊ ဒါပေမယ့် သိုင်းလောကသားတွေက သူ့ကို မိုးနဂါးထင်းဖုံလို့ ခေါ်ကြတယ်'

ဆောင်းထင် ပြုံးလိုက်၏။

'ထင်းဖုံပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ကျုပ်မသိဘူး၊ ကျုပ်သိတာက ညီမကိုစိတ်ဝင်စားတာပဲ'

သူမ ပြုံးလိုက်လေသည်။

'ကျွန်မက အညတရတစ်ယောက်ပါ၊ နယ်စားကြီးရှင် ကျွန်မကိုစိတ်ဝင်စားရင် သိက္ခာကျသွားမှာပေါ့'

ဆောင်းထင် သက်ပြင်းတစ်ချက်ချလိုက်သည်။



'ကျုပ်သာ ညီမနဲ့ လက်ထပ်ခွင့်ရမယ်ဆိုရင် ရာထူးကို စွန့်လွှတ်ပါဆိုလဲ စွန့်လွှတ်ပါ့မယ်'

'ဟော့တော့'

သူမက ဤစကားမျိုးပြောလာလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါချေ။

သူမသည် မည်သို့ ဆက်ပြောရမည်ကိုမသိဘဲ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အတန်ကြာမှ…

သူမက စကားလမ်းကြောင်း ပြောင်းလိုက်သည်။

'ရှင် ဒီကိုလာတာ ဓားကို ပြန်အစားလျော်ပေးချင်လို့ပဲလား'

ဆောင်းထင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ညီမအပေါ် သံယောဇဉ်ဖြစ်ခဲ့တဲ့အကြောင်း နောက်ပြီး ကျုပ်ကိုလဲ မိတ်ဆွေတစ်ဦးလို အသိအမှတ်ပြုပါလို့ တောင်းဆိုချင်လို့ပါ'

ရှမ်းရှမ်း သက်ပြင်းတစ်ချက်ချလိုက်သည်။

'ရှင်ဟာ ကျွန်မတို့ရဲ့ရန်သူဖြစ်တယ်ဆိုတာ နားလည်စေချင်တယ်'

ဆောင်းထင် ပြုံးလိုက်သည်။

'ညီမနဲ့ကျုပ်ဟာ ရန်သူမှမဟုတ်ပဲ'

ထိုစဉ်—

လူရိပ်တစ်ခုသည် သူတို့ထံလျှောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းရှမ်းဟာ လာနေသူမှာ တုတ္တူဖြစ်ကြောင်း သိရှိလိုက်သည်။

'ရှင်မြန်မြန်သွားပါ၊ ကျွန်မဆရာလိုက်လာနေပြီ'

ဆောင်းထင် ပြုံးလိုက်၏။

'အဲ့ဒီပဲဖြစ်ဖြစ်၊ ကျုပ်ကတော့ ညီမကို မကြာခဏ လာတွေ့မှာပဲ'

စကားဆုံးသည်နှင့် သူမအနီးမှထွက်ခွာသွားလေ၏။

မကြာမီ—

တုတ္တူ ရှမ်းရှမ်းအနီးသို့ရောက်ရှိလာသည်။

'ရှမ်းရှမ်း—နင်းတစ်ယောက်တည်း၊ ဒီကို ဘာလာလုပ်နေတာလဲ'

ရှမ်းရှမ်း ထစ်ထစ်ငေါ့ငေါ့ပြောလိုက်သည်။

'ကျွန်မ—အိပ်မရလို့ပါ ဆရာ'

တုတ္တူ ခေါင်းညိတ်လိုက်၏။

'ခုနတုန်းက လူတစ်ယောက်ထွက်သွားတာ တွေ့လိုက်ရတယ်၊ သူက ဘယ်သူလဲ'

သူမ မျက်နှာပျက်သွားသည်။

ဣန္ဒြေဆည်၍ ပြောလိုက်၏။

'ခရီးသည်တစ်ယောက်နဲ့ တူပါတယ်၊ ကျွန်မကို လမ်းမေးသွားတာပါ'

သူမသည် မုသားသုံးလိုက်ရလေ၏။



တုတ္တူ ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'အချိန်နှောင်းနေပြီ၊ ပြန်အိပ်တော့'

သူသည် ရှမ်းရှမ်းကို ခေါ်ယူ၍ တည်းခိုခန်းသို့ ပြန်သွားလေသည်။

—o—

www.burmeseclassic.com

## သံသယ

---

တုကုသည် ရှမ်းရှမ်းမှာ ဓားမရှိသည်ကို သတိရသဖြင့် ရှမ်းရှမ်းကို မေးရန် အခန်းထဲသို့ ဝင်လာသည်။

အခန်းထဲသို့ရောက်လာသောအခါ ရှမ်းရှမ်းမှာ အခန်းထဲ ရှိမနေသည်ကို တွေ့ရလေ၏။

ထို့ကြောင့်...

တုကုက ထွက်၍လိုက်ရှာ၏။

သူသည် ဟည်းခိုခန်းအနောက်ဘက်သို့ လျှောက်သွားရာ ရှမ်းရှမ်းနှင့်လူတစ်ယောက် စကားပြောနေသည်ကို မသဲမကွဲ မြင်တွေ့ခဲ့ရသည်။

ရှမ်းရှမ်းက ခရီးသွားတစ်ယောက်နှင့်ပြောခဲ့ရာ အပေါ် သံသယစိတ်များ ဖြစ်ပေါ်လာမိတော့၏။



သူက ချင်းဟုန်ကို တစ်ချက်စိုက်ကြည့်လိုက်လေ၏။

'တစ်နေ့ သူပျောက်သွားတယ်၊ ပြန်လာတော့ ငိုင်ငိုင်ငိုင်နဲ့ သူ့ဓားကိုပြန်ပါမလာဘူး၊ နောက်ပြီး အခုတလော အခန်းထဲမှာ အိပ်တတ်တယ်၊ သူ့ရဲ့စိတ်မှာ တစ်ခုခု တွေးနေတယ်လို့ ကျုပ် ထင်မိတယ်ဗျ'

တုကု ခေါင်းညိတ်လိုက်သည်။

'သူ့ကိုမေးမှဖြစ်တော့မယ်၊ ကျုပ်တို့တစ်တွေဟာ အသက်ကြီးလှပါပြီ၊ တောင်ပိုင်းနယ်စားရဲ့အဖွဲ့ကို တိုက်ခိုက်ဖို့ သူ့ကို အားကိုးပြီးလုပ်နေရတာ၊ သူဟာ စိတ်ဓာတ်ကျသည်ဖြစ်စေ၊ စိတ်ထားပြောင်းလဲသွားသည်ဖြစ်စေ အလွန်နစ်နာသွားနိုင်ပါတယ်'

ချင်းဟုန် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ်လဲစိတ်ပူမိတာပေါ့၊ အခု ခင်ဗျားလာတော့ ကျုပ် စိတ်သက်သာသွားရပြီ'

o o o

www.burmeseclassic.com

www.burmeseclassic.com



နေ့ရက်တစ်နေ့၊

တုတ္တုသည် ရှမ်းရှမ်း၏အခန်းထဲသို့ လာရောက်ပြီး အကျိ
အကြောင်း မေးလေ၏။

သို့သော်…

ရှမ်းရှမ်းသည် မိမိမှာ မည်သည့်အခါမှ စိတ်ခံစားမ
ကြောင်းနှင့် စိတ်ထားကြောင်မည်မဟုတ်ကြောင်း ဆက်ပြော
လိုက်သဖြင့် တုတ္တုတို့သည် စိတ်သက်သာရာရသွား ကြသည်

လူတို့စကားပြောနေကြစဉ် လူတစ်စုရောက်ရှိလာ၏။

ထိုလူစုမှာ ငါးယောက်ဖြစ်ပြီး ဦးဆောင်လာသူမှာ စစ
သမား ရှောင်စုဖြစ်လေ၏။

သူတို့သည် တောင်ပိုင်းနယ်စား ဆောင်းထင်ကို လုပ်ကြံ
ရန် ရောက်ရှိလာခြင်းဖြစ်လေ၏။

ချင်းဟုန်တို့မှာ အင်အားနည်းနေသဖြင့် ရှောင်စုတို့အား
ခမ်းပမ်းတကြီး ကြိုဆိုလိုက်လေသည်။

—၀—

ကြမ္မာဆိုး

---

ည…

ခန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။

ချင်းဟုန်က အခန်းထဲ၌ တစ်ယောက်တည်း ထိုင်ပြီး လုပ်
ငန်းစဉ်များ ရေးဆွဲနေ၏။

'ဒေါက် ဒေါက်'

အခန်းတံခါး ခေါက်သံ ထွက်ပေါ်လာ၏။

'ဘယ်သူလဲဟေ'

ချင်းဟုန်က လှမ်းမေးလိုက်၏။

'ကျွန်တော်တို့ ခဏလေးဖော်ပါ'

'ကျွ'

www.burmeseclassic.com



ချင်းဟုန်က လုပ်လက်စအလုပ်ကို ချထားပြီး အခန်းတံခါး ဖွင့်လိုက်၏။

ဝေးလေးဖော်မှာ စာပေသမား ရှောင်စု ခေါ်လာသော လူလေးယောက်ပင် ဖြစ်၏။

ချင်းဟုန်က သူတို့ ဝင်လာသည့် ပုံဟန်ကိုကြည့်၍ စိတ်ထဲ သံသယဖြစ်သွားလေ၏။

'ဘာများ အရေးကြီးတဲ့ ကိစ္စရှိလို့လဲ'

ဝေးလေးဖော်မှ အမှတ်တစ်က ပြုံး၍ ပြောလာသည်။

'ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောမယ်၊ ကျွန်တော်တို့ ငွေသိပ်လိုနေလို့ ရှောင်စုနဲ့ ဒီကို လိုက်လာတာ၊ အဲဒါ ဆရာကြီးက ကျုပ်တို့ကို ငွေများများရအောင် ကူညီမလား'

ချင်းဟုန် မျက်ခုံးမှောင်ကုတ်လိုက်၏။

'မင်းတို့ပြောတာ ငါ နားမလည်ဘူး'

အမှတ်တစ်က အားတက်စွာဖြင့် ပြောသည်။

'ရှင်းရှင်းပြောရရင် ကျုပ်တို့ ငွေများများရအောင် ကူညီတဲ့အနေနဲ့ ဆရာကြီးရဲ့ ဦးခေါင်းကို လိုချင်လို့ပါပဲ'

'ဟင်'

ချင်းဟုန် ထိတ်လန့်သွား၏။

ဝေးလေးဖော်မှာ သူ၏ ရန်သူများဖြစ်ကြောင်း နားလည်လိုက်၏။

သို့သော်

လူနောက်ကျသွားပြီ ဖြစ်သည်။



ဝေးလေးဖော်က ဓားကိုယ်စီ ဆွဲထုတ်၍ ချင်းဟုန်အား ဝိုင်းရံ တိုက်ခိုက်ကြ၏။

အခန်းမှ ကျဉ်းမြောင်းပြီး လူလေးယောက်က ညှပ်ပူး ညှပ်ပိတ် တိုက်လာသဖြင့် ချင်းဟုန်မှာ အကျပ်အတည်း တွေ့နေတော့သည်။

ထိုစဉ်...

အမှတ်တစ်၏ ဓားက သူ၏ ညာဘက်လက်ကို ခုတ်မိသွား၍ လက်တစ်ဖက် တီခနဲ ပြတ်ကျသွားလေ၏။

'ဝှစ်...'

'အား'

ချင်းဟုန်၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

* * *

'အား'

ချင်းဟုန်၏ အခန်းဘက်မှ စူးရှ နာကျင်စွာ တစ်ချက်အော်သံ ထွက်ပေါ်လာသဖြင့် ကျင်ယို့နှင့် ရှမ်းရှမ်း၊ တုကူတို့ အခန်း ဆီတန်း ပြေးလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လေးဖော်သည် ချင်းဟုန့်အား သတ်ရန် ဟန်ပြင်လိုက်စဉ် ရှမ်းရှမ်းနှင့် တုကုတို့ ရောက်လာသည်ကို တွေ့ရသဖြင့် ပြတင်းပေါက်မှ ပြေးထွက်သွားကြလေ၏။

ချင်းဟုန့်မှာ ကြမ်းပြင်ပေါ်တွင် ခွေခွေကလေး လဲ၍ သတိလစ် မေ့နေသည်။

ချင်းဟုင် လက်တစ်ဖက် ပြတ်နေသည်ကိုတွေ့ရ၍ သူတို့စိတ် မကောင်း ဖြစ်သွားကြ၏။

သူတို့သည် ချင်းဟုန့်အား ခုတင်ပေါ်သို့ တင်ထားလိုက်သည်။

ရှမ်းရှမ်း သက်ပြင်းတစ်ချက် ချလိုက်၏။

'အင်း... လက်စသတ်တော့ သူတို့ဟာ သစ္စာဖောက်တွေကိုး'

တုကု ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ဟုတ်တယ်... သူတို့ဟာ မြင်းဖြူရှင် အောက်စန်းရဲ့ လူတွေပဲကွယ့်'

ရှမ်းရှမ်းက အခန်းကို ငေးကြည့်သည်။

'ဒါနဲ့ ခေါ်လေးဖော်ကို ခေါ်လာတဲ့ စာပေသမားရှောင်စုရော ဘယ်မှာလဲ'

ထိုစကားကြောင့် ချင်းယုံနှင့် တုကုတို့ သတိရလာကြသည်။

'ဟုတ်တယ်... ရှောင်စု ဘယ်ရောက်နေလဲ'

သူတို့သည် ရှောင်စု အခန်းရှိရာသို့ ပြေးသွားလိုက်ကြလေသည်။



ရှောင်စု၏ အခန်းတံခါး ပွင့်နေသည်။

သူတို့သည် အခန်းထဲသို့ ရှေ့ဆင့်နောက်ဆင့် ဝင်သွားလိုက်သည်။

ထိုအခါ—

အခန်းထဲ၌ ရှောင်စု တစ်ယောက် သေဆုံးနေသည်ကို တွေ့လိုက်ရသည်။

—ဝ—

www.burmeseclassic.com

www.burmeseclassic.com

## ဖြို့ခွဲရေး အစီအစဉ်

ချင်းဟုန်၏ ဒဏ်ရာမှာ တစ်စခန်း အနားယူပြီးသော အခါ သက်သာ မျှော်တော်ကင်းလာ၏။

ထိုအချိန်တွင် မိုးနဂါးထင်းဖုံမှာ ဆူတ္တိရှိရာ နေရာသို့ ဆိုဖော် ဆိုဖော် မြိုက်မြိုက် ရောက်ရှိလာ၏။

ရှမ်းရှမ်းမှာ ထင်းဖုံပင်သော့ သို့မဟုတ် ကောင်းထင်စော ဟု ခေါ်ခွဲမရအောင် ဖြစ်နေသည်။

တကယ်က ထင်းဖုံအစ္ဆ သေချာစွာ အကဲခတ် လို့ကိမ်မိလေသည်။

ထင်းဖုံမှာ စိတ်နှလုံးကောင်းပြီး အမြော်အမြင် ကြီးလေသည်။



သူ၏ ရည်ရွယ်ချက်မှာ တစ်ခြားသူမျှ ကွဲသို့ မတိုက်ဘို့ပေး

ထိုမှာတ်သော တိုက်ခိုက်မှုကိုသာ လိုလား၏။

ထင်းဖုံသည် ဈောင်းထင်နှင့် ရုပ်ချင်း ခွဲမရအောင် တူနေပေါ်လည်း စိတ်ထားချင်းမှာ ဆန့်ကျင်ဖက် ဖြစ်နေလေတော့သည်။

ချင်းဟုန်အား သင်းဖုံမှ ဥာဏ်ကောင်းပြီး အားထားရမည့် လူငယ်ဟု မှတ်ချက်ချလိုက်၏။

သူတို့သည် အတန်ကြာအောင် ဆွေးနွေးပြီးနောက် ကျွင်းယုံအား မေးလိုက်၏။

'တောင်ပိုင်းနယ်စားကြီးနဲ့ အဖွဲ့ကို မင်းဘယ်လို ထိရောက်အောင် တိုက်ခိုက်မည်ဆိုတာ မပြောပြနိုင်ပါသလား'

ထင်းဖုံက အရိုအသေ ပေးလိုက်သည်။

'ပထမတုန်းကတော့ အချိန်မတန်သေးလို့ လူကြီးမင်းတို့ကို မပြောပါဘူး။ အခုတော့ ကျွန်တော့် အကြံအစည်ကို ဖွင့်ပြောပါမယ်....

'ကျွန်တော့်ရဲ့ အစီအစဉ်ရဲ့ ပစ်မှတ်ကတော့ မရဏာ လသော်နတ်ကို ဖျက်ဆီးပစ်ဖို့ပါပဲ'

ချင်းဟုန် မျက်မှောင်ကြုတ်လိုက်၏။

'မရဏာ လက်နက် ထုတ်လုပ်တဲ့ စက်ရုံကို ဘယ်သူမှ သိကြတာ မဟုတ်ဘူး၊ မင်းက ဘယ်လိုလုပ် ဖြိုခွဲမှာလဲ'

ထင်းဖုံ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စကို ကျွန်တော် ရှင်းပြပါ့မယ်၊ တစ်နေ့ ကျုပ်ရွာ ထစ်ရွာကို ဖြတ်သွားတဲ့အခါ လူတစ်ယောက် လမ်းဘေးမှာ လဲကျနေတာတွေ့လို့ သွားကြည့်တဲ့အခါ အဲဒီလူဟာ၊ သေအံ့မူး မူး ဖြစ်နေတယ်'

ထင်းဖုံက ဆက်ပြောလိုက်သည်။

'ကျွန်တော်က ဘာကြောင့် ဒဏ်ရာရလာသလဲလို့မေးကြည့်တဲ့အခါ သူဟာ မရဏ ဓာတ်နတ်ဆန်း စင်ရုံမှာလုပ်တဲ့ လူလို့ ပြောတယ်'

ရှမ်းရှမ်းက

'နေစတ်ရော'

ထင်းဖုံ၊ ပြုံးလိုက်သည်။

'သူဘာကြောင့် ဒဏ်ရာရလာသလဲဆိုရင် ဒီလဓာတ်နတ်ဆန်း အောင်မြင်ရင် သိုင်းလောကတစ်ခုလုံး ဖျက်ဆီးတော့မှာမို့ သူ ဆက်မလုပ်တော့ဘဲ စင်ရုံကထွက်ပြေးလာရင်း လူတို့ကလိုက်လံ သတ်ဖြတ်တဲ့အကြောင်းပြောပြတယ်'

ဘုကျ စိတ်ဝင်တစားမေး၏။

'စင်ရုံဘယ်မှာရှိသလဲဆိုတာ မေးလိုက်ဘူးလား'

ထင်းဖုံး ပြုံး၏။

'အဓိကအချက်ပဲလေ မေးလိုက်လာပေါ့၊ သူက မြေပုံ တစ်ခုထုတ်ပေးပြီး သေဆုံးသွားတယ်'

ရှမ်းရှမ်း၊ ဝမ်းသာသွား၏။

'အဲ့သည်မြေပုံရော'



ထင်းဖုံ၊ စိတ်ထဲမှ စာရွက်ခေါက်ဟောင်းတစ်ခုကိုထုတ်ယူလေသည်။

'သူ ပေးတဲ့မြေပုံက ဒီမှာပေါ့'

ကျင်းယို သေချာကြည့်လိုက်သည်။

'လူ ပေးလိုက်တဲ့ မြေပုံဟာ တကယ်ရောဟုတ်ရဲ့လား'

ထင်းဖုံ၊ ခေါင်းညိတ်၏။

'ကျုပ် လေ့လာပြီးပါပြီ၊ တကယ်အစစ်ပါပဲ၊ ဒါပေမယ့် ဒီစင်ရုံကို သွားပြီးဖြိုခွဲဖို့ အင်အားများများရှိမှဖြစ်မယ်'

ကျင်းယိုက ထင်းဖုံးကို စိုက်ကြည့်လိုက်၏။

'မင်း ငါတို့ကို ယုံသလား'

ထင်းဖုံး ခေါင်းညိတ်၏။

'ယုံပါတယ်ဗျာ၊ ဒါကြောင့်လဲ အခုလို လာပူးပေါင်းတာ ပေါ့ဗျ'

ရှမ်းရှမ်း ပြုံးလိုက်သည်။

'ဒီစကား ကြားရတာဝမ်းသာပါတယ်ရှင်'

ထင်းဖုံး သက်ပြင်းချသည်။

'အခုတလော မရဏာလက်နက်ကြောင့် သိုင်းလောကသား အတော်များများ သေဆုံးခဲ့ရပြီ၊ ဒါကြောင့် ကျွန်တော်တို့ လုပ်ငန်းစဖို့ အချိန်တန်ပြီလို့ထင်တယ်'

ချင်းဟုန် ခေါင်းတဆတ်ဆတ်ညိတ်၏။

'ကောင်းတယ်၊ ကျုပ်က အဖြူရောင် သိုင်းသမားများ အများအပြား ဖိတ်စာပို့လိုက်ပါမယ်'

ထင်းဖုံး တစ်ချက်စဉ်းစားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ တည်းခိုခန်းမှာ နေရတာ မလွတ်လပ်ဘူး၊ ဒါကြောင့် လူသွားလိုလာနည်းတဲ့ မြို့ပြင်တုံ့ကျောင်းပျက် တစ်ခုမှာ နေပြီး၊ အဖြူရောင်သိုင်းသမားတွေနဲ့ ပူးပေါင်းကြတာပေါ့'

သူ၏ အစီအစဉ်ကို အားလုံးသဘောတူလိုက်ကြလေတော့သည်။

ဝ ဝ ဝ

ရက်မကြာမီအတွင်း၌---

အဖြူရောင်သိုင်းသမားများရောက်ရှိလာသည်။

သူတို့သည် မရဏသက်နတ် ဖျက်ဆီးချင်နေကြသည့်လူများပင်ဖြစ်လေသည်။

ချင်းဟုန်တို့သည် အဖြူရောင်သိုင်းသမားများနှင့်ပူးပေါင်း၍ မရဏသက်နတ်ကိုဖျက်ဆီးရေးအတွက် ဆွေးနွေးတိုင်ပင် နေကြသည်။

ဝ ဝ ဝ



လေးရက်မြောက်သည့်နေ့တွင်---

မိန်းကလေးတစ်ယောက်ရောက်ရှိလာသည်။

ထိုမိန်းကလေးမှာ ထင်းဖုံးနှင့်ရင်းနှီးပုံရသည်။

ထင်းဖုံးက သူမအား ဝမ်းသာအားရ ကြိုဆို လိုက်လေသည်။

'အာ ကျောင်းကျောင်းပါလား'

ထိုမိန်းကလေး(ဝါ) ကျောင်းကျောင်း ပြုံး၏။

'အစ်ကိုပျောက်နေတာ သုံးလလောက်ရှိပြီ၊ [illegible]တော့ ဒီကိုရောက်နေတာကိုး'

(ရှမ်းရှမ်းမှာ ထင်းဖုံးနှင့်ကျောင်းကျောင်းတို့ အလွန် ရင်းနှီးနေသည်ကို တွေ့ရသဖြင့် ရင်ထဲ၌ ခံစားလာရလေသည်)

'ဒီနေ့တော့ ကျွန်မနည်းနည်းပင်ပန်းသွားတယ်၊ ခေတ္တခဏ မှိန်းပြီးအနားယူပါရစေ'

ထင်းဖုံး ခေါင်းညိတ်ပြ၏။

'ကောင်းပြီလေ'

သူက ပြောပြီး ကျောင်းကျောင်းနှင့် စကားပြောရင်း ကျန်ရစ်ခဲ့သည်။

--ဝ--

www.burmeseclassic.com

## ဆန့်ကျင်ဘက်

ကျောင်းကျောင်းရောက်လာခြင်းမှစ၍ရှမ်းရှမ်းသည် ထင်းဖုံနှင့် မျက်နှာချင်းမဆိုင်တော့ဘဲရှောင်တိမ်းနေသည်။

ကျောင်းကျောင်းမှာ ထင်းဖုံနှင့်တတွဲတွဲဖြစ်နေ၏။

ယနေ့...

ရှမ်းရှမ်းသည် စားသောက်ဆိုင်ထဲတွင် တစ်ယောက်တည်း ထိုင်၍ စားသောက်နေသည်။

ထိုစဉ်...

သူမ ရှေ့သို့ လူတစ်ယောက်ရောက်ရှိလာသည်။

သူမ မော့ကြည့်လိုက်၏။

'ဪ အစ်ကိုထင်းဖုံ။'



သူမက လွှတ်ခနဲခေါ်ပြီးမှ မျက်နှာလေးတစ်ချက်တင်းသွားလေသည်။

ထိုလူက ပြုံးပြလေ၏။

'ညီမလူမှားနေပြီ'

သူမ အလွန်အံ့သြသွား၏။

'ရှင်က'

ဆောင်းထင် ခေါင်းညိတ်၏။

'ဟုတ်တယ် အစ်ကိုပါ'

ရှမ်းရှမ်း ဘေးဘီသို့ တစ်ချက်ကြည့်၏။

'ရှင် အတင့်ရဲလှချည်လား၊ ရှင့်ကိုသတ်ကြမှာမကြောက်ဘူးလား။'

ဆောင်းထင် လက်ကာပြ၏။

'ညီမကို တွေ့ချင်လို့လာခဲ့တာ တခြားဘာမှ ကျုပ် စိတ်မဝင်စားဘူး။'

ဝင်စစ်...

ရှမ်းရှမ်းက ဆောင်းထင်ကို တိုက်ခိုက်လျှင် အောင်မြင်ချိန် အခွင့်အလမ်းအများကြီးရှိသည်။

သို့သော်...

သူမသည် ကျောင်းယန်အပေါ် ရန်သူဟူ၍ မသတ်မှတ် နိုင်ချေ။

ရင်းနှီးသည့် မိတ်ဆွေ တစ်ယောက်အဖြစ် ခံယူထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဒီဇာနေအမြန်ထွက်သွားရင်ကောင်းမယ် တော်ကြာသူများမတွေ့ တွေ့သွားရင် အန္တရာယ်များလှပါတယ်'

ကောင်းထင် ရယ်မောနေ၏။

ဒီလောကပေါ်မှာ အစ်ကိုဒုက္ခပေးနိုင်တာ ညီမဆလွဲလို့ဘယ်သူမှမရှိပါဘူး'

ရှမ်းရှမ်း သက်ပြင်းချလိုက်၏။

'ခက်ပါလားရှင်၊ မြန်မြန်သွားစမ်းပါ၊ ဒီမှာနေတာ အန္တရာယ်များလှပါတယ်'

ကောင်းတင် သဘောကျပြုံး၏။

'အစ်ကို့အပေါ် ဒီလိုစိုးရိမ်ပေးတဲ့ အတွက် အစ်ကိုလာရကျိုးနပ်သွားပါပြီ'

ပြောရင်းထိုင်ရာမှထရပ်လိုက်သည်။

'ကဲ…ညီမ အစ်ကိုသွားတော့မယ်'

စကားဆုံးလျှင် စားသောက်ဆိုင်ထဲမှ ထွက်ခွာ သွားလေသည်။

ရှမ်းရှမ်း မျက်စိတစ်ဆုံးငေးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

၀ ၀ ၀



နောက်တစ်နေ့…

ရှမ်းရှမ်းက မထသေးဘဲခုတင်ပေါ်လှဲလျောင်းနေ၏။

'ဒေါက်…ဒေါက်'

ရုတ်တရက်…

'ဝင်ခဲ့ပါ'

သူမက ပြောလိုက်ရာ အခန်းတံခါးပွင့်သွားသည်။

ထင်းဖုံး ခန်းထဲလှမ်းဝင်လာ၏။

ရှမ်းရှမ်း အမန်းတာတန်းထထိုင်လိုက်သည်။

'အစ်ကိုထင်းဖုံး'

ထင်းဖုံး ခေါင်းညိတ်ပြပြီး၊ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်

ရှမ်းရှမ်းစိုးရိမ်ကြည့်လိုက်၏။

'ကိစ္စရှိလို့လား'

ထင်းဖုံး မျက်မှောင် ကြုတ်သွားသည်။

'ကိစ္စရှိမှ လာရမှာလား'

ရှမ်းရှမ်း ပြုံးလိုက်သည်။

'ဒီလိုသဘောမျိုးမဟုတ်ပါဘူး၊ မေးကြည့်တာပါ'

ထင်းဖုံး တည်ငြိမ်သည့် လေသံဖြင့်ပြောလာ၏။

'ရှမ်းရှမ်း အခုတလောမင်းဘယ်လိုဖြစ်နေတာလဲ'

ရှမ်းရှမ်း မျက်မှောင်ကုပ်၏။

'ကျွန်မ ဘာဖြစ်နေလို့လဲ'

ထင်းဖုံး သက်ပြင်းချ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်သိတယ်၊ မင်းက ကျောင်းကျောင်းနဲ့ ကျုပ်ကိုအထင်လွဲနေ တာ'

သူ၏ စကားကြောင့် ရှမ်းရှမ်းမျက်နှာကြက်သီးနဲ့ ပျော်သွား သည်။

အတန်ကြာမှ

သူမ သက်ပြင်းချယင်းပြောသော်၏

'အစ်ကိုတို့ လွတ်လွတ်လပ်လပ် နေနိုင်အောင် ရှောင်ပေး တာပေါ့'

ထင်းဖုံး ခေါင်းခါ၏။

'မဟုတ်ဘူး ရှမ်းရှမ်း၊ ကျုပ်က ကျောင်းကျောင်းအပေါ် ညီမ လေးတစ်ယောက်လို သံယောဇဉ်ဖြစ်မိတာပါ'

ရှမ်းရှမ်း ခေါင်းခါ၏။

'ကျွန်မကို လာမရှင်းပြပါနဲ့'

ထင်းဖုံး ထိုင်ရာမှထလိုက်၏။

'အမှန်အတိုင်းပြောရရင် အစ်ကိုက မင်းအပေါ် မေတ္တာ သက်ဝင်နေတာပါ'

စကားဆုံးလျှင် သူက ချာခနဲလှည့်၍ ထွက်ခွာ သွားသော သည်။

သူတို့ပြောဆိုနေသောစကားများကို ပြတင်းပေါက်မှ ကျောင်း ကျောင်းတစ်ယောက်နားထောင်နေသည်ကို မသိလိုက်ကြပါချေ။

ကျောင်းကျောင်းသည် သူပြောလိုက်သည့်စကားကိုကြားလိုက် သောအခါ အလွန်ခံပြင်းသွားလေသည်။



'ထင်းဖုံး ရှင် ကျွန်မအကြောင်း ကောင်းကောင်းသိစေရ မယ်'

သူမ ထိုသို့ကြုံးဝါးရင်းထိုနေရာမှ ထွက်ခွာ သွားလေတော့ သည်။

ထင်းဖုံး၏ ကံကြမ္မာသည် မည်သို့ရှိလာမည်နည်း။

---၈---

www.burmeseclassic.com

## အပြိုင်အဆိုင်

---

အချိန်များ၊ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ချင်းစွန်တို့ အဖြူရောင်သိုင်းသမားများသည် မရဏာလက်နက်စက်ရုံကို ဖျက်ဆီးရန် မြေပုံ၌ပါရှိသော

မရဏာလက်နက်စက်ရုံတည်ရှိရာ သေမင်းတောင်သို့ ချီတက်သွားကြလေ၏။

အားလုံးသောလူများသည် စိတ်ထက်သန်နေကြသည်။

မရဏာလက်နက်စက်ရုံကို ဖျက်ဆီးနိုင်ခဲ့လျှင် ကောင်းထင်ကို သုတ်သင်ရာ၌ လွယ်ကူသွားမည် မဟုတ်ပါလော။

ရှမ်းရှမ်းစိတ်ထဲ၌ မကြည်မသာဖြစ်နေ၏။



လူမသည် ကောင်းထင်ကို သတ်ပစ်လိုက်နိုင်သည့် အချိန် အရေးရလျှက်နှင့် မသတ်မိသည်မှာ မှားပြီဖြစ်ကြောင်း ညည်းလိုက်သည်။

လူမသည် ယင်းသို့တွေးရင်း ‘ကိုယ့်ကိုကိုယ် ရှက်နေမိလေသည်။

ဤသို့ဖြင့်—

သူတို့လူစုသည် ငှက်ဝါမြို့ကလေးသို့ ရောက်ရှိလာလေသည်။

ငှက်ဝါမြို့ကလေးသည် တည်းခိုခန်းဟူ၍မရှိချေ။

ထို့ကြောင့်—

သူတို့သည် မြို့ပြင်ဘုံကျောင်းတစ်ခု၌ တည်းခိုနေလိုက်ကြလေတော့သည်။

* * *

မြင်းဖြူရှင်ဆောက်စန်းသည် အကြောင်းတစ်စုံတစ်ရာရှိသဖြင့် သူ့အစားထားရှိသော ဝူရှိုကို ဘောင်ပိုင်နယ်[illegible]သို့ စေလွှတ်ခဲ့၏။

ကောင်းထင် ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ထိုင်ပါ'

ဝူရှိအဦးညွှတ်လိုက်ပြီး ထိုင်ချလိုက်သည်။

အောင်းထင်က ဝူရှိကို စိုက်ကြည့်လိုက်သည်။

'ကျုပ် ဘာကြောင့် ခေါ်ရသလဲ မင်းသိလား'

ဝူရှိ ခေါင်းခါယမ်းလိုက်၏။

'မသိပါဘူး၊ နယ်စားကြီး'

အောင်းထင် သက်ပြင်းတစ်ချက်ချလိုက်၏။

'ကျုပ် မင်းကိုမေးမယ့် အဓိကအကြောင်းတစ်ခုကတော့ မရဏ လက်နက်စက်ရုံကို ဘာကြောင့်ရှာချင်တာလဲ'

ဝူရှိက ခေါင်းညိတ်လိုက်၏။

အောင်းထင် သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကျုပ်တို့ မရဏလက်နက်တိုက်တွင်တယ်ဆိုတာ သိုင်းလောက ကို ချုပ်ကိုင်ဖို့ဆိုတာ မင်းသိတယ်နော်'

ဝူရှိ ခေါင်းညိတ်လိုက်၏။

အောင်းထင် သက်ပြင်းတစ်ပြင်းတစ်ချက်ချလိုက်သည်

'ဒီလို အန္တရာယ်ပေးမယ့်မှန်းသိလို့ အဖြူရောင်သိုင်းသမား တွေက မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖျက်ဆီးပစ်မယ်ဆိုတာ ကျုပ်သိ တယ်'

ဝူရှိ ပြုံးလိုက်သည်။

'အဖြူရောင်သိုင်းသမားတွေကို ကျွန်တော်တို့က သတ် သင်ပေးနေတာပဲ မဟုတ်လား'

အောင်းထင် ခေါင်းညိတ်လိုက်၏။



'ဟုတ်တယ်၊ ဒါပေမယ့် ချင်းဟုန်တို့လူစု ရှိနေကြသေး တယ်'

ဝူရှိ မျက်မှောင်ကုပ်လိုက်၏။

'ကျွန်တော်တို့အနေနဲ့ သူတို့ကို မှုစရာမလိုပါဘူး'

အောင်းထင် လက်ကာပြလိုက်၏။

'သူတို့ကိုအထင်မသေးနဲ့၊ သူတို့ဟာ ကျန်ရှိနေသေးတဲ့ အဖြူရောင်သိုင်းသမားတွေနဲ့ ပူးပေါင်းပြီး ကျုပ်တို့ရဲ့ မရဏ လက်နက်စက်ရုံကို ဖျက်ဆီးဖို့ကြံစည်နေကြပြီး သူတို့က မရဏ လက်နက်စက်ရုံကို ရောက်လာမယ်လို့ ကျုပ် ယုံကြည်တယ်။ ဒါကြောင့် မင်းတို့ကို အကြောင်းကြားလိုက်ရတာပဲ'

ဝူရှိ ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ကဲ့၊ ကျွန်တော်တို့ ဘာလုပ်ရမလဲဆိုတာ အမိန့်ရှိပါ နယ်စားကြီး'

အောင်းထင်က တည်ကြည်လေးနက်သော မျက်နှာထား ဖြင့် ပြောလေ၏။

'မင်းတို့ကို ပေးမယ့်တာဝန်ဟာ တခြားတော့မဟုတ်ပါ ဘူး၊ မရဏစက်ရုံကိုမပျက်စီးအောင်စောင့်ကြပ်ဖို့ပဲ။ ကျုပ်ရဲ့လူ တွေလည်း အဲဒီမှာ ရောက်နေကြပြီ'

ဝူရှိ ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ နယ်စားကြီး၊ ကျွန်တော် အသက်နဲ့ရင်းပြီး စောင့် ကြပ်ပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကောင်းထင် သဘောကျစွာ ပြုံးလိုက်သည်။

'ကောင်းပြီ၊ မင်းသွားနိုင်ပြီ'

'ဟုတ်ကဲ့'

ဇူရှီသည် ကောင်းထင်အား အရိုအသေပြု၍ နယ်စားဂေဟာမှ ထွက်လာခဲ့လေသည်။

—ဝ—

## နည်းဗျူဟာ

ချင်းဟုန်တို့လူစု ခရီးထွက်လာကြသည်။

ခုနစ်ရက်ခန့်အကြာ၌ သူတို့သည် ယိုယွင်းနေသော တံတားပျက်ရှိရာသို့ ရောက်ရှိလာလေသည်။

ထို့ကြောင့်....

ချင်းဟုန်သည် ရှေ့မည်ကဲ့သို့ ခရီးဆက်မည်ကို စဉ်းစားတိုင်ပင်ကြလေ၏။

ထို့နောက်....

လက်နက်စစ်ရှဲသို့ သွားရောက်ရန် လမ်းနှစ်သွယ်ရှိကြောင်းကို ရှင်းပြလိုက်၏။

ထင်းဖိုးစာ မြေပုံကို ထောက်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လက်နက်စက်ရုံသွားမယ့် လမ်းထဲမှာ ဒီလမ်းက အဆိုးဆုံးနဲ့ အလွယ်ကူဆုံးဖြစ်တယ်၊ ဒါပေမယ့် တံတားက ပေနှစ်ရာ ရှည်တယ်...'

'နှစ်ခေါင်းမြွေးရှာ မပြင်တဲ့အတွက် ပျက်စီးနေတယ်၊ ဒါကြောင့် ဒီလမ်းကသွားမယ်ဆိုရင် ဒီတံတားကို အရင်ပြင်ရမယ်'

ကျွင်းယို မျက်မှောင်ကုပ်လိုက်၏၊

'တခြားလမ်းကော'

ထင်ဖုံက မြေပုံတစ်နေရာကို ထောက်ပြလိုက်၏၊

'ဒီလမ်းအသွားရင် ရေလမ်းတစ်ခုဆိုပါတယ်၊ ခက်တာက ကျုပ်တို့ကိုမိုနိုင်ဖို့ လှေရှိမှာမဟုတ်ဘူး'

ချင်းဟုန် သက်ပြင်းချလိုက်၏၊

'ဒါဖြင့် ဘယ်လမ်းကသွားရင်ကောင်းမလဲ'

ဟုကုန်း ဝင်ခြေပြောလာ၏၊

'ဒီတံတားကို ပြင်ပြီးသွားရင်ကော'

ထင်းဖု ခေါင်းညိတ်၏၊

'ကောင်းတယ် ဒါပေမယ့် ပေနှစ်ရာရှိတဲ့ တံတားတစ်ခု ပြင်ဖို့ အချိန်တော်တော်ကုန်လိမ့်မယ်'

ရှမ်ရှမ်းက စိတ်မသက်သာစွာဖြင့် ပြောသည်၊

'ကျွန်မတို့ အချိန်ယူပြီး တံတားပြင်နေတယ်၊ ပြီးခါမှ သူတို့ဝင်တိုက်ရင် ဒုက္ခရောက်လိမ့်မယ်'

ချင်းဟုန်က ထင်းဖုအား လှည့်ကြည့်လိုက်သည်၊

'မင်းသဘောထားရော ဘယ်လိုလဲ'



ထင်းဖု သက်ပြင်းချလိုက်သည်၊

'ကျုပ်အကြံတစ်ခုပေးမယ်၊ ဒါပေမယ့် အပြင်ကို မပေါက်ကြားဖို့ အရေးကြီးတယ်'

ချင်းဟုန် ခေါင်းညိတ်လိုက်သည်၊

'စိတ်ချပါ ဒီကိုလာတဲ့လူအားလုံးဟာလဲ တောင်ပိုင်းဆေးနယ်စားကို ဖြိုခွင်းမယ့်လူတွေပါ'

ထင်းဖုက သူ၏အကြံအစည်များကို စတင်ပြောပြလိုက်လေသည်၊

'ကျုပ်ရဲ့အကြံအစည်ကတော့ တံတားကိုပြုပြင်မယ်'

သူ၏စကားကြောင့် အားလုံးအံ့သြသွားသည်၊

ရှမ်ရှမ်းက တစ်ခုခုပြောရန် ဟန်ပြင်လိုက်သောအခါ သူက ဆက်ကာပြောလေ၏၊

'ကျုပ်စကား မဆုံးသေးဘူး၊ ဒီတံတားကိုပြင်မယ်ဆိုတာ ဟန်ပြလောက်ပါပဲ'

ကျွင်းယို ခေါင်းကုပ်လိုက်သည်၊

'ကျုပ် ခေါင်းရှုပ်လာပြီ'

သူ လက်ကာပြလိုက်၏၊

'သည်းခံပါဦး ကျုပ်စကားမဆုံးမီ ကြားဖြတ်မပြောကြပါနဲ့'

အားလုံး ပါးစပ်ပိတ်ထားကြ၏၊

သူက အဆက်မပြတ် ပြောသည်၊

'ကျုပ်တို့ တံတားပြင်တာတွေ့ရင် ရန်သူတွေက စိတ်ချ တန့်သွားမှာပဲ၊ အမှန်တော့ ကျုပ်က လူနည်းစုထားပြီး ပြင်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကျွန်တဲ့လူအင်အားနဲ့ ရေလမ်းခရီးတစ်ဝဖက်နေ သွားကြမယ်'

တုကု မျက်မှောင်ကြုတ်လိုက်သည်။

'ကျုပ်တို့ ဒီလောက်များပြားတဲ့လူစုကို ပို့ပေးမယ့်လှေ ရှိလို့လား'

သူ ပြုံးလိုက်၏။

'ဒီလမ်းကြောင်းကို ကျုပ်တစ်ခေါက်လေ့လာကြည့်ပြီးပြီ၊ ရေလမ်းခရီးဆိုပေမယ့် ချောင်းသာသာဖြစ်တယ်၊ လှေမလိုဘူး...

အဲဒီမှာရှိတဲ့ ဝါးကိုခုတ်ပြီး ဖောင်ဖွဲ့ရုံပဲ၊ ဒီခေတ် ဖောင်ဘယ်လောက်ဖြစ်ဖြစ် ဖွဲ့လို့ရတယ်၊ နေ့တော်ပြီး အသွားမှာ ရေဆန်ဖြစ်ပေမယ့် အပြန်ကရေစုန်ပဲ...

'လက်နက်စက်ရုံကို ဖျက်ဆီးပြ၊ ပြန်လာတဲ့အခါ အလွယ်တကူ ပြန်လာနိုင်ကြတာပေါ့'

တုကုမှာ သူ၏အကြံကို အလွန်သဘောကျသွားလေသည်။ သူ စကားဆက်လိုက်သည်။

'ကျုပ်တို့ တံတားပြင်တဲ့အခါမှာ ရှိသမျှ အင်အားကို အသုံးပြုထားမယ်၊ ဒါမှ သူတို့အင်အားအကုန် တံတားထိပ် တက်လာမယ်...

'ရန်သူအင်အားစုလာတာနဲ့ ကျုပ်တို့ ဒုတိယလမ်းကြောင်းအတိုင်း သွားမယ်'



အားလုံးက သူ၏အကြံကို သဘောတူထောက်ခံကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြသည်။

သူတို့ပြောသမျှကို တိတ်တဆိတ် ချောင်းနားထောင်နေသော လူတစ်ယောက် ရှိနေသည်ကိုတော့ ချင်းတွန်းတို့လူစု မသိလိုက်ကြချေ။

—o—

www.burmeseclassic.com

www.burmeseclassic.com

## ကျူးကားစတင်ခြင်း

ထင်းဖု'သည် အမြော်အမြင်ကြီးသူတစ်ယောက် ဖြစ်လေသည်။

သူသည် ခရီးဝေးသို့ ထွက်လာကတည်းက လိုအပ်သော ပစ္စည်းများကို စုဆောင်းသယ်ဆောင်လာခဲ့သည်။

သူသယ်ဆောင်လာသော ပစ္စည်းများသည် တံတားပြုပြင်ရာတွင် အလွန်အသုံးဝင်လေသည်။

သူတို့သည် ပျက်စီးနေသော တံတားအား အင်တိုက်အားတိုက် ပြင်ဆင်နေကြသည်။

သူတို့လူစု၏ အခြေအနေကို စောင့်ကြည့်နေကြသော ဓားဝိဇ္ဇာတို့လူစုသည် ဦးရှိထံသို့ သတင်းပို့လိုက်သည်။



ဦးရှိက ချက်ချင်းပင် တံတားရှိရာသို့ လာရောက်အကဲခတ် …သည်။

ထင်းဖု'တို့သူစုသည် တံတားကို အင်တိုက်အားတိုက် ပြင် …င်နေသည်ကို တွေ့သောအခါ သဘောကျစွာ ရယ်မောလိုက် …သည်။

သူက ဓားဝိဇ္ဇာနှင့် ဟန်လုတို့အား သေသေချာချာ မှာ …ကြားလိုက်လေသည်။

'မင်းတို့က တံတားပြင်နေတာကို သေသေချာချာကြည့်နေ …။ တံတားပြင်တာ သုံးချိုးနှစ်ချိုးပြီးတော့မှ ငါတို့ဝင်တိုက် …မယ်၊ သူတို့ တစ်ယောက်မှ မလွတ်စေရဘူး'

ဟန်လု မျက်မှောင်ကြုတ်လိုက်သည်။

'ကျုပ်တို့က သူတို့နဲ့ယှဉ်လိုက်ရင် အင်အားနည်းဘယ်း …တို့ကို ဟန့်တားလို့ရနိုင်ပါ့မလား'

ဦးရှိ လက်ကာပြလိုက်သည်။

'ဒီအတွက်တော့ ဘာမှမပူနဲ့၊ ကျုပ်ရဲ့စစ်သားတွေ ပို့ပေး …မယ်'

သူတို့ အားတက်သွားကြသည်။

'သူတို့ တော်တော်နဲ့ ရောက်လာနိုင်မှာမဟုတ်သေးပါဘူး၊ …မှာ ကျုပ်တစ်ညအိပ်မယ်၊ သူတို့ ဘာတွေလုပ်နေတယ် ဆို …ာ အကဲခတ်ပြီးမှ ကျုပ် ဘာလုပ်သင့်တယ်ဆိုတာ ပြန်ပြော …းကြတာပေါ့'

ဓားဝိဇ္ဇာ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com



'ဘော့ဂျင်းပါပြီ'

ထိုည ဝူရှိသည် မီမီပါလာသော ရှမ်းဖျင်တဲကို ဘာ… စမ်းရှု အနှစ်ယူလိုက်၏။

ထိုည တစ်ညလုံး တစ်ဖက် တံတားထိပ်မှ မီးတုတ်များ… ထွန်းထားပြီး တံတား ပြုပြင်နေသော အသံကို အတိုင်းသ… ကြားနေရလေသည်။

ဝ ဝ ဝ

နေ့စဉ်တစ်နေ့—

ထင်းဖုံတို့လူစုသည် တံတားကို အင်တိုက်အားတိုက်ပြင်… နေကြ၏။

စင်စစ်—

တံတားပြုပြင်နေသည်မှာ ဟန်ပြမျှသာ ဖြစ်၏။

တကယ်တော့—

အင်တိုက် အားတိုက် ပြင်ဆင်ခြင်း မရှိပါချေ။

ဝူရှိ၏ သေချာစေရန် နေ့စဉ်ထပ် တစ်ည တည်းခို… သည်။



ထိုညမှစဝင် ထင်းဖုံတို့လူစုသည် လူနှစ်ရာခန့်သာ ချန်ထားပြီး ဒုတိယလမ်းကြောင်းအတိုင်း တိတ်တဆိတ် ချီတက်ခဲ့လေသည်။

သူတို့သည် လမ်းတစ်လျှောက်၌ ထမင်းချိန် တစ်ချိန်သာ အနားယူပြီး ခရီးပြင်းနှင်ခဲ့လေ၏။

နေ့စဉ်တစ်နေ့ နံနက်တွင် ထင်းဖုံတို့သည် ချောင်း… တစ်ခု အနီးသို့ ရောက်ရှိလာကြသည်။

ထင်းဖုံက အားလုံးကို ဝေ့ကြည့်ပြီး အားပေးစကား ပြောသည်။

'ခင်ဗျားတို့ အပင်ပန်း ခံသားကြပါ၊ မရက လာဖို့နိုင်ကို ဖျက်ဆီးပြီးတာနဲ့ တောင်ပိုင်းနယ်စားကြီးကို သုတ်သင်ပစ်မယ်၊ ဒါဆိုရင် သိုင်းလောကကြီး တစ်ခုလုံး အေးချမ်းသွားပြီ'

လူ၏ စကားကြောင့် အဖွဲ့သားတို့ အားတက် လာကြလေသည်။

ထင်းဖုံက အားလုံးကို ဝေ့ကြည့်လိုက်၏။

'ကဲ—ကျုပ်တို့ ထမင်းစားကြမယ်၊ စားပြီးတာနဲ့ ခါးခုတ်ပြီး ပေါင်ဖွဲ့မယ်'

www.burmeseclassic.com



ထမင်းချိုင့်ရန် တာခန့်ယူထားသော အဖွဲ့မှလွဲ၍ ကျန်လူအားလုံး ခြေပစ်လက်ပစ် အနားယူလိုက်ကြ၏။

တစ်နာရီခန့် အကြာတွင် ထမင်းဟင်းများ အသင့်ပြင်ပြီးဖြစ်သည်။

လူတို့သည် ဆာလောင်နေကြသဖြင့် အားလုံး အားပါးတရ စားသောက်ကြသော်၏။

လူတို့သည် ခဏအနားယူပြီးနောက် ချောင်းစပ်ရှိ ဝါးများကို စတင်ခုတ်ကြ၏။

ဝါးများကို ထမ်းသူကထမ်း၊ ဖောင်ဖွဲ့သူကဖွဲ့နှင့် အလုပ်ရှုပ်သွားကြလေ၏။

ညနေခေါင်းအချိန်သို့ ရောက်သောအခါ ဖောင်များဖွဲ့ပြီးသွားသည်။

ထင်းဖုံးက အားလုံးကို ဆက်ငွေယမ်းပြလိုက်သည်။

'ကဲ…အားလုံး ဖောင်ပေါ်တက်ကြ'

လူအားလုံး ဖောင်ပေါ် တက်လိုက်ကြ၏။

အားလုံး ဖောင်ပေါ်ရောက်သွားသည်နှင့် ထင်းဖုံးကအမိန့်ပေးလိုက်၏။



'ထွက်မယ်ဟေ့'

ဖောင်များပေါ်ရှိ လူအားလုံးဝါးဖြင့် ထောက်၍ ချောင်းစပ်မှ ထွက်ခွာလာခဲ့ကြသည်။

—၆—

www.burmeseclassic.com

## သတိပေးစာ

---

နေရောင်ခြည် ထွက်ပေါ်လာပြီ ဖြစ်၏။

ဝှုရှိအ အိပ်ရာမှ နိုးလာပြီး အပျင်းတစ်ချက် ဆန့်လိုက်လေသည်။

ထိုနေ့၏

တံတားထိပ်သို့ လျှောက်သွားသည်။

တစ်ဖက်မှ တံတားပြင်နေသူများမှာ အလွန် အလုပ်ရှုပ်နေသည်။

ဝှုရှိအ တံတားထိပ် အနီးသို့ လျှောက်သွားပြီးနောက် ဝဲဖက်သို့ ချိုးကွေ့လိုက်၏။

ထိုနေရာ၌ ဆိုင်းဘုတ်တစ်ခု စိုက်ထူထားလေ၏။



ဤဆိုင်းဘုတ်အား ဝှုရှိ ရောက်သည့်နေ့က တစ်ကြိမ် ဖော ရောတ် ကြည့်ရှုခဲ့လေ၏။

နောက်တစ်ကြိမ် ထပ်မံ ကြည့်ရှုသွားသည်။

တံတားကို ဆောက်နေသော မေဝိဇ္ဇာနှင့် အန်လုတ္တိအား ဝှုရှိ ဆိုင်းဘုတ်ကို အကြိမ်ကြိမ် လာရောက် ကြည့်ရှုနေသည်ကို သတိပြုမိသည်။

သူတို့သည် ထိုဆိုင်းဘုတ်မှာ မည်သည့် ထူးခြားချက်ရှိသည်ကို သံသယဖြစ်၍ ကြည့်ရှုနေကြ၏။

သို့သော်

ထိုဆိုင်းဘုတ်သည် မည်သို့မျှ ထူးခြားချက် မရှိပါချေ။

သို့သော်

တတိယအကြိမ်မြောက် ဝှုရှိ လာကြည့်သော အခါတွင်မူ ထူးခြားချက် တွေ့နေရပြီ ဖြစ်၏။

အကြောင်းမှာ...

ထိုဆိုင်းဘုတ် ပေါ်တွင် မြားတစ်စင်း စိုက်ဝင် နေသော ကြောင့် ဖြစ်၏။

www.burmeseclassic.com



မြားပေါ်၌ စာရွက်ခေါက်လေး တစ်ချပ် ပါရှိနေ၏။

ခေးဝိဠ္စာနှင့် ဟန်လုတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

ဝူရှီက စာကို ဆွဲထုတ်လိုက်သည်။

ဟန်လုက မြားတံကို ဆွဲနုတ်လိုက်သည်။

ထိုနောက်

မြားပေါ်မှ စာရွက်ကို ဖြန့်၍ ဖတ်ကြည့်လိုက်၏။

'ဝူရှီ—

ရှင်တို့ အလှည့်စား ခံလိုက်ပြီ၊ ဒီတံတားကို ဟန်နှင့် သာ ဖြတ်ကြတာ၊ ရှင်တို့ တဏှာယ်လှုတ်သွား၊ တာ ဒုတိယ လမ်းကြောင်းပဲ—

'မိတ်ဆွေ'

'ဟင်'

ဝူရှီ မျက်နှာကွက်မနဲ့ ပျက်သွားသည်။

'ဒီကနေ ဆုတ်ကြမယ်'

ယူက ဆုတ်ခွာရန် အမိန့်ပေးလိုက်၏။

ဟန်လု ကြောင်အမ်းအမ်း ဖြစ်သွားသည်။



'ကျုပ်တို့ ပြန်ရမယ် ဟုတ်လား'

ဝူရှီ ခေါင်းညိတ်သည်။

'ဟုတ်တယ်'

ဟန်လု နားမလည်နိုင်အောင် ဖြစ်သွားသည်။

အံ့ဩသည့် အမူအယာဖြင့် မေးလာ၏။

'ဒီမှာ စောင့်တဲ့လူ အားလုံးကို ပြန်ခေါ်မယ် ဟုတ်လား'

ဝူရှီ ခေါင်းညိတ်သည်။

'ဟုတ်တယ်'

ဟန်လု ပို၍ အံ့ဩသွားသည်။

'ဒါဆို ဒီနေရာမှာ ဘယ်သူတွေ စောင့်ကျန်ခဲ့မှာလဲ'

'အရေးကြီးဆုံးက ဘယ်သူမှ စောင့်ရောမလိုဘူး။ အရေးကြီးဆုံးက ဒုတိယလမ်းကြောင်းကို အမြန်ဆုံး အရောက်သွားဖို့ပဲ'

ပြောဆုံးသည်နှင့် ချာခနဲ လှည့်ထွက် သွားလေတော့သည်။

ဝူရှီနှင့် ဟန်လုတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း အချိန်ဖြစ်သည်။

ထင်းဖုံတို့သည် ညနေခင်းအချိန်တွင်တစ်ဖက်ဆမ်းသို့ရောက်ရှိလာလေသည်။

ထိုနောက်

တောလမ်းအတိုင်း ဆက်လက် လျှောက်လာ ခဲ့ကြလေသည်။

သန်းခေါင်ယံ အချိန်သို့ ရောက်လာသောအခါ သူတို့သည် သေမင်းတောင်ကြားသို့ ရောက်လာကြသည်။

ထင်းဖုံက အနားယူကြရန် အချက်ပေးလိုက်၏။

ထိုနောက်—

မြေပုံကို ဖြန့်၍ ကြည့်ရှုလိုက်သည်။

မြေပုံ၌ ပါရှိသော လမ်းညွှန်အရ မရဏာလက်နက် ပုလုပ်သော စက်ရုံတည်သည့် တောင်ကြားလမ်းအဆုံးတွင် တည်ရှိနေသည်။

အတယ်၍—

အစောင့် အကြပ်များသည် တောင်နံရံ အတွင်းဘက်မှ အသင့်စောင့်တိုက်ခိုက်မည် ဆိုပါလျှင် ထိုစက်ရုံသို့ ရောက်ရန်မှာ အလွန်ခက်ခဲမည်ဖြစ် နားလည်လိုက်၏။



ထိုစက်ရုံသို့ သွားရန် လမ်းတစ်ခုသာ ရှိလေ၏။

သူတွေးထား၍သလို တိုက်ခိုက်လာမည်ဆိုပါက မိမိတို့တဖက်မှ အကျအဆုံးများမည်ကို ခန့်မှန်းသိရှိသည်။

ယခု—

သူသည် ဝူရှိတို့ လူစု မရောက်မီ စက်ရုံကို အသက်စွန့်ပြီး ဖျက်ဆီးရမည့်အလုပ်၍ အခြားနည်းလမ်း မရှိတော့ချေ။

ထို့ကြောင့်

သူတို့က မြေပုံကို ပြန်လည်၍ ခေါက်သိမ်း ထားလိုက်လေသည်။

—၀—

www.burmeseclassic.com

၄

## တိုက်ပွဲ

ထင်းဖူ ထိုင်ရာမှထရပ်လိုက်သည်။

လိုနေစဉ်

အားလုံးကို တစ်ချက်ကြည့်ကာ အမှတ်တမဲ့ ပြောလိုက်သည်။

'အခု လဏ်နက်စက်ရုံကိုသွားမှာ အလွန်ပဲ အန္တရာယ်ကြီးမားတယ်၊ ဒါပေမယ့် ကျုပ်တို့မရဏလဏ်နက်စက်ရုံကို ဖျက်ဆီးနိုင်ခဲ့ရင် သိုင်းလောကအရေးကြီးဟာ လှပလာတော့မယ်...'

ဆက်၍ ပြောသည်။



'ဒါကြောင့် တောင်ကြားထဲဝင်တာနဲ့အပြိုင်နှင်း ဘယ်လို အခက်အခဲမျိုးမဆို ရင်ဆိုင်တိုက်ခိုက်ပြီး မရဏလဏ်နက် စက်ရုံကို သွားကြပါလို့ မှာကြားလိုက်ချင်ပါတယ်'

စကားဆုံးလျှင် သူတာ ဓါးကြားမှ ဓားကို ဆွဲထုတ်လိုက်သည်။

'ခြမ်း'

အားလုံးသောလူများသည်လည်း ဓားကိုယ်စီဆွဲထုတ်လိုက်သည်။

ထင်းဖူ ဓားကိုရှေ့သို့ဦးတည်လိုက်သည်။

'တက်ကြဟေ'

သူ အမိန့်ပေးပြီး ရှေ့ဆုံးမှပြေးလွှားသွားပြီးတောင်ကြားလမ်းထဲသို့ ပြေးဝင်သွား၏။

'ဘျူး'

'တက်ဟေ'

အားလုံးသောလူများက ညာသံပေး၍ တောင်ကြားလမ်းထဲသို့ ပြေးဝင်သွားကြလေသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



ထင်းဖုံတို့ တောင်ကြားလမ်းကလေးသို့ ဝင်လိုက်သည်နှင့် တောင်ကြားလမ်း၏ တစ်ဖက်တစ်ချက်၌ စောင့်ကြပ်နေသော လက်နက်ကိုင်ရွှေသမားများလက်နှက်ကိုယ်စီ ကိုင်ဆောင်လျက် ပြေးဆင်းလာကြလေသည်။

ထင်းဖုံတို့က ကြိုးချိတ်ကိုဆွဲချလိုက်ကြ၏။

ပြင်းထန်သည့်တိုက်ပွဲမှာ ရုတ်တရက်ဖြစ်ပေါ်လာလေတော့သည်။

ထင်းဖုံနှင့်အတူ ချင်းဟုန်တို့ လူစုံလာသည်။ ရန်သူများကို အရကြမ်း တိုက်ခိုက်လိုက်ကြလေ၏။

သူတို့သည် အပြည်းပြည်းနှင့် ရှေ့သို့ ချီတက်လာနိုင်ခဲ့လေသည်။

တစ်နာရီခန့်အကြာ၌ ရန်သူများမှာ အတုန်းအရုန်းလဲ၍ သေဆုံးသွားကြ၏။

တိုက်ပွဲခေတ္တရပ်တန့်သွားသည်။

ထင်းဖုံက မိမိအဖွဲ့သားများကို စစ်ဆေးကြည့်ရှုရာ ရှစ်ဆယ်ခန့်ကျဆုံးပြီး တစ်ရာခန့်ဒဏ်ရာရရှိနေသည်ကို တွေ့ရလေသည်။



ဒဏ်ရာရသူများကို ဆေးထည့်ပေးခြင်း၊ အဝတ်[illegible] ပေးလိုက်၏။

ထိုနောက်

သူတို့သည်ရှေ့သို့ချီတက်ရန်ပြင်ဆင်လိုက်ကြသည်။

ထိုအချိန်

ရှမ်းရှမ်းက ကျောင်းကျောင်းအား မတွေ့ရသဖြင့် ထင်းဖုံအား မေးလိုက်သည်။

'အစ်ကိုထင်းဖုံ ကျောင်းကျောင်းတစ်ယောက် မတွေ့ရပါလား' သူလည်း ယခုမှသတိရလေသည်။

'ဟင်-ဟုတ်သားပဲ လိုက်ရှာဦးမှ'

ရှမ်းရှမ်းတို့က အလောင်းများကြားမှ ကျောင်းကျောင်းအား လိုက်လံရှာဖွေလိုက်သည်။

ထိုစဉ်...

ထင်းဖုံရောက်လာသည်။

'ကျောင်းကျောင်းကို တွေ့သလား'

သူမ ခေါင်းခါ၏။

'မတွေ့ဘူးအစ်ကို'

www.burmeseclassic.com

www.burmeseclassic.com



သူ မှုတ်မှောင်ကုပ်မိ၏။

'ဟုတ်ရဲ့လား'

တုံကူ ဝင်ပြောသည်။

'တိုက်ပွဲဖြစ်တုန်းကလည်း သူ့ကိုမတွေ့မိဘူး'

ထွန်းသာယဝင်သွားက

'သူ ပါမှပါလာသေးရဲ့လား'

'ကျုပ်တို့အဖွဲ့ဖွဲ့ပြီးကတည်းကမတွေ့မိဘူး'

ထင်းဖု ကွယ်ခန့် မျက်နှာပျက်သွားသည်။

'သူ ဘယ်မှာ ကျန်ခဲ့မှန်း မသိဘူးလား'

ထိုစဉ်—

အဖွဲ့သားတစ်ယောက် ရှေ့တိုးထွက်လာလေသည်။

'ကျောင်းကျောင်း လိုက်မလာတော့ဘူးလို့ ကျုပ်ကို မှာလိုက်ပါတယ်၊ ကျုပ်က သူ့ရဲ့မိတ်ဆွေပါ'

ထင်းဖု၏ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

'ဒါဖြင့် ဝူတာတားမှာ ကျန်ခဲ့သလား'

အဖွဲ့သားက—



'ဖြစ်နိုင်တယ်၊ ကျုပ်တို့ထွက်လာတုန်းက မတွေ့လိုက်ဘူး'

ထင်းဖု ဝါးစပ်ပိတ်ထားလိုက်၏။

ထိုစဉ်—

အဖွဲ့သားတစ်ယောက် ထပ်ရောက်လာသည်။

'ကျောင်းကျောင်းကို လိုက်ရှာနေတာလား'

ထင်းဖုံခေါင်းညိတ်၏။

'ဟုတ်တယ်'

အဖွဲ့သား ခေါင်းခါ၏။

'သူမှ မလိုက်လာတဲ့'

ရှမ်းရှမ်းက ထိုလူအားစေ့စေ့ကြည့်လိုက်၏။

'သေချာရဲ့လား'

အဖွဲ့သားကိုယ် ခေါင်းညိတ်လိုက်၏။

'သိပ်သေချာတာပေါ့'

သူက ထိုလူအားစိုက်ကြည့်လိုက်၏။

'ကျုပ်မေးရာရှိတယ် အမှန်အတိုင်းဖြေပါ၊ မင်း အောင်မြင်မတန် အရေးကြီးနေလို့ပဲ'

ထိုအဖွဲ့သားက ထင်းဖုကို ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာမေးမလို့လဲ'
ထင်းဖုံက အရေးကြီးသော လေသံဖြင့်မေးလေသည်။
'ကျောင်းကျောင်းက ဝူရိုတို့နဲ့အဆက်အသွယ်ရှိသလားခွ'
အဖွဲ့သား ခေါင်းညိတ်၏။
'သူတို့ပညာသင် မစ္စင်နွမပဲဟာ အဆက်အသွယ် ရှိတာ
ပေါ့'
'တော်'
ထင်းဖုံ ဒေါသတကြီးတဖက်ခေါက်လိုက်သည်။
သူ၏ အနားယူသော အမိန့်ကို ရုပ်သိမ်းလိုက်သည်။
'အားလုံးအမြန်ဆုံး ချီတက်ကြမှဖြစ်မယ်'
ထိုနေ့၏
သူတို့သည် လျင်မြန်စွာချီတက်လာခဲ့ကြလေသည်။

။ ၀ ။



---

ထင်းဖုံတို့လူစုတောင်ကြားထဲသို့တိုးဝင်လာသည်။
တောင်နံရံမှ ရန်သူများက မြားဖြင့်ပစ်သွင်းလာကြသည်။
'ဝှစ်...ဝှစ်...ဝှစ်'
လေတိုးသံများအဆက်မပြတ်ထွက်ပေါ်လာသည်။
'ရှီး'
ထင်းဖုံ အချက်ပေးလိုက်ရာ အဖွဲ့သားများ၏ အသင် ပေါ်လာသော ဒိုင်းမျှားဖြင့် အတားအကွယ်ယူကာ မြေပေါ်သို့ဝပ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝှိစ်…ဝှိစ်…ဝှစ်'

မြားတံများက လူတို့ထံ မိုးသီးမိုးပေါက်များပမာကျဆင်းလာခဲ့လေသည်။

သို့သော်

မြားတံများက ဒိုင်းများပေါ်သို့သာ ထိမှန်သွားသဖြင့် မည်သူမှမသေချေ။

အတန်ကြာ ပစ်ခတ်ပြီးနောက် မြားပစ်နေသူ များသည် မြားတံကုန်ဆုံးသွား၍ မပစ်နိုင်တော့ချေ။

'ရှိုး'

အချက်ပေးသံ ထွက်ပေါ်လာသည်။

ဝပ်နေကြသည့် သိုင်းသမားများသည် ဒိုင်းများကို ပြိုင်တူချ၍ တောင်နံရံပေါ်သို့ ပြေးတက်သွားကြလေသည်။

သူတို့သည် ဓားသည်တော်များကို ပြင်းပြင်းထန်ထန် ပြန်လည် တိုက်ခိုက်ကြရလေသည်။

ဓားသည်တော်များ အငိုက်မိသွားပြီး အတုန်းအရုန်းသေဆုံးကုန်လေသည်။

'ရှိုး'

အချက်ပေးသံထပ်မံထွက်ပေါ်လာသည်။

ထင်းဖုံ ဦးဆောင်သောလူများသည် တဟုန်ထိုး ပြေးလွှားသွားလေသည်။

* * *



'ခွပ်ခွပ်…ခွပ်ခွပ်'

'ခွပ်ခွပ်…ခွပ်ခွပ်'

မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာလေသည်။

စူးရှိသည် ရှေ့ဆုံးမှမြင်းကို ဒုန်းစိုင်းမောင်းလာသည်။

သူ့နောက်တွင် ဓားဝိဇ္ဇာတို့အဖွဲ့ ထပ်ကြပ်မကွာ လိုက်လာကြ၏။

ဝူရှိသည် ကျောင်းတော်၏ သတင်းပေးချက်အရ ဓားစင်းထင်တို့ ဒုတိယလမ်းဖြင့် ချီတက်လာမည်ဟုသိရှိလေသည်။

ထို့ကြောင့်…

အလျင်စလို ထွက်လာခဲ့ခြင်းဖြစ်လေသည်။

သူတို့ သေမင်းတောင်ကြားထဲသို့ ရောက်သောအခါ မိမိတို့ ရှေ့ဆီမှ လဲကျနေသော စီးသမားများ၏ အလောင်းများမှာ မြင်းမလောင်းအောင် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'မြန်မြန်သွားမယ်'

ဝူရှိက အော်ဟစ်၍ တောင်ကြားလမ်းအတိုင်း စီးဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းဖုတ်တိုလူစုသည် ရှန်သူများကို ချေမှုန်းနိုင်ခဲ့ပြီဖြစ်ရာ အားလုံး ဝမ်းသာပီတိဖြစ်နေကြလေသည်။

သူတို့သည် မရဏာလက်နက်စက်ရုံထဲသို့ ပြေးဝင်လာကြသည်။

စက်ရုံထဲ၌ မရဏာလက်နက် ပြုလုပ်နေကြသော အလုပ်သမားများရှိ၏။

အလုပ်သမားများကို အုပ်ချုပ်နေသော ရန်သူသိုင်းသမား ဆယ်ယောက်ခန့်ရှိလေ၏။

လူတို့သည် ထင်းဖုတ်တိုလူစု ဝင်လာသည်နှင့် ထိတ်လန့်သွားကြသည်။

သူတို့က ထွက်ပြေးရှန်ပြင်လိုက်၏။

သို့သော်

လူတို့သည် ထင်းဖုတ်တိုလူစုလက်ချက်ကြောင့် လဲကျသေဆုံးကုန်လေသည်။

●

အလုပ်သမားများ ထိတ်လန့်တုန်လှုပ်သွားကြ၏။

ထင်းဖု သက်ပြင်းတစ်ချက်ချလိုက်သည်။



'သူတို့ဟာ အပြစ်မရှိတဲ့လူခံတွေပဲဖြစ်မယ်၊ ဒါကြောင့် သူတို့ကို ချမ်းသာပေးလိုက်ကြပါ'

အလုပ်သမားများက ထင်းဖုအား ဦးညွှတ်လိုက်ကြလေသည်။

ထင်းဖုက အလုပ်သမားခေါင်းဆောင် ဖြစ်ဟန်တူသူကို မေးလိုက်၏။

'ဒီမရဏာလက်နက်ကြောင့် လူပေါင်းများစွာ ပြိုကွဲခဲ့နေတယ်၊ ဒါကြောင့် ဒီစက်ရုံကို ဖျက်ဆီးပစ်ချင်တယ်၊ ဘယ်လို ဖျက်ဆီးပစ်ရမလဲဆိုတာ လမ်းညွှန်ပေးပါလား'

အလုပ်သမားခေါင်းဆောင် ပြုံးလိုက်သည်။

'ဒါကလွယ်ပါတယ်'

သူက ပင်မစက်ကြီးကို ညွှန်ပြလိုက်၏။

'ဒီ ပင်မစက်ကြီးကို မီးရှို့ဖျက်ဆီးပစ်လိုက် ယနေ့ ဘာမှ လုပ်နိုင်မှာမဟုတ်တော့ဘူး'

ထင်းဖုက အဖွဲ့သားများကို လှမ်းကြည့်လိုက်၏။

'ဒါဖြင့် ပင်မစက်ကြီးကို အမြန်ဆုံး မီးရှို့ဖျက်ဆီးပစ်လိုက်ကြပါ'

အလုပ်သမားများနှင့် အဖွဲ့သားများက ပင်မစက်ကြီးကို တောင်မီးရှို့လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ

မီးခိုးလုံးများ အူထွက်လာခြင်း၊ မီးတောက်မီးလျှံများသည် စတင်လောင်ကျွမ်းလာ၏။

ထင်းဖုံက အတန်ကြာအောင်ကြည့်နေပြီးမှ ထွေဇီခွာရင် အမိန့်ပေးလိုက်သည်။

'အားလုံးထွက်ကြမယ်'

—၀—

## အန္တရာယ်နိမိတ်

ဝူရိုတို့လူစု တောင်ကြားလမ်းအဆုံးသို့ ရောက်လာသောအခါ စခန်းရုံတစ်ခုလုံး မီးဆွန်းဟုန်းတောက်လောင်နေသည်ကို တွေ့မြင်လိုက်ရသည်။

'ဟင် ...'

ဝူရို အလွန်ပင်ထိတ်လန့်သွား၏။

မကြာမီ

စခန်းရုံအတွင်းမှ ထင်းဖုံတို့လူစု ထွက်လာကြသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ယား'

'ဝူရှိတို့က ညစာသံပေးတော့ ထင်းဖိုအား တရကြမ်း တိုက်ခိုက်လိုက်ကြသည်။

'ယား'

ထင်းဖိုကလည်း ညစာသံပေးပြီး တိုက်ခိုက်လိုက်လေ၏။

ဤသို့ဖြင့်

ခါးဝိဇ္ဇာတို့လူစုနှင့် ချင်းဈာန်တို့လူစုသည် တစ်ဖက်နှင့် တစ်ဖက် သူသေကိုယ်သေ တိုက်ခိုက်လိုက်ကြသည်။

ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေ၏။

'ဝုန်း'

ထိုစဉ်—

ကြောက်မက်ဖွယ်ရာကောင်းသော ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာ၏။

မြေကြီးများ သိမ့်သိမ့်တုန်သွားသည်။

'ဟင်'



ဝူရှိ မျက်နှာပျက်သွား၏။

'မြန်မြန်နောက်ဆုတ်ပြေး'

သူက အော်ဟစ်အမိန့်ပေးလိုက်သည်။

ထိုကြောင့်

သူ၏လူများသည် ဆက်လက်တိုက်ခိုက်ခြင်း မပြုပါ။

နောက်ဆုတ် ပြေးသွားသည်။

ရှမ်းရှမ်းနှင့်တုကုတို့က လိုက်လံတိုက်ခိုက်မည်အပြု ထင်းဖိုက ဟန့်တားလိုက်သည်။

'မလိုက်နဲ့တော့၊ သူတို့မှာ ဘာအကြံအစည်ရှိလဲမှမသိဘူး'

မကြာမီ၊

ဝူရှိတို့လူစုသည် တောင်ကြားလမ်းမှ ထွက်ခွာပျောက်ကွယ်သွားလေ၏။

ထိုစဉ်—

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထပ်၍ ထွက်ပေါ်လာသည်။

'ဝေါ—ဝေါ—'

မြေကြီးများ ပို၍တုန်ခါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထင်းပုံ မျက်နှာမျက်ဆံသွား၏၊

‘ပြေးကြ၊ တောင်ကြားလမ်းထဲအလွတ်အောင်ပြေးကြ’

ထင်းပုံနှင့်အဖွဲ့သားများ ပြေးလွှားသွားကြသည်၊

ထိုစဉ်…

မြေကြီးများ အက်ကွဲလာသည်။

‘ဝေါ…ဝေါ…’

တောင်ကြားလမ်းတစ်ဖက်တချက်ရှိ နံရံများ ပြိုပြိုကျလာလေ၏၊

ကျောက်တုံးများ၊ မြေစိုင်မြေခဲများ၊ ကျောက်တုံးကျောက်ခဲများက သိုင်းသမားများအပေါ် ပြိုကျလာလေ၏၊

ထို့ကြောင့်…

ထင်းပုံ၏အဖွဲ့သားအတော်များများမှာ သေဆုံးကြကုန်သည်၊

ထင်းပုံတို့ တောင်ကြားလမ်းထဲမှ ပြေးထွက်လာပြီးနောက် ရှုတို့၏လူအတော်များများ တောင်ကြားထဲ၌ ပိတ်မိနေကြသည်၊



ရှုတို့က ထိုလူများအား မည်ကဲ့သို့ သံသယဝင်နေသည်ကို စဉ်းစားနေစဉ် တောင်ကြားလမ်းတစ်ခုလုံး မြေကြီးများပိအော ပျောက်ကွယ်သွားလေ၏၊

—ဝိ—

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာဖော်၏သွားရာလမ်း

အရာအားလုံး ပြန်လည်တိတ်ဆိတ်သွား၏။

ထင်းဖုံတို့လူစု စိတ်ပျက်စွာဖြင့် မြေကြီးပေါ် ထိုင်ချလိုက်သည်။

သူတို့သည် ဆောင်ပိ၍ သေဆုံးရသော အဖွဲ့သားများကို ရင်ထုမနာ ဖြစ်ခဲ့ရလေ၏။

ယခု...

ထင်းဖုံ ဆော့စစ်ကြည့်လိုက်သောအခါ အဖွဲ့ဝင်ငါးယောက် ချောချောသာ ရှိနေလေတော့၏။



ရှမ်းရှမ်းဟာ စိတ်ကိုမထိန်းနိုင်တော့ပဲ ချုံးပွဲချ ငိုကြွေးလိုက် လေ၏။

မည်သို့ဆိုစေ၊

သူတို့၏အဓိကရည်ရွယ်ချက်ဖြစ်သော မရဏာလတိုက်နယ်စစ်ရဲ့ပြိုကွဲပျက်စီးသွားပြီ မဟုတ်ပါလား။

ထင်းဖုံတို့သည် ခဏအနားယူနေစဉ် လူ၏လူများကိုခြင်း ခေါ်ဆောင်၍ လာလမ်းအတိုင်း ပြန်ဆုတ်လာခဲ့ကြသည်။

သူတို့လူစု ဖောင်ရှိရာသို့ ပြန်လည်ရောက်ရှိလာရာ ဖောင်များ မပျက်စီးဘဲ ကောင်းမွန်စွာရှိနေသေးသည်ကို တွေ့လိုက်ရလေ၏။

သူတို့သည် ဖောင်ပေါ်တက်ပြီး ရေစုန်အတိုင်း စီးဆင်းလာခဲ့လေ၏။

၀ ၀ ၀

ထင်းဖုံတို့ တံတားရှိရာသို့ ပြန်လည်ရောက်ရှိလာသည်။

မလိုအပ်တော့သဖြင့် ထင်းဖုံက လွှတ်အား တံတားပြုပြင်ခြင်းမှ ရပ်တန့်စေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ခေန်းချပြီးသောအခါ ကျောင်းကျောင်းတစ်ယောက်အဖော်ရာ ရရှိနေသည်ကို တွေ့ရလေ၏။

ရှမ်းရှမ်းက သူမထံ ချဉ်းကပ်သွားသည်။

'ညီမ...ဘယ်လို ဖော်ရာရလာသလဲဟင်'

ရှမ်းရှမ်းက မေးလိုက်၏။

ကျောင်းကျောင်းက ပြုံးလိုက်၏။

'မမတို့နဲ့လိုက်လာရင်း ပစ္စည်းတစ်ခုမေ့ကျန်လို့ ပြန်လာယူတာ၊ လမ်းမှာ ရန်သူငါးယောက်လောက်နဲ့တွေ့လို့ ဟိုက်ပွဲဖြစ်တယ်၊ ငါးယောက်စလုံးကိုနိုင်ခဲ့ပေမယ့် ကျွန်မ ဖော်ရာရသွားတယ်'

ထိုစဉ်...

ထင်းဖုံ ရောက်ရှိလာ၏။

သူက ကျောင်းကျောင်းဖော်ရာကို အကဲခတ်ပြီး မေးလိုက်သည်။

'ဒါနဲ့ မင်းက နေ့ဝက်လှည့်ပြန်ခဲ့တယ် မဟုတ်လား'

ကျောင်းကျောင်းက ခေါင်းညိတ်လိုက်၏။

ထင်းဖုံ မျက်မှောင်ကုပ်လိုက်၏။

'ဘာကြောင့် ကျုပ်တို့နောက်ကို ဆက်မလိုက်တာလဲ'

'ကျွန်မက ဖော်ရာနဲ့မို့ပါ'

ထင်းဖုံ ပါးစပ်ပိတ်ထားလိုက်၏။

သူ၏စိတ်ထဲတွင်တော့ နည်းနည်းမှ တွေဝေမကျဖြစ်နေမိသည်။

ဝ ဝ ဝ



တစ်ရက်။

နှစ်ရက်။

သုံးရက်။

သုံးမက်မှုသော အချိန်အတောအတွင်း ကျောင်းကျောင်း၏ဖော်ရာ လုံးဝ သက်သာပျောက်ကင်းသွားလေသည်။

သူတို့က ရန်သူ့သတင်းကို ခြေရာခံသော ခြေမြန်တပ်သားရောက်ရှိလာ၏။

ထင်းဖုံက မေးလိုက်သည်။

'ကိစ္စရှိပြီထင်တယ်'

'ဟုတ်တယ်'

'တောင်ပိုင်းနယ်စားကြီးရဲ့တပ်တွေ ဒီဘက်ကို ဦးတည်လာနေကြပြီ'

'ဟင်'

'ဟာ'

ထင်းဖုံတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

ထိုနောက်

သူက ချက်ချင်းပင် အစည်းအဝေးပွဲတစ်ခု ပြုလုပ်လိုက်လေသည်။

'ကျုပ်တို့ အခု ဘယ်လိုလုပ်ကြမလဲဆိုတာ အကြံပြုပေးပါ'

တုက မျက်မှောင်ကုပ်လိုက်သည်။

'ငါတို့က အင်အားနည်းနေပြီ၊ သူတို့နဲ့ ထိပ်တိုက်ရင်ဆိုင်လို့ မဖြစ်ဘူးထင်တယ်'

ကျောင်းယုံက ဝင်ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆုတ်နိုင်မယ့်လမ်း ရှိသလား'

ထင်းဖူ ခေါင်းခါယမ်းလိုက်သည်။

'အခု ကျုပ်တို့ ဆုတ်စရာဆိုလို့ ကုန်းတစ်ဝက်ရေတစ်ဝက် နေရာပဲရှိတယ်၊ ဒါကြောင့် နောက်ဆုတ်လို့ မဖြစ်နိုင်ဘူး'

ရှမ်းရှမ်းက တက်ကြွစွာဖြင့် ပြောလာ၏။

'ဆုတ်လို့မရဘူးဆိုရင် ရင်ဆိုင်ကြတာပေါ့'

ထင်းဖူ ခေါင်းညိတ်လိုက်၏။

'ဟုတ်တော့ မှတ်ပါတယ်၊ ဒါပေမယ့် ...သူတို့ကို ဘယ်လို လုပ်ရမယ်ဆိုတာ အကြံပေးပါဦး'

ကျင်းယို သက်ပြင်းတစ်ချက်ချလိုက်သည်။

'သူတို့လာရင် ငါတို့ ရှုံးချင်ရှုံးပါစေ၊ သူတို့ကို များများ သတ်နိုင်ခဲ့ရင် အရှုံးကျေတာဘဲမဟုတ်လား'

ချင်းဟုန်က တစ်ချက်စဉ်းစားပြီး ဝင်ပြောလာလေသည်။

'အခု ဘာမှ ဆက်မပြောနဲ့တော့၊ အချိန်လဲ သိပ်မရတော့ဘူး၊ သူတို့ကို နောက်ဆုံးချိန်အထိ တိုက်သွားရုံပဲ ရှိတော့တယ်'

ထင်းဖူ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်။ ဒီတာဘဲရှိတော့တယ်'

ထို့နောက်...

သူက ရန်သူများ ရောက်လာလျှင် ရင်ဆိုင်တိုက်ခိုက်ရန် စီမံခဲ့ပေးလိုက်သည်။

* * *



ချင်းဟုန်နှင့် သံလက်ဝါးတို့ ထမင်းစားခန်းသို့ ဝင်လာမိသည်နှင့် ကျင်းကျင်းတစ်ယောက် အခန်းထဲမှ သုတ်သီးသုတ်ပျာဖြင့် ထွက်သွားသည်ကို တွေ့လိုက်ရသည်။

ချင်းဟုန် မျက်မှောင်ကုတ်လိုက်သည်။

'ဒီမိန်းကလေးကြည့်ရတာ တစ်မျိုးပဲ'

သံလက်ဝါး ရယ်လိုက်၏။

'မိန်းမဆိုတာ ဘယ်လောက်ပဲသတ္တိရှိရှိ အကြောက်အလန့်တော့ ရှိကြတာပဲမဟုတ်လား'

သူတို့က စားပွဲတစ်လုံး၌ဝင်ထိုင်ချလိုက်၏။

သံလက်ဝါးက အရက်အိုးယူ၍အရက်ငှဲ့လိုက်သည်။

သူသည် ချင်းဟုန်အား အရက်ထည့်ပေး၏။

'ဒီတိုက်ပွဲမှာ ကျုပ်တို့ အသက်ရှင်ဖို့ အခွင့်အရေး သိပ်မရှိဘူး၊ ဒါကြောင့် မသေခင်ပျော်ပျော်ပါးပါး အရက်သောက်ရအောင်'

ချင်းဟုန် ရယ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်လဲ အရက်မသောက်တာ အနှစ်နှစ်ဆယ်ရှိပြီ'

သူတို့သည် တစ်ယောက်တစ်ခွက်သောက်ကြဆဲ ပြောဆိုနေကြသည်။

ရုတ်တရက်...

ခွမ်း

သံလက်ဝါးက စူးရှစွာ အော်ဟစ်ရင်း ဆက်ခနဲ ... သေဆုံးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်...'

သူ၏ စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့် သွားလေ တော့သည်။

သူ၏ ရင်ဝတစ်ခုလုံးပူဆွေးလာ၏။

'အဆိပ်'

သူ တီးတိုးရေရွတ်ယင်း မြေပေါ် လဲကျသွား၏။

သူတို့နှစ်ယောက်လုံး သေဆုံးပြီးချိန်တွင် ကျောင်းကျောင်း တစ်ယောက် ပြန်လည်ရောက်ရှိလာခဲ့လေသည်။

သူမသည် ချင်းဟုန်နှင့်သီလက်ဝါးတို့ သေဆုံးနေကြ သည်ကို မြင်လိုက်ရသောအခါ အလွန်စိတ်ပျက်သွား၏။

'ဒုက္ခပဲ ငါက ထင်းဖုန့်ရှမ်းရှမ်းကို သတ်ဖို့ အဆိပ်ခတ်ထားတာ အခုတော့'

သူမ ကြည့်နေစဉ် ခြေသံများထွက်ပေါ်လာလေသည်။

သူမသည် အပြင်သို့ထွက်လိုက်သောအခါ ထင်းဖုန့်နှင့်ရှမ်းရှမ်းကို တွေ့မြင်လိုက်ရလေသည်။

'ရှမ်းရှမ်းက ကျောင်းကျောင်း၊ ဟန်မူရာပျက်နေသဖြင့် မေးလိုက်သည်။

ကျောင်းကျောင်း ခေါင်းခါ၏။

'ဘာမှ မဖြစ်ပါဘူး'

သူမသည် ပြောပြီး ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်သွား လေသည်။

ထင်းဖုန့်က သူမအား သံသယ ဖြစ်သဖြင့် မျက်လုံးတို့ဖြင့် ကြည့်၍ အခန်းထဲသို့ဝင်သွားလေသည်။



သူတို့ ခြေလှမ်းပြိုင်တူရပ်လိုက်သည်။

သူတို့၏ မျက်နှာပေါ်တွင် ထိတ်သန့်ဟန် အထင်းသား ပေါ်နေ၏။

အခန်းကြောင်းမှာ...

ချင်းဟုန်နှင့်သီလက်ဝါးတို့မှာ ပါးစပ်နှာခေါင်းနားတို့မှ သွေးများစီးနေသည်ကိုတွေ့လိုက်ရ၏။ သူအံကြိတ်လိုက်၏။

'ရှမ်းရှမ်း မင်းဒီမှစောင့်နေ ငါလိုက်သွားမယ်'

သူက ယင်းသို့မှာကြားပြီး ကျောင်းကျောင်းနေရာ ပြေးလိုက်သွားသည်။ ကျောင်းကျောင်းသည် ကံဘားထိပ်ဖက်သို့ ပြေးသွား၏။

'တောက် တွေ့ကြသေးတာပေါ့'

သူက စားဆုံးလျှင် လေးနှင့်မြားကို ထုတ်ယူ လိုက်ပြီး မြားဖြင့်ပစ်ခွင်းလိုက်သည်။

'ဂွင်'

လေတိုးသံသဲ့သဲ့ တစ်ချက်ထွက်ပေါ်လာသည်။

သူ၏ မြားချက်သည် ပစ်မှတ်ကိုလွဲခဲ့လေသည်။

သူ၏မြားတံက ကျောင်းကျောင်း၏ နောက်ကျော ဖောက်ထွက် သွားလေသည်။

'ဂွတ်'

'အား'

ကျောင်းကျောင်းမှာ နာကျင်စွာ အော်ဟစ်ယင်း ချောက်ထဲသို့ ပြုတ်ကျသွားလေသည်။

'ဒါဟာ သစ္စာဖောက်တွေရဲ့ သွားရာလမ်းပဲ'

---o---

www.burmeseclassic.com

www.burmeseclassic.com

## အရှက်ဦးတိုက်ပွဲ

ထင်းဖုံတို့သည် ချင်းဗျူန်နှင့် သံလက်ဝါးတို့အား ကောင်း မွန်စွာ သင်္ဂြိုဟ်လိုက်သည်။

နေ့စက်တစ်နေ့…

မိုးလင်းလုလုအချိန်ဖြစ်သဖြင့် ထင်းသမားများအပေါ့ပေါ့ ဆဆ နေလိုက်ကြ၏။

ထိုစဉ်…

လူရိပ်သုံးခု ထင်းဖုံတို့စခန်းရှိရာသို့ တိတ်ဆိတ် ချဉ်းကပ် လာခဲ့သည်။

ထိုလူသုံးယောက်မှာခေါးဝိဇ္ဇာဟန်လုံနှင့်မျိုးအောင်တို့ဖြစ်၏။

သူတို့သည် ထင်းသမားများထံ ချဉ်းကပ်လာကြသည်။

ထင်းသမားလေးယောက်မှာ အသံပင် မထွက်နိုင်ပဲ ခေါး ဝိဇ္ဇာတို့၏သက်ချက်ကြောင့် သေဆုံးကြလေသည်။

ထိုနေ့စက်

ခေါးဝိဇ္ဇာတို့က ဒုတိယ ထင်းစခန်းသို့ တဖန်လာပြန်လေ၏။

ထိုအခါ…

သူတို့အား ထင်းသမားတစ်ယောက်က မြင်သွားပြီးအချက် ပေး သံချောင်းခေါက်လိုက်သည်။

'ခေါင်…ခေါင်…ခေါင်'



သံချောင်း ခေါက်သံ ဆူညံစွာ ထွက်ပေါ်လာသလေတော့ သည်။

ထင်းဖုံ ရှမ်းရှမ်း ကျောင်းယုံနှင့် ဘုကုတို့အိပ်ယာမှ အမန်း စတန်းပြေးထွက်လာကြသည်။

စခန်းတွင်းတစ်ခုလုံး အုံးအုံးကျွက်ကျွက် ဖြစ်ကုန် ကြလေ သည်။

ထိုအချိန်

မိုးဆင်းလစပြီဖြစ်သည်။

မြင်ကွင်းတစ်ခုလုံး ပိပိပြင်ပြင်ဖြစ်နေသည်။

ရှမ်းရှမ်းက ခေါးဆွဲထုတ်ပြီးခေါ ဝိဇ္ဇာနှင့်ယှဉ်ပြိုင်လိုက်သည်။

ထူအာ ရှမ်းရှမ်းအား ကူညီရန် ပြေးသွား၍ လိုက်လေသည်။

သို့သော်…

ချူးအောင်ကကြားဖြတ်တိုက်ခိုက်လိုက်သည်။

ထိုကြောင့်

ထူ မတတ်သာတော့ပဲ ပြန်လည်တိုက်ခိုက်လိုက်ရတော့ သည်။

ထိုစဉ်…

မြင်းဖြူရှင်တောင်စန်း ဦးဆောင်သေ အဖွဲ့ ရောက်ရှိလာ သည်။

သူတို့သည် တုကုနှင့်ကျောင်းယုံတို့အား ဝိုင်းရံတိုက်ခိုက်လိုက် ကြသည်။

တိုက်ပွဲမှာ အလွန်ပြင်းထန်လေသည်။

—၉—

www.burmeseclassic.com

www.burmeseclassic.com

## အဆုံးအဖြတ်

ရှမ်းရှမ်းသည် လူ့အလှန်လက်စားချေလိုသော မေဝိဇ္ဇာနှင့် ရင်ဆိုင်လိုက်ရပြီဖြစ်သည်။

သူမမှာ မေဝိဇ္ဇာနှင့်ရင်ဆိုင်ရပြီဖြစ်သည်မှန်၊ နေ့လည် လိုက်သည်။

ထို့ကြောင့်...

သူမမှာ အရိပ်မဲ့သိုင်းပညာကို အသုံးပြု၍တိုက်ခိုက်လိုက်၏။

မေဝိဇ္ဇာက သူမ၏သိုင်းပညာကို အထင်သေးနေ၏။

ရှမ်းရှမ်းမှာ အရိပ်မဲ့သိုင်းပညာကို ထုတ်ဖော်အသုံးပြုသော အခါ မေဝိဇ္ဇာသည် လက်ဝါးရိုက်ချက်မိသွားလေ၏။

'ဝုန်း'

'အား'

မေဝိဇ္ဇာသည် စူးရှစွာအော်ဟစ်ရင်း ကိုယ်ပျောက်ဆုတ် လိုက်၏။

သို့သော်...

မဟန်နိုင်တော့ဘဲ မြေပေါ်လဲကျသွားလေသည်။

ထိုအချိန်မှာပင်...

ထင်းဖုံ၏လက်ချက်ကြောင့် ချူအော့၏အော်သံနက်ကြီး ထွက်ပေါ်လာသည်။

'အား'



ချူအော့သည် ထင်းဖုံ၏ဓားချက်ကြောင့် မရှုမလှသေဆုံး သွားလေသည်။

'ဟင်...မေမေ'

ချူစန်ဏာ မိခင်သေဆုံးသွားသည်ကို တွေ့မြင်လိုက်ရသော အခါ သူမှာ စဉ်းစားခြင်းမပြုဘဲ ပြေးလွှားသွားသည်။

ထိုအခါ...

ထင်းဖုံက လက်တစ်ဖက်လှုပ်ရှားလိုက်၏။

'ဝှစ်'

လက်နက်ပုန်းတစ်ခုက ချူစန်၏လည်မျိုကိုစိုက်ဝင်သွား၏။

'အား...'

ချူစန်မှာ အော်ဟစ်ရင်းလဲကျသွားလေ၏။

'ဟင်'

ကောင်းလီမှာ သူ၏အဖော်များ သေဆုံးသွားခြင်းကြောင့် ထိတ်လန့်သွား၏။

ထို့ကြောင့်...

သူတွင် ဟာကွက်များဖြစ်ပေါ်လာ၏။

ကျွင်းယုံမှာ အခွင့်အရေးကိုအသုံးချလိုက်လေ၏။

သူက ဟာကွက်ပေါ်နေသော ကောင်းလီကိုဓားဖြင့်ခုတ်ချ၏။

'ဝှစ်'

'အား'

ကောင်းလီသည် စူးရှစွာအော်ဟစ်ရင်း အသက်နှင့်ခန္ဓာ ကိုယ် အိုးစားကွဲသွားလေသည်။

—ဝ—

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာဟူသည်

မြင်းဖြူရှင်ဆောက်စန်းမှာ မိမိလူများ အခြေအနေမလှ ဖြစ်နေသည်ကို တွေ့ရှိရ၍ တုကုကို တရကြမ်းတိုက်ခိုက်လိုက်၏။

တုကုက ကြိုးစားရှောင်တိမ်း၍ ပြန်လည်တိုက်ခိုက်လိုက်လေ၏။

ဆောက်စန်း၏လက်ဖဝါးသည် တုကု၏ရင်ဝကို တိုးဝင်သွားသည်။

'ဝုန်း...'

ကျယ်လောင်သောအသံနှင့်အတူ တုကုသည် အဝေးသို့လွင့်စင်သွား၏။

ရှမ်းရှမ်းမှာ မိမိ၏ဆရာအဘွားအတွက် ဒေါသချောင်းချောင်းထွက်သွားပြီး ဆောက်စန်းအား တရကြမ်းတိုက်ခိုက်လိုက်သည်။

ဆောက်စန်း၏သိုင်းပညာမှာ အလွန်ထူးခြားပြီး ထက်မြက်လေ၏။

ထို့ကြောင့်

သိုင်းဆယ်ကွက်အတွင်းမှာပင် ရှမ်းရှမ်းမှာ ဒဏ်ရာရပြီး မြေပေါ်လဲကျသွား၏။

'ဟား...ဟား...ဟား'

ဆောက်စန်းက သဘောတကျရယ်မောပြီး ရှမ်းရှမ်းကို အပြတ်ရှင်းရန် ရှေ့တိုးလာ၏။



ထိုစဉ်...

'ရပ်လိုက်'

အေးစက်ခန့်ညားသော အမိန့်သံတစ်ချက် ထွက်ပေါ်လာသည်။

'ဘင်'

ထိုအမိန့်သံကြောင့် ဆောက်စန်း၏ခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွား၏။

[illegible] ချက်ချင်း ဒူးထောက်ချလိုက်၏။

မကြာမီ...

ထိုနေရာသို့ ငွေရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ဦး ရောက်ရှိလာ၏။

ထိုလူမှာ ဆောင်ပိုင်းနယ်စားကြီး ဆောင်းထင်ပင်ဖြစ်လေသည်။

ရှမ်းရှမ်းသည် ဆောင်းထင်ကိုတွေ့သောအခါ တုန်လှုပ်သွားသည်။

သို့သော်...

ဆောင်းထင်က မသိမသာ ခေါင်းညိတ်ပြလိုက်၏။

○ ○ ○

တစ်အချိန်တွင်လည်း ဆောက်စန်း၏ အဖွဲ့သားများသည် ထင်းဖု ကိုယ်တိုင်ဦးဆောင်၍ တရကြမ်းတိုက်ခိုက်ရန် ပြင်ဆင်နေ၏။

ဆောက်စန်းက ဒူးထောက်ရာမှ ထရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'နယ်စားကြီး...သူတို့အားလုံးကို အလွှတ်ပေးလို့မဖြစ်ဘူး။ သူတို့ကြောင့် ကျူးရှဲလူတွေ အများအပြား ကျဆုံးကုန်ပြီ။ ဒီတော့ သူတို့အားလုံးကို သတ်မှဖြစ်တော့မယ်'

ကောင်းထင် ခေါင်းညိတ်လိုက်၏။

'မင်းဆန္ဒအတိုင်းဖြစ်စေရမှာပေါ့'

သူ၏စကားကြောင့် ကောက်စန်း ခေါင်းနပ်သွား၏။

သူက ရှမ်းရှမ်းကိုသတ်ပစ်ရန် လဏ်ဝါးကို မြှောက်လိုက်ပြီး ရိုက်ချလိုက်၏။

ရှမ်းရှမ်းမှာ မျက်လုံးစုံမှိတ်လိုက်သည်။

'ဝုန်း...'

'အား...'

ကျယ်လောင်သောအသံနှင့်အတူ ကောက်စန်း၏ခန္ဓာကိုယ် အရုပ်ကြိုးပြတ်လဲသွားသည်။

ရှမ်းရှမ်း အံ့သြသွားသည်။

အားလုံး အံ့သြသွားကြလေသည်။

ကောင်းထင်သည် အားလုံးကို ဝေ့ကြည့်လိုက်လေသည်။

မိမိဘက်မှလူများရော ကောက်စန်း၏လူများရော ထင်ဖိုတို့လက်ချက်ကြောင့် ကျဆုံးသွားပြီဖြစ်လေ၏။

ကောင်းထင် ပြုံးလိုက်သည်။

'ရှမ်းရှမ်း...မင်းအတွက် ကျုပ်အားလုံးကို စွန့်လွှတ်ခဲ့ပြီးပြီ'

သူ၏စကားကြောင့် ရှမ်းရှမ်း ခေါင်းငုံ့လိုက်သည်။

ကျင်းယုံဘိုက် ကောင်းထင်လှုပ်ရှားသည်နှင့် တိုက်ခိုက်ရန် အသင့်ပြင်ထားကြသည်။



ကောင်းထင် လက်ကာပြလိုက်သည်။

'ကျုပ်ကို တိုက်ခိုက်စရာမလိုတော့ပါဘူး'

သူ၏စကားကြောင့် အားလုံး ကြောင်အမ်းအမ်းဖြစ်သွားသည်။

ကောင်းထင် ပြုံးလိုက်သည်။

'ကျုပ် ဘာကြောင့် ပြောင်းလဲလာသလဲဆိုတာ ညီမရှမ်းရှမ်းသိ...'

သူ၏စကား တစ်ဝက်တပျက်ရပ်တန့်သွားသည်။

သူ၏ရင်ဝတွင် ဓါးတစ်ချောင်းစိုက်ဝင်သွားသည်။

ရှမ်းရှမ်းက ကောင်းထင်၏နောက်ကို လှမ်းကြည့်လိုက်သည်။

ထိုအခါ...

ကောင်းထင်၏နောက်တွင် ကောက်စန်းမှာ ခယိမ်းခယိုင်ဖြင့် ရပ်နေသည်ကို တွေ့ရသည်။

သူက ကောင်းထင်ကိုပြုံးပြလိုက်သည်။

'နယ်စားကြီး...ကျုပ်တို့ကို လူလည်ကျလို့ ဘယ်ရမလဲ'

သူ၏စကားမဆုံးမီ ရှမ်းရှမ်းက လက်ဝါးဖြင့် ရိုက်ချလိုက်သဖြင့် အဝေးသို့လွင့်စင်သွား၍ လဲကျသေဆုံးသွားလေသည်။

...၀...

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာဟူသည်

ကောင်းထင် မြေပေါ် လှဲချနေသည်။

ရှမ်းရှမ်းပွေ့ ထူလိုက်သည်။

သူ အားယူ၍ပြုံးလိုက်၏။

ထိုနေ့က

အိတ်ထဲမှ ပန်းချီအားစာစာချက်ကို ထုတ်ပြ လိုက်လေတော့သည်။

ပန်းချီကားထဲ၌ အသက်လေးဆယ်ခန့်ရှိသည့် ယောက်ျားတစ်ယောက်နှင့် ရှချင်းဆင်သော ကလေးနှစ်ယောက်ကို တွေ့လိုက်ရလေသည်။

ရှမ်းရှမ်း ပါးစပ်အဟောင်းသားဖြစ်၏။

'ဒါဆို ရှင်နဲ့ထင်းဖုတ'

'ဟုတ်တယ်၊ ကျုပ်တို့က ညီအစ်ကိုပဲ ထင်းဖုဆိုတာ ကျုပ်ညီအရင်းပါပဲ'

သူ၏စကားကြောင့် ထင်းဖုမှာ မယုံကြည်နိုင်အောင် ဖြစ်လေသည်။

ကောင်းထင်က ထင်းဖု၏လက်ကို ဆုပ်ကိုင်ဆွဲထားလေတော့သည်။

ညီလေး အစ်ကိုဒီအကြောင်းတွေ သိထားပြီးတဲ့ အချိန်အခါပြီး အစ်ကိုဟာ အေးအေးချမ်းချမ်းပဲ နေချင်တော့တယ်၊ ဒါပေမယ့် မြင်းဖြူချင်အောင်းစန်းတို့လူစုက မတရားမှု မှန်



သမျှလုပ်ပြီး အစ်ကိုအပေါ် အပြစ်ပုံချခဲ့တယ်၊ ဒါကြောင့်သူတို့ကို အခုလို ပရိယာယ်ဆင်ပြီး ချေမှုန်းလိုက်တာပေါ့'

ရှမ်းရှမ်းက ကောင်းယန်အား တွေ့ခတ္တလေး ကြည့်နေလေသည်။

ကောင်းယန် အားယူပြုံးလိုက်၏။

'ကျုပ် မရှိတော့တဲ့အချိန်မှာ ညီလေးနဲ့ ညီမလေးရှမ်းရှမ်းတို့ ချစ်ခင်စွာနေဆိုင်ကြပါလဲ အစ်ကိုမှာခဲ့ချင်တယ်'

ရှမ်းရှမ်းက ကောင်းထင်ကို စိုက်ကြည့်လိုက်သည်။

'အစ်ကို'

ကောင်းထင်း ပြုံးလိုက်၏။

'ညီမကို မေတ္တာသားဝင်နေတဲ့အစ်ကိုဟာ ဒီဘဝမှာရှိတော့မှာ မဟုတ်ပါဘူး'

'မပြောနဲ့တော့ အစ်ကိုရယ်'

ကောင်းထင်း၏ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်လာသည်။

'ညီမသာ အစ်ကိုတွေ့ကိုသိရှိနားလည်မယ်ဆိုရင် အစ်ကို ကျေနပ်ပါ'

သူ၏ စကားသံများတဖြည်းဖြည်းတိမ်ဝင်သွား၏။

'အစ်ကို'

ရှမ်းရှမ်း၏မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာလေသည်။

ထို့အတူ

ထင်းဖု၏ မျက်နှာပေါ်တွင်လည်း မျက်ရည်များစီးကျလာသည်။

www.burmeseclassic.com

ဇူဇာ တောင်းထင်းအားဖက်တွယ်ထားလိုက်ရာ ရင်ထဲမှ တီးတိုးရေရွတ်လိုက်၏။

'အစ်ကိုရယ် ကျုပ်တို့ တစ်သက်လုံးကွဲကွာနေတဲ့ ညီအစ်ကို ချင်း ပြန်ဆုံတွေ့ရပြန်တော့လည်း အစ်ကိုဟာသေဆုံးတယ်၊ ကျုပ် အပြစ်ဟာ ရင်နာစရာကောင်းလှပါတယ်'

ရှမ်းရှမ်း မျက်ရည်များသုတ်လိုက်ပြီး ထင်းဖုံ၏ လက်ကို ဆုပ်ကိုင်၍ အားပေးလိုက်သည်။

'သူဟာ အမြင့်မှန်ရသွားတာပေါ့အစ်ကိုရယ် အခု ကျွန်မတို့ သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာသွားပြီပေါ့'

ထင်းဖုံက ရှမ်းရှမ်း၏လက်ကို ပြန်လည်ဆုပ်ကိုင်ထားလိုက် သည်။

ထိုနေစဉ်.....

တစ်ယောက်မျက်နှာ တစ်ယောက် ရွှန်းရွှန်း စူးစူးကြီး စိုက်ကြည့်လိုက်ကြလေသည်။

(ဒုတိယဇာတ်သိမ်းပိုင်းပြီး၏)

တက္ကသိုလ်သီဟအောင်